
www.burmeseclassic.com



အောင်မြင်စာပေ

ဂ နှီး ရ ဆန်း ကြယ် လုံး ချင်း ဝ ထူ သစ်

# တြိသဉ် (၂)

## အချစ်သွေးနှင့် ဝင့်ကြွေးကြမ္ဘာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ဘာမှမရှိတာနှင့်စာလျှင် တစ်စုံတစ်ခု
ရှိနေခြင်းက ပိုကောင်းပါသည်။
သို့စေကာမူ...ထိုရှိနေသောအရာမှာ
အမှားတစ်ခု မဟုတ်ဖို့တော့ အရေးကြီးပါသည်။

- လောကတွင် အမှားနှင့် ကင်းသူမရှိပေ။
လူတိုင်း မှားတတ်ကြသော်လည်း
ထိုအမှားကို ဖက်တွယ်ထား၍ အဖန်တလဲလဲ
မကျူးလွန်မိဖို့ကတော့ အရေးကြီးလှပါသည်။

- သင်သည် အမှားတစ်ခုခု ကျူးလွန်မိ၍
"မှားမိပါတယ်" ဟု ဝန်ချတောင်းပန်လျှင်
ခွင့်လွှတ်နိုင်ကြသော်လည်း...
ထိုအခွင့်အရေးကို အခွင့်ကောင်းယူ၍
အကြိမ်ကြိမ် အခါခါ အမှားကို
ကျူးလွန်နေလျှင်တော့ မည်သူကမှ
ခွင့်လွှတ်နိုင်တော့မည် မဟုတ်ပေ။

- ကြင်ဖော်ကြင်ဖက်ဆိုတာ ပွဲကိုင်
သူနှင့် ကွန်ပစ်သူလိုပါပဲ။
လှေတစ်စင်းနဲ့ အတူသွားပြီး ပွဲကိုင်သူ
ကောင်းရင် ကွန်ပစ်သူက ငါးများများ ရပါတယ်။
ပွဲကိုင်သူ မကောင်းရင်တော့ လှေဦးက
ကွန်ပစ်သူ မကြာခဏ ရေထဲ ပြုတ်ကျနေမှာပါပဲ။

- အတွေးအခေါ် အယူအဆ သိပ်မြင့်လွန်းရင်
မိတ်ဆွေ အပေါင်းအသင်း နည်းနိုင်သလို...
အတွေးအခေါ် အယူအဆ သိပ်နိမ့်သွားသည့်
အခါမှာလည်း မိတ်ဆွေအပေါင်းအသင်း
နည်းစေနိုင်ပါတယ်။

- သင်သည် အမှားကင်းစင်သောသူတစ်ယောက်
ဖြစ်ဖို့ထက် အမှားတစ်ခုကို ကျူးလွန်မိလျှင်
ချက်ချင်းသိနိုင်အောင် ကြိုးစားခြင်းနှင့်
ချက်ချင်းပြင်နိုင်ရန် ကြိုးစားသူသာ
ဖြစ်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်နှင့်တစ်ယောက်
စွဲလမ်းမှုချင်း မတူသလို အယူအဆချင်း
လည်း မတူပေ။ ထို့အတူ ချစ်သူပေါ်မှာ
ထားသည့် သဘောထားချင်းလည်း တူကြမည်
မဟုတ်ပေ။ မိမိစွဲလမ်းမှုတွင် တစ်ဖက်သတ်
မကျဖို့သာ အရေးကြီးပါသည်။

လူတစ်ယောက်စီတွင် အသုံးဝင်သော
အသိဉာဏ်များရှိကြပါသည်။
ဘဝချင်း၊ အခြေအနေချင်း မတူသည်မှာ ထိုအသိ
ဉာဏ်ကို ထုတ်ယူအသုံးချတာခြင်း မတူသော
ကြောင့် ဖြစ်သည်။

အချစ်သည် သူ့သဘာဝအတိုင်း ရှိနေလျှင်
သာမန်မျှသာ ရှိနေသော်လည်း…အချစ်ကို
တန်ဖိုးထားတတ်သူနှင့် တွေ့လျှင်
တန်ဖိုးမြင့်တက်သွားသလို…အချစ်ကို
အလေးမထားတတ်သူ လက်ထဲ
ရောက်သွားလျှင်တော့ တန်ဖိုး
နည်းသွားတတ်ပါသည်။

အချစ်ဆိုတာ မိမိဘဝအတွက် အရေးကြီး
သော အစိတ်အပိုင်းတစ်ခုပါပဲ။
ထိုအချစ်နဲ့ ပတ်သက်လာတဲ့ ဘဝကြင်ဖော်
ဆိုတာလည်း အရေးကြီးတာပါပဲ။
အချစ်ကို တန်ဖိုးမထားရင် တန်ဖိုးရှိတဲ့
ဘဝကြင်ဖော်ဖက်ကိုလည်း ရမှာ မဟုတ်ပါဘူး။

ချစ်သူတွေအတွက် အချစ်ကြောင့် အချိန်ကုန်
တာမျိုး ရှိသင့်ပေသည်။
အချိန်ကြောင့် အချစ်ကုန်တာမျိုးတော့ ဘယ်သော
အခါမှ မဖြစ်ပါစေနဲ့။

စစ်မှန်တဲ့အချစ်ဟာ ချစ်သူကို ကောင်းစား
စေချင်တယ်။
စိတ်ကူးယဉ်အချစ်ကတော့ သူ့ရဲ့ဆန္ဒတစ်ခု
တည်းကိုပဲ ဦးစားပေးနေတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) စွဲလန်းမှုနိဒါန်း
အခန်း(၂) မျောက်နှင့် သဏ္ဍာန်တူသော မိုးဇာ
အခန်း(၃) နိမိတ်ဆိုးများနှင့်ဒဏ်ရာ
အခန်း(၄) အသားစားပဒ္မများ
အခန်း(၅) နေရာကောင်းမှ အန္တရာယ်များ
အခန်း(၆) ခွဲခွာခြင်းဟူသည်
အခန်း(၇) နာဂရွာမှ သတင်းဆန်း
အခန်း(၈) တောကြီးမာယာဝက်ပါ
အခန်း(၉) ထူးဆန်းသော ကျားနက်ရုပ်လက်ဆောင်
အခန်း(၁၀) နာဂခလေ့ဆန်းနှင့် အန္တရာယ်များ
အခန်း(၁၁) မရဏန္တံအိုင်လမ်း
အခန်း(၁၂) ငယ်ချစ်ပေါင်းနှင့် ပြန်လည်ဆုံစည်းရခြင်း
အခန်း(၁၃) လူခန္ဓာကိုယ်နှင့် မျောက်စိတ်ဝင်နေသူ
အခန်း(၁၄) အန္တရာယ်ထောင်ချောက်
အခန်း(၁၅) အမှောင်ရိပ်အတွင်းမှ ကယ်တင်ရှင်
အခန်း(၁၆) အဆက်ကလူစီ ခေါ်အသက်ရှည်ဆေးပ
အခန်း(၁၇) အတ္တအကျဉ်းသားဘဝ
အခန်း(၁၈) လူဝင်စားနိဒါန်း








### အခန်း(၁)

# စွဲလန်းမှုနိဒါန်း

အတိတ်ဆိုသောအရာသည် . . .

စိတ်၌ လျှို့ဝှက်စွာ ပုန်းခိုနေသောပုံရိပ်အချို့သာဖြစ်သည်။ ထိုပုံရိပ်ပေါင်းအချို့သည် စိတ်၏တစ်နေရာ၌ လျှို့ဝှက်စွာ ပုန်းခိုနေသော်လည်း အကြောင်းတိုက်ဆိုင်ပါက ခေါင်းထောင်လာလေ့ရှိသည်။

အများအားဖြင့်တော့ ပုံရိပ်ပေါင်းများသည် နှလုံးသားနှင့် ပတ်သက်သော အကြောင်းအရာများနှင့်သာ ဆက်နွယ်မှု



www.burmeseclassic.com

www.burmeseclassic.com



များခဲ့ပေသည်။

( အချစ်ဟူသည်. . .

တစ်ခါတစ်ရံ နှလုံးသားမှ မြစ်ဖျားခံလာသည်ဆိုစေကာမူ တစ်ခါတစ်လေမှာလည်း သူ့သဘော သူဆောင်လေ့ရှိသည်။

အချစ်သည် နှလုံးသား၏တစ်နေရာ၌ ပုန်းခိုနေလေ့ရှိသော်လည်း ရေစိမ်ထားသော သစ်စေ့များပမာ အချိန်တန်ပါက အမြစ်ထွက်လာရာ နီးစပ်ရာနေရာတစ်ခုကို ခြေကုပ်ယူကာ ကုပ်တွယ်ထားလေ့ရှိသည်။ )

နှလုံးသား၏တစ်နေရာ၌ ပုန်းခိုနေသော်လည်း အချစ်သည် အတိတ်၏အရိပ်များ လှုပ်နှိုးမှုကြောင့် နိုးထလာရသည်လည်း ရှိသည်။

ဒေါက်တာမင်းထင်ကျော်ရင်ထဲ၌ ငယ်စဉ်ကတည်းက ပုန်းခိုအမြစ်တွယ်နေသောစွဲလန်းမှုသံယောဇဉ်သည် အကြောင်းတိုက်ဆိုင်လာပါက မကြာခဏဆိုသလို ပြန်ပေါ်လာလေ့ရှိသည်။

အတိတ်မှ ပုံရိပ်များကို သယ်ဆောင်လာသောအတွေးစအချို့သည် တစ်ခါတစ်ရံ၌ မေရီခင်နှင့် ပတ်သက်သော အကြောင်းအရာများကို သယ်ဆောင်လာလေ့ရှိသည်။

ထိုအခါမျိုးတွင် ငယ်စဉ်က ဆုံစည်းခဲ့ရသော မေရီခင်၏မျက်နှာလေးကို ပြန်လည်မြင်ယောင်မိလေသည်။

ဝေးကွာသွားခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သော်လည်း သူမနှင့် ပတ်သက်လာလျှင် ရင်ထဲမှာ လတ်ဆတ်ပူနွေး





နေဆဲပင်။

မေရီခင်ကို သတိရလေတိုင်း သူ့လက်မောင်းတစ်နေရာ၌ သေရာပါသည်အထိ ရရှိခဲ့သော မီးလောင်ခံရသည့် ဒဏ်ရာကို စမ်းကြည့်နေမိသည်။

ထိုဒဏ်ရာသည် သူ့ဘဝအတွက် နှလုံးသားနှင့် ပတ်သက်လာလျှင် ပထမဦးဆုံး ဒဏ်ရာတစ်ခုဖြစ်သလို ဘယ်သောအခါမှလည်း မေ့ပျောက်၍ ရတော့မည်မဟုတ်ပေ။

လက်မောင်းတစ်နေရာတွင် မီးလောင်ခံရသဖြင့် ရရှိခဲ့သောဒဏ်ရာသည် သာမန်မျက်စိဖြင့် မမြင်နိုင်သော ဒဏ်ရာတစ်ခုပါ အပိုစုသွားသည်ကိုတော့ ထိုအချိန်က သူကိုယ်တိုင်ပင် သတိမပြုမိခဲ့ပေ။

ထိုဒဏ်ရာသည် နှလုံးသားတစ်နေရာ၌ လျှို့ဝှက်စွာ ပါသွားသော အချစ်ဒဏ်ရာပင်ဖြစ်၏။

( အချစ်နှင့် ပတ်သက်သော စွဲလန်းမှုသံယောဇဉ်သည် သာမန်အချိန်၌ မသိသာနိုင်သော်လည်း ဝေးကွာရသည့်အခါ နိုးထလာလေ့ရှိသည်။)

ခွဲခွာခြင်းသည် လျှို့ဝှက်နေသော သံယောဇဉ်ကို ပုတ်ခတ် လှုပ်နှိုးလေ့ရှိသလို မေရီခင်နှင့် အတူရှိနေစဉ်က ထိုအကြောင်းကို သတိမပြုမိသော်လည်း ဝေးကွာသွားသောအခါမှ သူမအပေါ် စွဲလန်းနှစ်သက်မှုများကို သတိပြုမိတော့သည်။

သို့သော် လွန်ခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ မေရီခင်တစ်ယောက် ဘယ်ဆီဘယ်အရပ်သို့ ရောက်နေသည်ကိုပင် မသိနိုင်တော့ပေ။

( အချစ်သည် အချိန်ကာလ ကြာမြင့်သော်လည်း နီးစပ်နေဆဲပင် ဖြစ်ရာ စွဲလန်းမှုသံယောဇဉ်က ဘယ်ဆီရောက် ဘယ်အရပ် ရောက်နေမှန်း မသိသူတစ်ယောက်ကို တမ်းတနေမိသည်။

လွမ်းဆွတ်နေမိသည်။

တစ်နေ့နေ့တချိန်ချိန်တွင် ပြန်ဆုံရလိမ့်ဦးမည်ဟုလည်း မျှော်လင့်နေမိသည်။ )

အတိတ်လွင်ပြင်ကို ဖြတ်သန်းလာသောပုံရိပ်အချို့သည် အတွေးအိမ်သို့ ဝင်ရောက်လာကြလေသည်။

ကြာတော့ ကြာခဲ့ပါချေပြီ။







အခန်း (၂)

## မျောက်နှင့် သဏ္ဌာန်တူသော မိုးဇာ

အနောက်ဖက်သို့ မျှော်ကြည့်လိုက်လျှင် မျက်စိတဆုံး ရှည်လျားလှသော ပုံတောင်ပုံညာတောင်တန်းကြီးများကို မြင်နိုင်ပေ၏။ ပုံတောင်ပုံညာတောင်ကြီးနှစ်လုံး တောင်နှင့်မြောက် အလျားလိုက် အတူယှဉ်တွဲ၍ ရှိနေသဖြင့် ကောင်းကင်မှ ငုံ့ကြည့်ပါက နဂါးကြီးနှစ်ကောင် အတူယှဉ်တွဲလျက် ရှိနေသယောင် ထင်နေရပေသည်။

ဂုင်းတောင်နှစ်လုံးမှာ တောင်ဘက် ငပဲမြို့အနီးမှ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက် ကလေးဝမြို့အနီးအထိ ရှည်လျားကာ အနောက်ဘက် နယ်နိမိတ်တွင် ရှိသော ချင်းရိုးမတောင်တန်းကြီးများနှင့် အပြိုင်သွယ်တန်းကာ ရှိနေလေသည်။

အရှေ့ဘက်၌ ရှိသောတောင်က ပုံတောင်ဖြစ်ပြီး အနောက်ဘက်၌ ရှိသောတောင်က ပုံညာတောင်ဖြစ်ပေသည်။

တစ်တောင်နှစ်တစ်တောင်၏ပျမ်းမျှအကွာအဝေးမှာ ရှစ်မိုင်ခန့် ကွာဝေးပြီး တောင်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားလေသည်။

ပုံတောင်သည် ပုံတောင်ပုံညာနယ်၏ တောင်ဘက်အစွန်ဆုံးအပိုင်းမှ စတင်၍ အမြင့်ပေ(၂၀၀၀)ခန့်ဖြင့် စတင်မြင့်တက်၍ တဖြည်းဖြည်းနှင့် မြင့်တက်သွားလေသည်။

ပုံတောင်၏ပျမ်းမျှအမြင့်ပေမှာ (၃၅၀၀)ပေခန့်မျှ ရှိပြီး အမြင့်ဆုံးနေရာအချို့မှာတော့ အမြင့်ပေ(၄၃၆၄)ပေအထိ ရှိလေသည်။

ပုံညာသည် ပျမ်းမျှအမြင့်ပေ(၃၀၀၀)ခန့်ဖြင့် စတင်၍ မြောက်ဘက်သို့ မြင့်တက်သွားရာ ပုံတောင်ပုံညာနယ်အဆုံးအထိ ရောက်လေသည်။ ယင်းတောင်၏အမြင့်ဆုံးနေရာဖြစ်သော ကြိမ်တောင်နေရာ၌ (၄၄၅၁)ပေအထိ အမြင့်ရှိသည်။

ထိုနေရာသည် ဂန့်ဂေါမြို့နယ်၏မြောက်ဘက်အစွန်ဘက်၌ ရှိလေသည်။

၎င်းနေရာတွင် တောင်နှာမောင်းနှစ်ခု ဖြာထွက်လျက်





ရှိရာ တစ်ခုမှာ ပုံညာတောင်မကြီးဖြစ်၍ အထက်ချင်းတွင်းနယ်ဘက်သို့ ထိုးဝင်သွားလေသည်။

ကျန်တစ်ခုမှာ 'အင်းတောင်' ဟု အမည်တွင်ပြီး အနောက်ဘက်သို့ သွယ်တန်းဆင်းသွားလေသည်။

ပုံတောင်ပုံညာတောင်များမှာ အဖိုးတန် ကျွန်းသစ်တောကြီးများ အပါအဝင် သယံဇာတ ပေါကြွယ်ဝသောနေရာများ ဖြစ်ကြလေသည်။ အဖိုးတန်ကျွန်းသစ်အပြင် အခြားသစ်ဝါးများအပါအဝင် ဆေးဖက်ဝင်အပင်များ၊ များစွာသော ဂမုန်းများ၊ လှပသော သစ်ခွပန်းအလှများလည်း ပေါကြွယ်ဝပေသည်။

ပုံတောင်ပုံညာမှ ဖြတ်သန်းစီးဆင်းလာသောမြစ်ချောင်းများတို့သည် အများအားဖြင့် ချင်းရိုးမတောင်တန်းကြီးများမှ မြစ်ဖျားခံလာခဲ့ပြီး ပုံတောင်ပုံညာကို ဖြတ်ကျော်ကာ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်များအတွင်းသို့ စီးဝင်ကြလေသည်။

သမိုင်းပညာရှင်များက ပုံတောင်ပုံညာရပ်ဝန်းဒေသကို လွန်ခဲ့သော နှစ်သန်းပေါင်း (၁၃၅)သန်းခန့်မှ စတင်၍ ပေါ်ပေါက်ခဲ့ကြသည်ဟု ခန့်မှန်းကြသည်။

ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ရိုးမတောင်တန်းကြီးနှင့် ရခိုင်ရိုးမတောင်တန်းကြီးတို့မှာ ထိုကာလမတိုင်မီကတည်းက တည်ရှိခဲ့ကြလေသည်။

လွန်ခဲ့သောနှစ်သန်းပေါင်း(၄၀)ခန့်အချိန်လောက်က ထိုနေရာတဝိုက်မှာ ပင်လယ်ပြင်ကြီးများ ရှိခဲ့ပြီး ချိုးခေတ်



www.burmeseclassic.com

www.burmeseclassic.com



လူသားတို့ မှီတင်းနေထိုင်ခဲ့သော အထောက်အထားများကို တူးဖော်ရရှိသော ရုပ်ကြွင်းများအရ သိရှိကြရသည်။

မည်သို့ပင်ရှိစေ. . .

ရှေးအခါက ပုံတောင်ပုံညာဒေသမှာ ကျွန်းသစ်နှင့် အခြားအဖိုးတန်သယံဇာတ ပစ္စည်းများ ပေါများသောနေရာ တစ်ခုဖြစ်သည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

သို့ကြောင့်လည်း မြန်မာနိုင်ငံကို မတရားတိုက်ခိုက် သိမ်းပိုက်ခဲ့ကြသော ဗြိတိသျှနယ်ချဲ့များက ကျွန်းသစ်အများ အပြား ထုတ်ယူရရှိနိုင်သည့် ပုံတောင်ပုံညာအရပ်ဒေသကို မျက်စိကျခဲ့ကြလေသည်။

၎င်းတို့သည် ပုံတောင်ပုံညာသစ်တောများနှင့် အနီးဆုံး ဖြစ်သော ဂန့်ဂေါ၌ သစ်တောအခြေစိုက်ရုံးများ ဖွင့်ကာ ကျွန်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြလေသည်။ မြန်မာ နိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များ မသိမ်းပိုက်မီအချိန်ကတည်းက မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကပင် သစ်တော ကောက်ရာ တံဆိပ်၌ “ကန့်ဂေါ” ဟု ထုရိုက်ရေးမှတ်သည်ကို ထောက်လျှင် ဂန့်ဂေါသည် ရှေးအခါကပင် ပုံတောင်ပုံညာ သစ် တောများအတွင်းမှ ကျွန်းသစ်နှင့် အခြားသစ်များကို ထုတ်ယူကြ ရာတွင် အဓိက ကျသောနေရာတစ်ခု ဖြစ်ခဲ့ပေသည်။

နောက်ပိုင်း ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်ခဲ့ပြီး (၁၂၅၀) ပြည့်နှစ်ရောက်သောအခါ ‘ဂန့်ဂေါ’(GANGAW)ဟု ပြောင်းလဲ





ခေါ်ဝေါ်ခဲ့ကြလေသည်။

ကန့်ကော်၊ ကန့်ဂေါ၊ ဂန့်ဂေါဟု အမည်အမျိုးမျိုး ပြောင်းလဲခဲ့သည်။

ရွာတည်စဉ်က နာရီတိုင်စိုက်သောအချိန်တွင် ကျားဟုံး (ကျားဟိန်း)လျက် ကောင်းချီးပေးလေသည်။

ကျားဟုံးသော အတိတ်နိမိတ်ကို ယူ၍ ဂန့်ဂေါသည် မြို့ဖြစ်အံ့၊ မာနကြီးအံ့၊ မာနကြီးသောသူများ ပေါက်ဖွားအံ့၊ ကျား ကဲ့သို့ မျက်မာန်ကြီးအံ့ဟု နိမိတ်ဖတ်ခဲ့ကြလေသည်။

(၁၂၅၀)ပြည့်နှစ်နောက်ပိုင်းမှစ၍ ဂန့်ဂေါဟု အမည် ဖြစ်ခဲ့သော ဂန့်ဂေါရွာကြီးမှာ နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် စည်ကားလာကာ မြို့အဖြစ် ပြောင်းလဲလာသည်။

အင်္ဂလိပ်များ အုပ်ချုပ်သော အချိန်ကာလတစ် လျှောက် အစိုးရရုံး သစ်တောရုံးမှာ ဂန့်ဂေါမြို့၏အရှေ့ဘက် ယွန်းယွန်း တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိလေသည်။

ထိုရုံးသို့ သစ်တောဝန်ထောက်တစ်ဦးဖြစ်သော မစ္စတာ ကက်နက်ကျော်ဆိုသူက လာရောက်၍ ရုံးထိုင်လေသည်။

၎င်း၏ဇနီးမှာ မစ္စစ်မေစီဖြစ်ပြီး ၎င်းတွင် သမီးတစ် ယောက်ရှိသည်။

သမီးမှာ (၁၀)နှစ်ခန့်သာ အရွယ်ရှိသေးပြီး ‘မေရီခင်’ ဟု အမည်ပေးထားကြသည်။

မစ္စတာကက်နက်ကျော်မှာ အင်္ဂလိပ်လူမျိုးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း မြန်မာခလေ့များကို လက်ခံပြီး မြန်မာလူမျိုးများနှင့် လက်ပွန်းတတီး နေထိုင်ခဲ့လေသည်။

ထို့ကြောင့်လည်း ဂန့်ဂေါမြို့၌ အင်္ဂလိပ်စာတတ်တစ်ဦးဖြစ်သော ဦးမင်းမောင်နှင့် ခင်မင်ရင်းနှီးမှု ရှိလေသည်။

၎င်းမှာ အသက်ငါးဆယ်အရွယ်ဝန်းကျင်ခန့်ရှိပြီး ဇနီးဖြစ်သူ မစ္စစ်မေစီမှာ အသက်(၃၀)အရွယ်ခန့်သာ ရှိသေးပြီး လှပချောမောသူတစ်ဦးဖြစ်ပေသည်။

မစ္စစ်မေစီမှာ ၎င်းထက် အသက်များစွာ ကွာခြားသော မစ္စတာကက်နက်ကျော်ကို လက်ထပ်သောရည်ရွယ်ချက်မှာ မစ္စတာကက်နက်ကျော် ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများနှင့် သစ်တောဝန်ထောက် ဟူသောရာထူးကို မက်မောသဖြင့် အနစ်နာခံကာ လက်ထပ်ခဲ့ခြင်းဖြစ်လေသည်။

ယခုအခါ သမီးတစ်ယောက်ပင် ရ၍ (၁၀)နှစ်အရွယ်ပင် ရောက်နေပြီဖြစ်သော်လည်း မစ္စစ်မေစီမှာ အပျိုအရွယ်တစ်ယောက်ကဲ့သို့ မွန်းမံပြင်ဆင်ကာ နေထိုင်ခဲ့လေသည်။

သူမအနေနှင့် အဘယ်ကြောင့် ထိုကဲ့သို့ မွန်းမံပြင်ဆင်၍ အစဉ်အမြဲ လှပအောင် နေသည်ကိုတော့ တစ်နေ့တစ်နေ့ အလုပ်ကိစ္စများနှင့်သာ အချိန်ကုန်နေသော မစ္စတာကက်နက်ကျော် တစ်ယောက်ကတော့ မသိခဲ့ရှာပေ။

မစ္စတာကက်နက်ကျော်က အလုပ်ကိစ္စနှင့် ရုံးမှာ နေရသောအချိန်များတွင် သူမသည် လက်အောက်အရာရှိငယ် တစ်





ယောက်နှင့် ဖောက်ပြားနေလေသည်။

"မောင်တို့ဘဝက ဒီလိုပဲ တိတ်တခိုးဘဝနဲ့ပဲ နေသွားရတော့မှာလား မေရယ်"

"အို. . မောင်ကလည်း၊ မေလည်း ဒီလို မလွတ်မလပ်ဘဝနဲ့ ဘယ်နေချင်ပါ့မလဲ၊ လက်ဖက်ကောင်း စားချင်ရင် တောင်တက်နေ့ရတယ်ဆိုတဲ့စကားလို အခွင့်အခါသာတဲ့အချိန်အထိ တော့ စောင့်ရဦးမှာပေါ့"

"ဘယ်လို အခွင့်အခါမျိုးလဲ မေရဲ့"

"ဒီလောက် အသက်အရွယ်ကွာတဲ့ ယောက်ျားကို အနစ်နာခံပြီး ယူရတာ တမင်ယူချင်လို့ ယူရတာမှ မဟုတ်တာ၊ သူပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေ အများကြီး ရှိတယ်၊ အဲဒီပစ္စည်းတွေကို ရပြီးမှပဲ ထွက်သွားကြတာပေါ့"

"အဲဒီပစ္စည်းတွေက ဘယ်မှာ ထားတာလဲ"

"သူက မေ့ကို အသိမပေးဘဲ ဝှက်ထားတော့ မသိရသေးဘူး၊ အခုတော့ နည်းနည်းရိပ်မိသလို ရှိပါပြီ၊ အဲဒီတော့ အချိန်ကလေး နည်းနည်းစောင့်ပြီး အဲဒီပစ္စည်းတွေ ရမှပဲ ထွက်သွားကြတာပေါ့. . . မကောင်းဘူးလား"

"ကောင်းပါတယ်ဗျာ. . . ကောင်းပါတယ်၊ ဒါကြောင့်လည်း မေလေးကို ချစ်နေရတာပေါ့"

ဟု ပြောကာ ထိုလူက မစ္စစ်မေစီ၏ကိုယ်ကလေးကို ဆွဲဖက်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဒီလိုမကဲနဲ့လေ၊ တော်ကြာ သူများတွေ မြင်သွားပြီး ဟိုလူကြီးကို သွားပြောလိုက်မှ အကြံအစည် မမြောက်ဘဲ ဒုက္ခများနေပါဦးမယ်"

ဟု ညုတုတုလေသံမျိုးဖြင့် ပြောကာ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်လေသည်။

ထိုမြင်ကွင်းကို အခန်းပေါက်ဝမှာ ရောက်နေသော မေရီခင်မှာ တွေ့မြင်သွားပြီး စိတ်ထဲမှာ နားမလည်နိုင်အောင်ပင် ဖြစ်သွားလေတော့သည်။

အခန်းထဲမှ အပြင်သို့ ပြန်ထွက်လာသော ထိုလူက အပေါက်ဝမှာ ရပ်နေသော မေရီခင်ကို မြင်သောအခါ အနည်းငယ် ဟန့်သွားလေသည်။ နောက်မှ ဟန်မပျက် ပြုံး၍ မေရီခင်၏ ဦးခေါင်းကို ပုတ်၍ နှုတ်ဆက်ကာ အပြင်ဘက်သို့ ထွက်သွားလေသည်။

မေရီခင်မှာ ထိုနေရာ၌ ရပ်မြဲရပ်နေရာ မစ္စစ်မေစီက တွေ့မြင်သွားသဖြင့် ဖရိုဖရဲ ဖြစ်နေသော အဝတ်အစားများကို အနည်းငယ် ပြုပြင်၍ အခန်းပြင်သို့ ထွက်လာသည်။

"ဟဲ့. . မေရီ၊ နင့်ကို အခန်းထဲမှာ အိပ်နေလို့ မှာထားရက်နဲ့ ဘာကြောင့် အပြင်ရောက်နေတာလဲ"

"သမီး မအိပ်ချင်သေးဘူး မာမီ"

ဝိုသံပါလေးနှင့် ပြန်ပြောလိုက်သည်။

"နင်က ငါပြောတဲ့စကားဆိုရင် ဘယ်တော့မှ နား





မထောင်ချင်ဘူး၊ နင့်အဖေပြောတဲ့စကားမှပဲ အလေးထားတယ်၊ ဒါကြောင့် နင်တို့ကို ငါမချစ်တာ၊ သွား. . . မအိပ်ချင်သေးရင် အပြင်မှာ သွားနေ"

ဟု လေသံမာမာဖြင့် ပြောလိုက်သဖြင့် မေရီခင်မှာ မျက်ရည်အဝိုင်းသားဖြင့် အပြင်ဘက်သို့ ထွက်လာရလေသည်။

သူမတို့ နေသော မြို့အပြင်ဘက် တောင်ကုန်းတစ်ခုပေါ်၌ ရှိပြီး သစ်တောဝန်ထမ်းများ၊ အလုပ်သမား နေထိုင်သော နေအိမ်တန်းလျားများစွာတို့ ရှိကြလေသည်။

ထိုနေရာတစ်ဝိုက်ကို သစ်လုံးတိုင်များ၊ သံဆူးကြိုးများဖြင့် ခြံဝန်းကျယ်ကြီး ခတ်ထားသဖြင့် 'သစ်တောကြိုးဝိုင်း' ဟုပင် အလွယ်တကူ ခေါ်ကြသည်။

ခြံဝန်းမှာ အတော်ကျယ်ဝန်းပြီး သစ်တောစခန်းမှ ထုတ်ယူထားသော ကျွန်းသစ်လုံးများနှင့် သစ်ခိုးသမားများထံမှ ဖမ်းဆီးရမိသော ကျွန်းသစ်လုံးများကို စုပုံထားလေသည်။

ကျွန်းသစ်လုံးတိုင်းကို ဂန့်ဂေါအမှတ်တံဆိပ် ပါသော သစ်တောတံဆိပ်များ ရိုက်နှိပ်ထားသည်။

ဝန်ထောက်မင်း နေသောအိမ်ကြီးမှာ တောင်ကုန်း၏ အရှေ့ဘက် တောင်ကုန်းထိပ်နေရာတွင် ဘန်ဂလိုပုံစံ ဆောက်လုပ်ထားသည်။ အိမ်မှာ သီးခြားဆောက်လုပ်ထားပြီး နေရာမှာလည်း အတော်ကျယ်ဝန်းလှသည်။

မေရီခင်မှာ ခြံဝန်းထဲသို့ ထွက်လာပြီး ဝက်သစ်ချပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်၌ ရှိသော ခုံတန်လျားကလေးပေါ်မှာ ဝင်ထိုင်လိုက်သည်။

ထိုနေရာမှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လျှင် ပုံတောင်ပုံညာ တောင်တန်းကြီးများကို လှမ်းမြင်နေရသည်။

မြူခိုးများ ရစ်သိုင်းလျက်ရှိသော ပုံတောင်ပုံညာတောင်တန်းကြီးများမှာ အစိမ်းရောင်ဝတ်ရုံများကို လွှမ်းခြုံထားလျက် မှိုင်းမှိုင်းညို့ညို့ ရှိနေကြလေသည်။

မေရီခင်က မျက်ရည်ဝေ့သော မျက်ဝန်းဖြင့် တမျှော်တခေါ် မြင်နေရသော တောင်တန်းကြီးများ ရှိရာသို့ ငေးကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

စိတ်ထဲတွင်လည်း. . .

"မာမီက ငါတို့အပေါ် ဘာကြောင့် မချစ်တာလဲ မသိဘူး"

ဟု တွေးနေမိသည်။

ထိုအခိုက်မှာပင် သူနှင့် ကစားဖော်ဖြစ်သော 'မိုးဇာ' ဆိုသော မိန်းကလေး ရောက်လာသည်။

မိုးဇာက တောအုပ်ကြီး ဦးထွန်းမောင်၏သမီးဖြစ်ပြီး မေရီခင်ထက် အသက်နှစ်နှစ်ခန့် ငယ်လေသည်။

သို့စေကာမူ သူမ၏လက်တံခြေတံများကတော့ သာမန်ထက် အနည်းငယ် ပိုရှည်နေသယောင် ထင်ရလေသည်။

မိုးဇာကလေး မွေးစက မျောက်ကလေးတစ်ကောင်နှင့်





ပုံသဏ္ဍာန်တူပြီး တစ်ကိုယ်လုံး အမွေးရှည်များ ပါလာသောကြောင့် အားလုံး၏လှောင်ပြောင်ခြင်းကိုပင် ခံခဲ့ရသည်။

"တောအုပ်ကြီး ဦးထွန်းအောင် မိန်းမက မွေးတဲ့ကလေးက မျောက်ကလေးနဲ့ အတော်ကလေး တူတယ်တဲ့"

"တူမှာပေ့ါ. . . တောအုပ်ကြီးက တောတက်သွားတိုင်း မျောက်တွေကိုချည်း ပစ်သတ်စားနေမှတော့ မွေးလာတဲ့ကလေးကလည်း မျောက်နဲ့ တူလာတာ ဘာဆန်းသလဲအေ"

"ဟုတ်တယ်နော်. . . သူက မျောက်သားအရမ်းကြိုက်တော့ မျောက်တွေကို အမြဲသတ်စားတာပဲ၊ မျောက်တွေကတော့ သူ့ကို အငြိုးထားမှာ သေချာတယ်"

ဟု မှတ်ချက်ပေးကြသည်။

မိုးဇာကလေးမှာ မွေးစက မျောက်နှင့် သဏ္ဍာန်တူသလို လေးငါးနှစ်အရွယ် ရလာတော့လည်း ကိုယ်ပေါ်တွင် အမွေးအမျှင်များ မရှိတော့သော်လည်း အသားအရေနှင့် ပုံပန်းသဏ္ဍာန်မှာ မျောက်တစ်ကောင်နှင့် ပုံပန်းသဏ္ဍာန် တူနေသေး၏။

သို့ကြောင့် အချို့က နာမည်ကိုပင် မခေါ်တော့ဘဲ "မျောက်မလေး" ဟုပင် ချစ်စနိုး ခေါ်ကြလေသည်။

မိုးဇာမှာ အနည်းငယ် အရွယ်ရလာသောအခါ အခြားကလေးအပေါင်းအဖော်များနှင့် ခင်ခင်မင်မင် မနေသော်လည်း မေရီခင်တစ်ယောက်ကိုတော့ ခင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်ချင်းမှာလည်း မဝေးလှသဖြင့် မေရီခင် ရှိရာသို့ သာ လာရောက်၍ ဆော့ကစားတတ်လေသည်။

ယခုလည်း မေရီခင်တစ်ယောက်တည်း ခုံတန်းလျား ပေါ်၌ ထိုင်နေသဖြင့် ရောက်လာခြင်းဖြစ်သည်။

"အစ်မလေး. . . ဘာဖြစ်လို့ ဒီမှာ လာထိုင်နေတာလဲ ဟင်"

"ငါ အိမ်ထဲမှာ မနေချင်လို့ အပြင်မှာ လာထိုင်နေတာ ပါ"

"အိမ်မှာ မနေချင်ရင် မိုးဇာနဲ့ တောထဲ လျှောက်လည် ကြမလားဟင်"

"ဒီလိုတော့ မသွားဝံ့ပါဘူးဟယ်. . . ကြောက်စရာကြီး"

"ဘာကြောက်စရာရှိလို့လဲ အစ်မလေးရဲ့"

"တောထဲမှာ ကျားတွေ ဆင်တွေ ရှိတာ ကြောက်ရတာ ပေါ့"

"ကျားတွေ ဆင်တွေ တွေ့တာပဲ၊ ဘာကြောက်စရာ ရှိသလဲ၊ သစ်ပင်ပေါ် တက်ပြေးမှာပေါ့"

"ငါမှ သစ်ပင်မတက်တတ်တဲ့ဟာ"

"မိုးဇာ ပွေ့ခေါ် သွားမှာပေါ့'

"နင်က သစ်ပင်တက်တတ်လို့လား"

"တက်တတ်တာပေါ့. . . အစ်မလေး မယုံရင် မိုးဇာ ဟိုသစ်ပင်ပေါ် တက်ပြမယ်"





"မလုပ်ပါနဲ့ဟယ်. . လိမ့်ကျလို့ သေနေပါဦးမယ်"

"မကျပါဘူး အစ်မလေးရဲ့၊ ဒီကနေ ကြည့်နေ"

ဟု ပြောဆိုကာ မလှမ်းမကမ်းရှိ ဝက်သစ်ချပင်ကြီး တစ်ပင်ရှိရာသို့ ပြေးသွားကာ အရွယ်နှင့် မမျှအောင် ပေါ့ပါး လျင်မြန်စွာ အပေါ်သို့ ဖက်တက်သွားသည်။

အပင်ပေါ်သို့ ရောက်သောအခါ သစ်ကိုင်းများကို ဆွဲပြီး အပေါ်သို့ တက်သွားရာ ခဏကြာတော့ သစ်ရွက်များကြား ရောက်သွားပြီး သူမကို လှမ်းမမြင်ရတော့ပေ။

အတန်ကြာတော့မှ. . .

"အစ်မလေး"

ဟု ခေါ်သံကြားသဖြင့် အပင်ပေါ်သို့ မော့ကြည့်လိုက် သောအခါ သစ်ပင်ထိပ်ဖျားရှိ သစ်ကိုင်းတစ်ခုပေါ်မှာ တက်ထိုင် နေသော မိုးဇာကို လှမ်းမြင်ရလေသည်။

"ဟဲ့. . . မိုးဇာ၊ အပေါ်က ပြုတ်ကျလိမ့်မယ်၊ မြန်မြန် ပြန်ဆင်းလာခဲ့"

မေရီခင်က လှမ်းအော်သော်လည်း သစ်ပင်ထိပ်ဖျား ပေါ် ရောက်နေသော မိုးဇာက လက်ကလေး လှမ်းပြသည်။

အပေါ်ထိပ်ဖျား ရောက်နေသော မိုးဇာတော့ မည်သို့ရှိ နေသည် မသိပေ။

အောက်မှ လှမ်းကြည့်နေသော မေရီခင်မှာ ရင်သမမ နှင့် စိုးရိမ်ထိတ်လန့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ မိုးဇာက သစ်ပင်ထိပ်ဖျားပေါ်မှ ကျင်လည်စွာ ပြန်ဆင်းလာသည်။

သူမ ဆင်းလာပုံမှာ လူတစ်ယောက် ဆင်းလာသကဲ့သို့ နှေးနှေးကွေးကွေး မဟုတ်လှဘဲ မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာ ဆင်းလာခြင်းဖြစ်သည်။

သူသည် သစ်ကိုင်းများကို လက်ဖြင့် ဆွဲကိုင်ကာ တွဲလောင်းခို၍ ဆင်းလာခြင်းဖြစ်သည်။

သစ်ပင်အလယ်လောက် ရောက်သောအခါ သစ်ပင်ကိုင်း၏အဖျားတစ်နေရာ၌ ပွင့်နေသော သစ်ခွပန်းခိုင်များအား မိုးဇာက လှမ်းမြင်သွားလေသည်။

"အစ်မလေး. . . သစ်ခွပန်း ယူမလား၊ မိုးဇာ ခူးပေးမယ်လေ"

သူမလှမ်းပြသည့်နေရာကို ကြည့်လိုက်သောအခါ သစ်ခွပန်းခိုင်များက ထိုကိုင်း၏အဖျားဘက်၌ ရှိနေခြင်းဖြစ်သည်။

ထို့ပြင် သစ်ပင်ကိုင်းမှာ အခြားသစ်ပင်ကိုင်းများနှင့် နီးစပ်မှု မရှိလှပဲ တစ်ကိုင်းတည်း ထွက်နေသော သစ်ကိုင်းဖြစ်လေသည်။

"ဟဲ့. . . မိုးဇာ ပြန်ဆင်းလာခဲ့၊ ဒီလောက်အန္တရာယ်များတဲ့ပန်းတွေကို ငါမလိုချင်ဘူး"

"ရပါတယ် အစ်မလေးရဲ့၊ ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်မ





ခူးလာခဲ့ပါ့မယ်"

ဟု ပြောကာ ထိုသစ်ပင်ကိုင်းပေါ်သို့ လေးဖက်ထောက်ကာ သွားလေသည်။

သစ်ကိုင်းမှာ ထွားဆိုင်ခန့်သာ အရွယ်ရှိသောကြောင့် လူတစ်ယောက်၏အလေးချိန်ကို ခံနိုင်ဖို့ စိတ်မချရပေ။

အကယ်၍ ကျိုးကျသွားပါက ထိုလောက်အမြင့်မှ ပြုတ်ကျလျှင် အသက်အန္တရာယ်ပင် ရှိနိုင်လေသည်။

မေရီခင်က အော်ပြောနေသည့်ကြားမှ မိုးဇာက သစ်ခွပန်းရှိရာ သစ်ကိုင်းများသို့ လေးဖက်ထောက်ကာ သွားနေလေသည်။

အရင်းပိုင်းတုန်းက မသိသာလှသော်လည်း အလယ်လောက် ရောက်သောအခါ သစ်ကိုင်းက လူအလေးချိန်ကြောင့် လှုပ်ခါလာသည်။ အောက်သို့ ကိုင်းညွတ်ကျလာသည်။

အောက်မှ လှမ်းကြည့်နေသော မေရီခင်က ရင်တုန်လှပြီဖြစ်သော်လည်း မိုးဇာကတော့ သစ်ကိုင်းကို လက်နှစ်ဖက်ဖြင့် မြဲမြဲစွာ ဖက်တွယ်လျက် ရှေ့သို့ တရွေ့ရွေ့ သွားနေလေသည်။

အဖျားဘက် ရောက်လာလေလေ ပိုမိုကိုင်းညွတ်ကျလာပြီး သစ်ကိုင်းဖျားက လှုပ်ယမ်းလာသည်။

မိုးဇာကို သစ်ပင်ကိုင်းပေါ်မှ ခါယမ်းချနေသလို ဖြစ်နေတော့သည်။

နောက်ဆုံးတော့ မိုးဇာသည် သစ်ခွပန်းဒိုင် ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားခဲ့ချေပြီ။

သူမသည် သစ်ခွပန်းအုံကို အပင်အားလုံးပါအောင် အုံလိုက် ခွာယူလိုက်သည်။

ပြီးလျှင် ကိုင်းအရင်းဘက်သို့ ပြန်လာလေသည်။

လက်ထဲမှာ သစ်ခွပန်းအုံ ပါလာသောကြောင့် အသွားတုန်းကကဲ့သို့ သစ်ပင်ကို ဖက်တွယ်သွား၍ မရတော့ပေ။

နောက်ဆုံးတော့ မိုးဇာသည် သစ်ခွပန်းအုံကို လက်တစ်ဖက်မှ ကိုင်ပြီး သစ်ကိုင်းပေါ်မှာ မတ်မတ်လျှောက်လေသည်။

သူမ၏ဟန်အမူအယာမှာ ကြိုးတန်းလျှောက်နေသူကဲ့သို့ တလှုပ်လှုပ် တယမ်းယမ်း ဖြစ်နေလေသည်။

တစ်နေရာရောက်သောအခါ ဟန်ချက်ပျက်သွားပြီး အောက်သို့ ယိုင်ကျလာတော့သည်။

"အမယ်လေး. . . လုပ်ကြပါဦး"

မေရီခင်က အသံကုန်ဟစ်အော်လိုက်ပြီး မျက်စိကို မှိတ်ထားလိုက်သည်။

ဒီတစ်ကြိမ်တော့ မိုးဇာတစ်ယောက် သေပြီဟုသာ စိတ်ထဲမှာ တွေးလိုက်မိသည်။

နောက် အတန်ကြာသည်အထိ မည်သည့်အသံမှ မကြားရပဲ ငြိမ်သက်နေတော့မှ မဝံ့မရဲဖြင့် အပေါ်သို့ မော့ကြည့်လိုက်သည်။ ထိုအခါ အောက်ဖက် သစ်ကိုင်းကို လက်တစ်ဖက်ဖြင့် ဆွဲထားလျက် တွဲလောင်းကြီးဖြစ်နေသော မိုးဇာကို လှမ်းမြင်





ရတော့မှ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

မိုးဇာက အပေါ်သစ်ကိုင်းမှ လက်လွှတ်လိုက်ပြီး အောက်သို့ ကျလာသောအခါ အောက်ဖက်မှ သစ်ကိုင်းကို လက်ဖြင့် ဖမ်းဆွဲထားပြန်လေသည်။

ဤသို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ပြန်ဆင်းလာရာ နောက်ဆုံးတော့ သစ်ပင်အောက်သို့ ချောမောစွာ ပြန်ရောက်လာသည်။

"အမယ်လေး. . . တော်ပါသေးရဲ့ မိုးဇာရယ်၊ ငါတော့ သစ်ပင်ပေါ်က ပြုတ်ကျလို့ သေပြီထင်နေတာ၊ နင်ဘာမှမဖြစ်ဘူးနော်"

"မိုးဇာ ဘာမှမဖြစ်ပါဘူး အစ်မလေးရဲ့၊ ဒီလောက်တော့ တက်နိုင်ပါတယ်၊ ရော့. . . ဒီမှာ၊ အစ်မလေးအတွက် သစ်ခွပန်းလှလှတွေ"

ဟု ပြောကာ သစ်ခွပန်းအုံကို လှမ်းပေးလေသည်။

မေရီခင်မှာ လှပသော သစ်ခွပန်းများ ရသဖြင့် စိတ်ထဲမှာ ဝမ်းသာပျော်ရွှင်သွားကာ စောစောက ဖြစ်ပေါ်နေသော ဝမ်းနည်းမှုများကိုပင် မေ့ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၃)

# နိမိတ်ဆိုးများနှင့် ဖေကျာ

သစ်တောဝန်ထောက် မစ္စတာကက်နက်ကျော်မှာ အလုပ်တာဝန်ကိုသာ ဦးစားပေးလုပ်ကိုင်သူဖြစ်သောကြောင့် အထက်အရာရှိများ၏နှစ်သက်သဘောကျမှုကို များစွာရရှိသူ ဖြစ်သော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် လှပချောမောသော မိန်းမ တစ်ဦးကို လက်ထပ်ထားပြီး သူမအတွက် သင့်တင့်မျှတသော အချိန်မပေးနိုင်သဖြင့် မစ္စစ်မေစီ၏ငြိုငြင်မှုကိုတော့ ခံရလေသည်။

သို့ကြောင့်လည်း မစ္စစ်မေစီမှာ မစ္စတာကက်နက်ကျော် နောက်ကွယ်၌ အခြားသူတစ်ယောက်နှင့် ဖောက်ပြန်နေခြင်းဖြစ် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာကက်နက်ကျော်မှာ ထိုအကြောင်းကို တစွန်းတစ ရိပ်မိသော်လည်း လက်ဆုပ်လက်ကိုင် မရှိသေးကြောင့် ယုံကြည်မှုမရှိလှပေ။

ထို့ပြင် မစ္စတာကက်နက်ကျော်အနေနှင့် အလုပ်တာဝန်များပြားလှသောကြောင့် အပေါင်းအသင်းလည်း များများစားစား မရှိရှာပေ။

ဂန့်ဂေါရောက်ကတည်းက ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပေါင်းသင်းသော မိတ်ဆွေဆို၍ တစ်ဦးစ နှစ်ဦးစသာ ရှိသည်။ ထိုအထဲတွင် ဦးမင်းမောင်လည်း ပါသည်။

ဦးမင်းမောင်သည် ဂန့်ဂေါမြို့ဇာတိ မဟုတ်သော်လည်း ဂန့်ဂေါမြို့သို့ ရောက်နေခဲ့သည်မှာ အတော်ကြာပြီဖြစ်ပြီး ပိုးထည်ရောင်းဝယ်ရေးလုပ်ငန်းဖြင့် ကြီးပွားနေသူဖြစ်သည်။ ဦးမင်းမောင်သည် ခေတ်ပညာတတ်တစ်ဦး ဖြစ်ခဲ့သောကြောင့် အင်္ဂလိပ်ဘာသာစကားကို ကောင်းစွာကျွမ်းကျင်ရုံမက မြို့ခံလူကြီးလူကောင်းများနှင့်လည်း ဝင်ဆန့်သူဖြစ်လေသည်။

ဦးမင်းမောင်မှာ သားတစ်ယောက်ရှိသည်။

အသက်ဆယ်နှစ်ကျော်အရွယ်ရှိ 'မင်းထင်ကျော်' ဟု အမည်ရှိသော ကလေးမှာ ငယ်ရွယ်စဉ်အချိန်ကပင် စွန့်စားမှုကို များစွာဝါသနာပါသူဖြစ်လေသည်။

ထို့ပြင် လူကြီးချင်းက ခင်မင်ရင်းနှီးကြသလို မင်းထင်ကျော်နှင့် မေရီခင်တို့ကလည်း ခင်မင်ရင်းနှီးကြသည်။





မင်းထင်ကျော်က မေရီခင်အပေါ် နှမလေးတစ်ယောက်လို ခင်မင်ကာ အချိန်ရလျှင် လာရောက်ကာ အဖော်ပြုပေးလေ့ရှိသည်။

မေရီခင်ကလည်း မင်းထင်ကျော် ရောက်လာလျှင် ဝမ်းသာပျော်ရွှင်နေသည်။

တစ်နေ့တွင် မင်းထင်ကျော်နှင့် မေရီခင်တို့နှစ်ယောက်သည် အိမ်အပြင် ခုံတန်းလျားလေးပေါ်တွင် ထိုင်နေကြသည်။

"မင်းထင်ကျော်. . . နင်က ပညာတွေ အများကြီး သင်နေတာဆိုတော့ ကြီးလာရင် ပညာတတ်ကြီး ဖြစ်လာမှာပဲ၊ အဲဒီအချိန်ကျရင် ဘာလုပ်မလဲဟင်"

"ငါက စွန့်စွန့်စားစား လုပ်ရတာကို သဘောကျတယ်၊ ကြီးလာရင် ဘာလုပ်ဖြစ်မလဲဆိုတာတော့ မသိသေးဘူး"

"တို့တွေ အခုလို အမြဲတမ်း အတူတူ နေရရင် ကောင်းမှာပဲနော်"

"ဒါကတော့ ဘယ်ပြောနိုင်ပါ့မလဲ မေရီရယ်၊ ငါတို့က အခုမှ ကလေးအရွယ်ပဲ ရှိသေးတာ၊ ကြီးလာတော့လည်း ဘဝအခြေအနေတွေက ပြောင်းလဲရင် ပြောင်းလဲသွားမှာပေါ့"

ထိုအခိုက်မှာပင် မိုးဇာ ရောက်လာသည်။

သူ့မလက်ထဲမှာလည်း အထုပ်ကလေးတစ်ထုပ် ကိုင်ထားသည်။ မေရီခင်နှင့် မင်းထင်ကျော်တို့ အတူယှဉ်တွဲ၍ ထိုင်နေသည်ကို မြင်သောအခါ ရှေ့ဆက်မလာပဲ မလှမ်းမကမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသည်။

"လာလေ မိုးဇာ"

မေရီခင်က လှမ်းခေါ်လိုက်တော့မှ ရှေ့သို့ တိုးလာသည်။

ပြီးလျှင် မင်းထင်ကျော်ကို တစ်ချက်ကြည့်သည်။

သူ့အကြည့်မှာ မေရီခင်နှင့် အတူရှိနေသည့်အတွက် မနှစ်မြို့သောအကြည့်မျိုးဖြစ်လေသည်။

ထို့နောက် ယူလာသော အထုပ်ကလေးကို မေရီခင် လက်ထဲသို့ ထည့်ပေးပြီးနောက် ချာကနဲ ပြန်လှည့်သွားလေသည်။

အထုပ်ကို ဖြည်ကြည့်တော့ ကောင်းညှင်းပေါင်းနှင့် ငါးကြော်တစ်ပိုင်း ထည့်ထားသည်ကို တွေ့ရလေသည်။

"သူ့ကြည့်ရတာ တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"ငါ ဒီနေရာမှာ ရှိနေတာကို သူမကြိုက်သလိုပဲ"

"ဘာကြောင့် မကြိုက်ရမှာလဲ"

"အဲဒါတော့ မသိဘူး၊ ဒါပေမယ့် သူ့အမူအယာ ကြည့်ရတာတော့ အဲဒီလိုမျိုး အမူအယာတွေ ပေါ်နေတာပဲ"

ဟု ပြောသည်။

"သူက ဒီလိုပုံစံမျိုးနဲ့ အမြဲနေတတ်တာဆိုတော့ နင်ရှိနေတာကို မကြိုက်လို့တော့ ဟုတ်မယ်မထင်ပါဘူး၊ အော်. . .





ဒါထက် မင်းထင်ကျော်"

"ဘာလဲဟင်"

"ခရစ္စမတ်နေ့ကျရင် ငါ့မွေးနေ့ပွဲကို လုပ်ပေးဖို့ ဒက်ဒီကို ပြောထားတယ်၊ အဲဒီနေ့ကျရင် နင်လာရမယ်နော်"

ဟု တက်ကြွသော အမူအယာဖြင့် ပြောလေသည်။

"လာခဲ့မှာနော်. . . နင့်မွေးနေ့မှာ ဘာလက်ဆောင် ယူမလဲ ပြောလေ"

"အို. . . ဒါကတော့ ပေးတဲ့လူက သဘောကျတာ ပေးပေါ့၊ ယူရမယ့်လူက ဘာပေးပါလို့တော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲ"

"ငါက မွေးနေ့တွေဘာတွေ သွားလေ့သွားထ မရှိလို့ မေးတာပေါ့၊ အဲဒီလိုဆိုရင်လည်း နင့်မွေးနေ့ ရောက်တော့မှပဲ တစ်ခုခု လက်ဆောင်ပေးတော့မယ်"

ဟု ပြောကာ ပြန်လာလေသည်။

ထိုသို့ ပြန်လာစဉ်မှာပင် ဝက်သစ်ချပင်ကြီးတစ်ပင် နောက်ကွယ်မှ သူ့ကို လှမ်းကြည့်နေသော မိုးဇာ၏ပုံရိပ်ကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

သူလာတာမြင်တော့ မိုးဇာက သစ်ပင်နောက်ဘက်သို့ ကွယ်ဝင်သွားသည်။ မင်းထင်ကျော်က မသိဟန်ပြုကာ ဆက်လျှောက်လာခဲ့လေသည်။

ထိုသို့ လျှောက်လာသော်လည်း တစ်လမ်းလုံး မိုးဇာ ဆိုသော အသားမည်းမည်း၊ ရုပ်ဆိုးဆိုးနှင့် ကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အကြောင်းက ခေါင်းထဲ၌ ပါလာခဲ့လေသည်။

ခရစ္စမတ်နေ့သို့ ရောက်သောအခါ ဖခင်ဖြစ်သူနှင့်အတူ မေရီခင်တို့ နေအိမ်သို့ သွားကြလေသည်။

မေရီခင်၏ဆယ်နှစ်မြောက်မွေးနေ့ပွဲကို ခရစ္စမတ်ရက်နှင့် အချိန်တိုက်ကာ ၎င်းတို့နေအိမ်ခြံဝန်းအတွင်းမှာပင် ကျင်းပပြုလုပ်ခဲ့ပေသည်။

ခြံဝန်းထဲတွင် မီးရောင်စုံများ ထွန်းထားပြီး ခြံဝန်းအလယ်မှာတော့ ခရစ္စမတ်သစ်ပင်ကို စိုက်ထူကာ မီးရောင်စုံများ ထွန်းထားလေသည်။

ဧည့်သည်ကတော့ မများလှပဲ ဝန်ထမ်းမိသားစုနှင့် ပြင်ပမှ လာရောက်သော ဧည့်သည်အချို့သာ ရှိလေသည်။

မစ္စတာကက်နက်ကျော်မှာ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားရာ ခန့်ငြားသောအသွင် ရှိလေသည်။

မေရီခင်က ခရစ္စမတ်ပွဲသို့ ရောက်လာသော ရွယ်တူကလေးများကို ခရစ္စမတ်သစ်ပင်အနီး၌ ရပ်ကာ လက်ဆောင်များ ဝေငှပေးနေလေသည်။

အဖြူရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံး ပြင်ဆင်ခြယ်သထားသော မေရီခင်မှာ မင်းသမီးကလေးတစ်ယောက်ကဲ့သို့ လှပချောမောနေသည်။

မင်းထင်ကျော် ရောက်သွားသောအခါ မေရီခင်က ခရစ္စမတ် သစ်ပင်ပေါ်သို့ သီးသန့်တင်ထားသော ဗူးတစ်ဗူးကို လက်ဆောင်ပေးသည်။

"ဒါက ဘာလဲ"

"နင့်အတွက် လက်ဆောင်ပါ"

"အတွင်းမှာ ဘာလဲ"

"ဖွင့်ကြည့်ရင် သိမှာပေါ့"

မင်းထင်ကျော်က စက္ကူဗူးလေးကို ဖွင့်ကြည့်လိုက်သောအခါ လှပသော နာရီကလေးတစ်လုံးကို တွေ့ရသည်။

နာရီက ရွှေရောင်ဖြစ်သည်။

"နင် သဘောကျရဲ့လား"

"လက်ဆောင်ရတာပဲ. . . ဘယ်လိုပစ္စည်းပဲဖြစ်ဖြစ် သဘောကျရမှာပေါ့။ ငါကလည်း နင့်ကို လက်ဆောင်ပြန်ပေးပါ့မယ်"

ဟု ပြောပြီး မင်းထင်ကျော်က အကျႌအိတ်ထဲမှာ ထည့်ယူလာသော စက္ကူဗူးလေးကို ထုတ်ယူကာ မေရီခင်ကို ပေးလိုက်သည်။

"ဖွင့်ကြည့်ပါဦး"

မေရီခင်က စက္ကူဗူးလေးကို ဖွင့်ကြည့်လိုက်တော့ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ရင်ထိုးကလေးတစ်ခုကို တွေ့ရလေရာ မျက်နှာလေးမှာ ဝင်းပသွားလေသည်။

"ဟယ်. . . ရင်ထိုးကလေး လှလိုက်တာ"





www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်မှာ သူပေးသောပစ္စည်းကြောင့် မေရီခင်တစ်ယောက် ပျော်ရွှင်သွားသည်ကို မြင်သောအခါ များစွာသဘောကျသွားလေသည်။

ထိုနေ့က မေရီခင်မွေးနေ့ပွဲသို့ မိုးဇာတစ်ယောက် ရောက်မလာသဖြင့် အနည်းငယ် စိတ်သက်သာရာ ရနေသည်ဆိုကလည်း မမှားပေ။

ထို့နောက်. . .

မွေးနေ့ကိတ်အပေါ်မှာရော နံဘေးပတ်လည်မှာပါ ဖယောင်းတိုင်များ ထွန်းထားသည်။

အနီးသို့ ရောက်သောအခါ ဖယောင်းတိုင်မီးအချို့ကို ငြိမ်းသတ်၍ မွေးနေ့ကိတ်ကို ဓားဖြင့်လှမ်းလှီးလိုက်သည်။

ထိုအခါ ကိတ်လုံး၏အပြင်ဘက်တွင် ထွန်းထားသော ဖယောင်းတိုင်မီးက မေရီခင်၏အင်္ကျီလက်မောင်းတစ်ဖက်ကို စွဲလောင်လေတော့သည်။

အင်္ကျီမှာ နိုင်လွန်သားဖြင့် ယက်လုပ်ထားသည့် ပါးလွှာသောပိတ်စဖြစ်လေရာ မီးနှင့် ထိလိုက်သည်နှင့် ချက်ချင်း မီးတောက်များ ထလာလေတော့သည်။

အားလုံး တအံ့တသြနှင့် ကြည့်နေစဉ်မှာ မီးတောက်အချို့က မေရီခင်၏လည်ပင်းရှိရာသို့အထိ တက်လာလေသည်။

မေရီခင်မှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မှင်တက်မိကာ နေရာ၌ မတုန်မလှုပ် ရပ်နေလေသည်။





သူမသည် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ကြက်သေ, သေသလို ဖြစ်နေဟန်ရှိလေသည်။

အနီးပတ်ဝန်းကျင်၌ ရောက်နေကြသော လူအချို့မှာလည်း အော်ဟစ်နေရုံမှအပ ဝင်ရောက်ကူညီနိုင်ခြင်းမရှိကြချေ။

ထိုအခိုက်မှာပင် မင်းထင်ကျော်က နံဘေးနားတစ်ဝိုက်တွင် ဝိုင်းနေသောလူများကို တွန်းထိုးဖယ်ရှားကာ မေရီခင် ရှိရာသို့ တိုးဝင်သွားလေသည်။

ထို့နောက်. . .

မေရီခင်ကို ပွေ့ယူပြီး မီးတောက်များကို ဖယ်ရှားပေးလေသည်။ အတန်ကြာတော့ မီးတောက်များ ငြိမ်းသွားလေသည်။

ထိုအခိုက်အတန့်လေးမှာပင် မေရီခင်၏လက်မောင်းနှင့် လည်ပင်းတစ်ဝိုက်တွင် မီးလောင်ဒဏ်ရာ ရသွားသလို မင်းထင်ကျော်၏လက်မောင်းနှင့် လက်နှစ်ဖက်စလုံးမှာ မီးလောင်ဒဏ်ရာများ ရသွားလေသည်။

မင်းထင်ကျော်၏စိတ်ထဲမှာလည်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့် မျက်လုံးအဝိုင်းသား ဖြစ်နေသော မေရီခင်၏မျက်နှာလေးကို စွဲထင်သွားခဲ့လေသည်။

"မင်းကတော့ တကယ့်လူစွမ်းကောင်းပါပဲ၊ မေရီအာ မင်းသာ မကယ်ရင် အသက်မသေခဲ့ရင်တောင် မီးလောင်တဲ့ ဒဏ်ရာကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတော့မှာ အမှန်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကျေးဇူးတင်ပါတယ်ကွယ်"

ဟု မစ္စတာကက်နက်ကျော်က ပြောလေသည်။

မေရီခင်တစ်ယောက် ထိုကဲ့သို့ မီးလောင်ဒဏ်ရာများ ရသွားသည်အထိ ရုတ်ရုတ်သဲသဲဖြစ်နေကြသော်လည်း မိခင်ဖြစ်သူ မစ္စစ်မေစီတစ်ယောက်ကတော့ အရိပ်အယောင်မျှပင် မတွေ့ရပေ။

သူသည် ယခုကဲ့သို့ အခွင့်အရေးရခိုက်မှာ နောက်လူနှင့် နှစ်ပါးကြည်နေကြခြင်း ဖြစ်ပေသည်။

ထို့နောက်ပိုင်း ညှော်ခံပွဲကို စောစီးစွာပင် သိမ်းလိုက်ကြသည်။ မင်းထင်ကျော် ပြန်ကာနီးတွင် မေရီခင်က အိမ်ပေါက်ဝအထိ လိုက်ပို့ကာ နှုတ်ဆက်လေသည်။

"နင့်ကို တကယ်ပဲ ကျေးဇူးတင်ပါတယ် မင်းထင်ကျော်"

"ရပါတယ် မေရီရယ်၊ နင့်ဒဏ်ရာတွေကိုသာ သက်သာအောင် ဂရုစိုက်ပါ"

"ဒါထက် နင့်လက်က ဒဏ်ရာတွေ အတော်များသလားဟင်"

"မများလှပါဘူး"

"တစ်ခါတည်း ငါဆေးထည့်ပေးလိုက်မယ်လေ"

"ရပါတယ်. . . အိမ်ရောက်မှပဲ ငါ့ဖာသာ ဆေးထည့်လိုက်ပါ့မယ်"

"မင်းထင်ကျော်"





"ဘာလဲ မေရီ"

"ငါ့ရဲ့မွေးနေ့ပွဲ လုပ်နေတဲ့အချိန်မှာ အခုလို မီးလောင်တာ အတိတ်နိမိတ် မကောင်းဘူးလို့ ပြောနေကြတယ်၊ အဲဒါ ဟုတ်သလားဟင်"

မင်းထင်ကျော်က ပြုံး၍ နှစ်သိမ့်မှု ပေးလိုက်သည်။

"ဒါမျိုးတွေက အမှတ်မထင် ဖြစ်တတ်ကြတာပဲ၊ ဒီအကြောင်းတွေကို စိတ်ထဲမှာ ထားလိုက်၊ အဲဒါဆိုရင် နင်စိတ်သက်သာသွားလိမ့်မယ်"

"ငါတော့ စိတ်ထဲမှာ လေးနေတယ်၊ တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ပဲ ထင်နေမိတယ်"

"အဲဒီလို စိတ်ထဲမှာ စွဲလန်းနေရင် တကယ်ဖြစ်တတ်တယ်လို့ ငါကြားဖူးတယ်၊ အဲဒီအကြောင်းတွေကို စိတ်ထဲမှာ မထားနဲ့တော့နော်၊ ငါလဲ နင့်ဆီကို မကြာခဏ လာခဲ့ပါ့မယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ အပြင်သို့ ထွက်လာခဲ့သည်။

ခြံစည်းရိုးအစပ်နားသို့ ရောက်သောအခါ မှောင်ရိပ်အကွယ်၌ ရပ်နေသော သဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသဖြင့် အသေအချာ ကြည့်လိုက်သောအခါ လက်ထဲမှာ အထုပ်ကလေးတစ်ထုပ် ကိုင်ကာ ရပ်နေသော မိုးဇာဖြစ်မှန်း သိရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

# အသားစား ဗဟူများ

မိုးဇာ၏ဖခင် ဦးထွန်းအောင်မှာ တောအုပ်ကြီးတစ်ယောက်ဖြစ်ပြီး မစ္စတာကက်နက်ကျော် လက်အောက်၌ အမှုထမ်းနေသူတစ်ယောက်ဖြစ်သည်။

ဦးထွန်းအောင်မှာ အသက်လေးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးပြီး သေနတ်ပစ် လက်ဖြောင့်သူတစ်ယောက်ဖြစ်သည်။

သစ်ကွက်များအတွင်းသို့ လှည့်လည်သွားလာစဉ် အမဲပစ်ရာတွင် အသုံးပြုသော ပြောင်းရှည်သေနတ်ဝေဗ်လက်ကို



www.burmeseclassic.com

www.burmeseclassic.com



အမြဲယူဆောင်သွားလေ့ရှိသည်။

ဦးထွန်းအောင်သည် ကရင်လူမျိုးတစ်ယောက်ဖြစ်သဖြင့် တောတွင်း ရောက်လျှင် သားကောင်များကို ပစ်ခတ်ဖမ်းဆီးကာ ချက်ပြုတ်စားသောက်ခြင်းကို ဝါသနာပါသူဖြစ်သည်။

သူ့နောက်တွင် လိုက်ပါကြသူများမှာလည်း ကရင်အမျိုးသား များပြီး ဒူးလေးနှင့် လင်းလေးပစ်ခတ်ရာမှာ ကျွမ်းကျင်ကြသည်။ သူတို့အဖွဲ့သည် သစ်တောများအတွင်းသို့ လှည့်လည်သွားလာကြရင်းမှ အမဲပစ်ခြင်းအလုပ်ကိုပါ တစ်ပါတည်း လုပ်ဆောင်ကြသူများ ဖြစ်ကြသည်။

အမဲလိုက်ရာတွင် သေနတ်၊ လေးမြား၊ ဓားလုံ့ စသောလက်နက်များကို အသုံးပြုကြသည်။

အမဲလိုက်ရာတွင် မပါမဖြစ်သောလက်နက်မှာ လေးနှင့်မြားဖြစ်သည်။ အထူးသဖြင့် သစ်ပင်အမြင့်ဖျားအပေါ်၌ ရှိသောမျောက်များကို ပစ်ခတ်ရာ၌ သေနတ်ထက် အဆိပ်လူးမြားကပို၍စိတ်ချရသည်။

အချို့မျောက်များမှာ သေနတ်ကျည်ဆန် ထိမှန်၍ သေသွားသော်လည်း သစ်ကိုင်းနှင့် မလွတ်တမ်း ဖက်ထားသဖြင့် အောက်သို့ ပြုတ်ကျမလာပေ။

အဆိပ်လူးမြားဖြင့် ပစ်သောအခါမှ အဆိပ်သင့်ကာ တဖြည်းဖြည်း မှိုင်၍ ပြုတ်ကျလာလေ့ရှိသည်။

မြားဆိပ်ကိုလည်း အမျိုးမျိုး အသုံးပြုကြသည်။





လေးနင်းကွင်း၊ ထိသေ၊ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ တစ်တောင်ကျော်၊ တစ်တောဖြတ် ဟူ၍အမျိုးမျိုး ရှိကြသည်။

တောတစ်တောကျော်သည်အထိ ပြေးနိုင်သောအဆိပ်၊

တစ်တောင်လုံး ကျော်သည်အထိ ပြေးနိုင်သောအဆိပ်၊

အချို့က နှစ်ဆွေ့သုံးဆွေ့ ခုန်နိုင်သေးသည်။

ထိသေအဆိပ်နှင့် လေးနင်းကွင်းအဆိပ်ကတော့ အပြင်းဆုံးဖြစ်သည်။

မြားချက်ထိပြီး သွေးစို့ရုံနှင့် ချက်ချင်းသေစေသောအဆိပ်ဖြစ်သည်။ ထိုအဆိပ်ကို ဖော်ရာ၌ ရွာလူကြီးများ အသိသက်သေထား၍ ဖော်စပ်ရ၏။

အသုံးပြုရာမှာလည်း အရေးကြုံပြီး အသက်ဘေးအန္တရာယ်နှင့် ကြုံသောအခါမှသာ အသုံးပြုကြရသည်။

ဦးထွန်းအောင်မှာ တောထဲ ရောက်သည်နှင့် မျောက်များကို လိုက်လံရှာဖွေကာ တောထဲမှာပင် ချက်ပြုတ်စားသောက်လေ့ရှိသည်။ သူသည် မျောက်ချေးခါးဟင်းကို လွန်စွာကြိုက်သူဖြစ်သည်။

မျောက်ပစ်ခတ်ရာမှာလည်း မျောက်များ၏အထာကို မကျွမ်းကျင်ပါက ပစ်ခတ်ဖမ်းဆီး၍မရပေ။

တောထဲ ရောက်ပြီး မျောက်များအော်သံကို ကြားရသော်လည်း တကယ်တမ်း ကြည့်သောအခါ တစ်ကောင်မှမတွေ့ရသည်လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်များက ကင်းထောက်များ ထားလေ့ရှိသည်။ တောထဲသို့ လူဝင်လာသည်ကို မြင်သည်နှင့် ကင်းထောက်မျောက်က အချက်ပေးလိုက်သည်။

လူမဟုတ်ဘဲ ကျား၊ ကျားသစ် စသော အန္တရာယ်ပေးနိုင်သည့် တိရစ္ဆာန်များ တွေ့ပါကလည်း အချက်ပေးကြသည်။

ထိုအသံကြားသည်နှင့် အခြားမျောက်များက ပုန်းစရာရှိ ပုန်းကြသည်။

သစ်ခေါင်းများ၊ သစ်ကိုင်းများကြား၌ ပုန်းသည့်မျောက်က ပုန်းကြသည်။

အချို့မျောက်များကလည်း သစ်ကိုင်းပေါ်မှာပင် သစ်ရွက်များကို ဖင်ခုထိုင်ပြီး အခြားအရွက်များနှင့် ဆွဲကာထားကြသည်။ ကျွန်းတောထဲမှာဆိုလျှင် ကျွန်းရွက်များက ကြီးသောကြောင့် အောက်မှ ကြည့်လျှင် မမြင်ရပေ။

သို့သော်လည်း ကိုထွန်းအောင်တို့လို မျောက်များ၏ သဘာဝကို သိနေသူများအတွက်ကတော့ မျောက်တစ်ကောင်ရဖို့အတွက် မခဲယဉ်းလှပေ။

တောအုပ်တောခေါင်းများ၏တာဝန်က မိမိတို့ တာဝန်ကျသော သစ်တောသစ်ကွက်များအတွင်းသို့ နေ့စဉ်လှည့်လည်ကာ သစ်ခိုးသမားများကို ဖမ်းဆီးခြင်း၊

ဌာနတို့ ခုတ်လှဲထားသော သစ်လုံးများကို သိမ်းဆည်းခြင်းများအပြင် မိမိသစ်စခန်းမှ အလုပ်သမားများ သစ်ထုတ်လုပ်





ရန် သစ်ကွက်များကို လျာထားပေးရသည်။

ထို့ပြင် အလုပ်သမားများ ထုတ်လုပ်ထားသော သစ်လုံးများကို စစ်ဆေးကြရသည်။

သို့ကြောင့် အစဉ်မပြတ် တောတွင်းသို့ လှည့်လည်သွားလာနေကြရသည်။

တစ်ခါတစ်ရံလည်း ထိုသို့သွားလာနေရင်းမှာ မမျှော်လင့်သော အန္တရာယ်များနှင့် ကြုံတွေ့ကြရသည်။

အချို့သစ်ခိုးသမားများ၌ သေနတ်၊ လေးမြား စသော လက်နက်များ ပါလာကာ ရန်ပြုလေ့ရှိသည်။ ချောင်းမြောင်းလုပ်ကြံကြသည်။

တစ်ခါတစ်ရံလည်း ဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ မျောက်ဝံ၊ ဝက်ဝံ အစရှိသော သားရဲတိရစ္ဆာန်များနှင့် ရင်ဆိုင်တိုးကာ တိုက်ခိုက်ရသည်များလည်း ရှိသည်။

သို့ကြောင့် သေနတ်နှင့် လေးမြား၊ ဓါးလှံတို့ကို ယူဆောင်ကြရခြင်းဖြစ်သည်။

အဓိကလက်နက်ကတော့ လေးနှင့်မြားဖြစ်သည်။

သေနတ်က နေရာတကာမှာ အသုံးပြု၍ မရသောကြောင့် လေးနှင့်မြားမှာ အဝေးပစ် အသုံးပြုရာမှာ အဓိကလက်နက်ဖြစ်လေသည်။

ဒူးလေးနှင့်လင်းလေး အသုံးပြုကြရာတွင် ဒူးလေးမှာ ကိုင်းတိုနှင့်ကိုင်းရှည် နှစ်မျိုးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းရှည်ဒူးလေးက အဝေးပစ်ရာတွင် အသုံးပြုကြပြီး ကိုင်းတိုဒူးလေးက အနီးကပ် ရင်ဆိုင်တွေ့သောအခါ ပစ်ခတ်တိုက်ခိုက်ကြသည်။

အသုံးပြုသော မြားတံမှာလည်း မြားတိုနှင့်မြားရှည် နှစ်မျိုးရှိသည်။

မြားရှည်က အဝေးပစ်ရာ၌ အသုံးပြုသည်။ ကောင်းကင်မှ ငှက်များ၊ သစ်ပင်ပေါ်မှ မျောက်၊ ကြောင်၊ ကျားသစ်နှင့် မြွေငန်းများကို ပစ်ခတ်ဖမ်းဆီးကြသည်။

မြားတိုတော့ မြေပြင်၌ ရင်ဆိုင်တွေ့သော ကျား၊ ဝက်၊ ပြောင်၊ ဆင် တို့နှင့် ရင်ဆိုင်တွေ့ရာတွင် အသုံးပြုကြသည်။

မြားပြုလုပ်ရာ၌ အသုံးပြုသောဝါးမှာ ဝါးဖြူဖြစ်သည်။ ချေ၊ ပြောင်၊ ဆတ်၊ တောဝက်၊ ကျား၊ ပစ်ခတ်ရန်အတွက် မြားထိပ်တွင် အဆိပ်ရည် သုပ်ထားသော သံစင့်သွား(သံထိပ်ဖူးချွန်) တပ်ဆင်ထားကြသည်။

စင့်သွားတပ်ထားသောမြားမှာ သားကောင်ကို ထိမှန်သောအခါ ကျွတ်မကျတော့ပေ။

အဆိပ်လူးထားပါက ချက်ချင်းအဆိပ်သင့်ကာ လဲကျသွားနိုင်သည်။ အမဲပစ်ရာတွင် အသံထွက်သော သေနတ်ထက် အသံမထွက်သော လေးနှင့်မြားက ပိုကောင်းသည်။

အချို့သားကောင်များမှာ အဆိပ်သင့်ပြီးနှင့် မျက်လုံးပြာသွားပြီး ဘာမှ မမြင်ရသောအချိန်တွင် မုဆိုးတို့က အနီးကပ်သွား





ကာ လှံဖြင့် ထိုးသတ်ကြသည်။

သေနတ်ထိမှန်သော သားကောင်မှာ ချက်ကောင်းမဟုတ်ပါက ချက်ချင်းမသေနိုင်ပေ။

မျက်စိလည်း မြင်နိုင်သောကြောင့် လူကို ပြန်၍ အန္တရာယ်ပြုနိုင်ပေရာ များစွာအန္တရာယ်များလှသည်။

အဆိပ်လူးမြားမှာ သွေးရှိသော မည်သည့်နေရာကိုမဆို ထိမှန်ပါက သေစေနိုင်သဖြင့် စိတ်ချရသည်။

ယခုလည်း တောတွင်း ရောက်နေကြသော ဦးထွန်းအောင်တို့တတွေမှာ မျောက်ညိုတစ်ကောင် ပစ်ခတ်ရသဖြင့် ချက်ပြုတ်နေကြစဉ်မှာ တပည့်တစ်ယောက်က လာပြောလေသည်။

"ဆရာ . . ဟိုဘက်မှာ ပဒူကျင်းတစ်ကျင်း တွေ့ခဲ့တယ်"

ပဒူကျင်းမှာ လူနှင့် တိရစ္ဆာန်များကို များစွာအန္တရာယ်ပေးသော်လည်း ပဒူကျင်းမှ ရသော ပဒူအဆံမှာ အရသာရှိသော အစားအစာတစ်မျိုးဖြစ်သည်။

အချို့နေရာဒေသများတွင် ပဒူဆံကို စီးပွားရေးလုပ်ငန်းများအဖြစ် ရောင်းချကြသည်။

အများအားဖြင့်တော့ ပဒူဆံကို ဩဂုတ်လနှင့် စက်တင်ဘာလတို့၌ ထုတ်ယူကြသည်။

ထိုကာလများမှာ ပဒူအဆံပြည့်ချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဒူကောင်ကို လေးမျိုးလေးစား ခွဲထားလေသည်။

(၁)ပဒူနက်၊ (၂)ပဒူနီ၊ (၃)ဆွဲပဒူ နှင့် (၄)စုန်းပဒူ ဟူ၍ လေးမျိုးခွဲထားလေသည်။

ပဒူနက်မှာပင် ဆာဝါမြို့နှင့် ခါးဝါဟူ၍ နှစ်မျိုးကွဲသည်။ ၎င်းတို့မှာ မြေအောင်းပဒူများဖြစ်ကြသည်။

ပဒူနီမှာလည်း မြေအောင်းပဒူမျိုးဖြစ်သော်လည်း ပဒူနက်လောက် အကောင်အရွယ်အစား မကြီးလှပေ။

ဆွဲပဒူမှာ ပဆုပ်ပနီနှင့် ဗိုင်းတောင်ပြောက်များ ဖြစ်ကြလေသည်။

စုန်းပဒူမှာ နေ့ဘက်အိပ်၍ ညအချိန်ရောက်မှ အစာရှာထွက်ကာ စားသောက်ကြသည်။

ပဒူနက်နှင့် ပဒူနီတို့မှာ မြေအောင်းပြီးလျှင် အဆိပ်အပြင်းထန်ဆုံးဖြစ်သည်။

မြေကြီးအတွင်း၌ ကျင်းယက်၍ အုံဖွဲ့နေလေ့ရှိကြသည်။ အပြင်၌ မြေကျစ်စာတစ်တင်းရှိလျှင် ပဒူကျင်းထဲ၌ ပဒူဆံတစ်တင်း ရှိသည်ဟု အမှတ်အသားရှိကြသည်။

မြေပဒူအုံကြီးလျှင် ပဒူကျင်းအနီးသို့ ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် လူတို့ အနားကပ်မခံတော့ပေ။

အကယ်၍ ပဒူကျင်းအတွင်းသို့ ကျွံကျသွားပါကလည်း နာရီပိုင်း၊ မိနစ်ပိုင်းတွင်း အရိုးစုဘဝ ရောက်သွားနိုင်သည်။

ပဒူအုံအနီးတွင် ကင်းစောင့်နေကြသော ပဒူပျားများ





ရှိကြလေသည်။

လူနှင့် တိရစ္ဆာန်တို့ ပဒူကျင်းနား ရောက်လာပါက ကင်းစောင့်နေသော ပဒူက အချက်ပေးပါက ကျန်ပဒူများက ချက်ချင်းရောက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

ပဒူဆိပ်သည် ဖင်၌ ရှိပြီး ဆီးပင်မှ ဆူးအရှည်ခန့်ရှိသည်။ ထိုအဆိပ်ဆူးသည် ပျားကောင်များကဲ့သို့ ရန်သူကို တစ်ခါတုပ်ပြီးနောက် အဆိပ်တံ ကျွတ်ကျမကျန်ခဲ့ပေ။

ပဒူကောင်၏အဆိပ်ဆူးက ရန်သူကို အကြိမ်ကြိမ် တုပ်သော်လည်း ကျိုးမကျန်ခဲ့ပေ။

အဆိပ်ဆူးဖြင့် အသားထဲသို့ ထိုးသွင်းလိုက်ပြီးနောက် ပွတ်လှည့်လိုက်ပါက အတုပ်ခံရသူမှာ မခံမရပ်နိုင်အောင် နာကျင်လေသည်။

ပဒူတုပ်ခံရလျှင် အဆိပ်ပြင်းသောကြောင့် ချက်ချင်းဖျားလေသည်။

အတုပ်ခံရသည့်နေရာများမှာ ယောင်လာသည်။

ပဒူဆိပ် တက်ပါက အခြားဆေးများဖြင့် သုတ်လိမ်း၍ မရပေ။ တီကျစ်စာ မြေခဲနှင့် တံတွေးကို ရောလိမ်းမှသာ ပဒူဆိပ်ပြေလေသည်။

ကိုယ်ဝန်ဆောင်ထားသော ကျွဲ၊ နွား၊ လူ အစရှိသည်တို့ကို ပဒူအတုပ်ခံရပါက ကိုယ်ဝန်ပျက်ကျလေသည်။

ပဒူဆံကို ရှာဖွေယူကြခြင်းမှာ စားသုံးရန်အတွက်ပါမက



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချလျှင်လည်း ငွေရနိုင်ပြီး အဓိက အချက်ကတော့ ပဒူကောင်များ မပြန့်ပွားစေရန်အတွက်ဖြစ်သည်။

ပဒူလိုက်သူတို့သည် ပဒူအုံကို ရှာဖွေရာတွင် ငါးရံ့ငယ်ကို ဝါးလုံးထိပ်ဖျား၌ ညှပ်ကာ တောထဲသို့ လျှောက်သွားရလေသည်။

ပဒူသည် မျက်စိရှင်၍ အနံ့ခံကောင်းကာ ငါးရံ့ကို လွန်စွာနှစ်သက်လေသည်။

ငါးကို တွေ့လျှင် ဝါးလုံးများသို့ ထိုးဆင်းလာပြီး ငါးကို ကိုက်ဖြတ်လေတော့သည်။

အသားကို ကိုက်ဖြတ်နေစဉ် စီစဉ်ထားသော ငှက်မွေးလျှော်မျှင်ကွင်းဖြင့် ပဒူကောင်၏ခါးကို စွပ်၍ချည်ပေးလိုက်သည်။ ထိုလျှော်မျှင်၏တစ်ဖက်စွန်းတွင် လဲမှို့အနည်းငယ်ကိုလည်း ချည်ထားရသေးသည်။

ပဒူသည် အစာရသောအခါ မိမိအုံသို့ ပျံသွားလေတော့သည်။ ထိုအခါ ချည်ပေးလိုက်သော ချည်မျှင်နှင့် လဲမှို့ကလေးကို ကြည့်ကာ နောက်ယောင်ခံ၍ လိုက်သွားရသည်။

ထိုသို့ မဟုတ်ပါက ပဒူကောင်ကို ဘယ်လိုမှ ရှာတွေ့နိုင်မည် မဟုတ်ပေ။

ထိုသို့ လိုက်သွားပြီး ပဒူအုံ ရှိရာ ရောက်သောအခါ အနီးဆုံးနေရာရောက်အောင် ချဉ်းကပ်၍ ကျစ်စာပမာဏ မည်ရွေ့မည်မျှ ရှိသည်၊





ဝင်ပေါက်ထွက်ပေါက် ဘယ်နှစ်ပေါက် ရှိသည်တို့ကို ကြည့်ရှုမှတ်သားခဲ့ရသည်။

အထူးသဖြင့် မလွယ်ပေါက်ဟု ခေါ်သော လျှို့ဝှက်အပေါက်ကို သိရန် အရေးကြီးလှသည်။

လျှို့ဝှက်ပေါက် မသိပါက အန္တရာယ်ကြီးလှသည်။

အားလုံး ကြည့်ရှုမှတ်သားပြီး ညအချိန်ရောက်အောင် စောင့်ကြရသည်။

ညဘက် အမှောင်ဖုံးသောအခါ ပဒူအုံနှင့် မလှမ်းမကမ်းနေရာ ရောက်အောင်သွားကာ ပဒူအုံပေါ်သို့ ရေပြွတ်ဖြင့် ရေဖျန်းပေးရသည်။

ကင်းစောင့်နေသော ပဒူများက မိုးရွာချသည်အထင်နှင့် ပဒူအုံကျင်းထဲသို့ ဝင်ပြေးသွားကြသည်။

ထိုအခါမှ အနားကပ်ကာ ပဒူကျင်းပေါက်များကို ရွှံ့စေးမြေများဖြင့် ပိတ်လိုက်ရသည်။

ပဒူကို မှိုင်းတိုက်ရာတွင် ပျားကဲ့သို့ မူးအောင်လုပ်ပြီး ပြန်လွှတ်ပေး၍မရပေ။

သေသည်အထိ မှိုင်းထိုးကြရသည်။

ဆိတ်နံ့ကြီးရှက် မီးရှို့ထားသော မှိုင်းထုပ်မှ မီးခိုးငွေ့များကို ဝါးပြောင်းဖြင့် ပဒူကျင်းထဲ ထိုးသွင်းကာ မှုတ်သွင်းကြရလေသည်။

ထိုအခါ ပဒူကျင်းထဲမှ ပဒူများ၏တောင်ပံအသံနှင့်



www.burmeseclassic.com

www.burmeseclassic.com



အော်သံများကို ကြားရသည်။

မီးခိုးမှုတ်သွင်းသူက ထိုအသံများ ငြိမ်သွားသည်အထိ အဆက်မပြတ် မှုတ်သွင်းရသည်။

ကျင်းထဲမှာ တစ်ကောင်မကျန် သေကုန်တော့မှ မီးခိုးမှုတ်သွင်းခြင်းကို ရပ်ကြရသည်။

တွင်းထဲ၌ အားလုံးသေသွားပါက အသံလည်း တိတ်သွားတော့သည်။ ထိုအခါမှ ပဒူကျင်းကို တူရွင်း၊ ပေါက်ပြားတို့ဖြင့် တူးဖော်ကြရသည်။

တွင်းထဲ၌ ပဒူဆံအပြည့်ရှိသော သလက်များ အထပ်လိုက် ရှိနေလေသည်။

ထိုသလက်ပြားများကို ခွာယူကြရသည်။

သလက်ပြားများကို ရလာသောအခါ ရေနွေးငွေ့ဖြင့် ပေါင်းတင်ရသည်။ ရေနွေးငွေ့အပူရှိန်ကြောင့် နို့ရည်များ ခဲသွားသောအခါ အဆံများက ချောင်ကျလာသည်။

အသာကလေး ခါချလိုက်ရုံဖြင့် အောက်သို့ ထွက်ကျလာသည်။ ပဒူဆံ၏အရသာမှာ နွားနို့ ကျွဲနို့ခဲများကဲ့သို့ အရသာရှိလှပေသည်။

ပဒူဆံနှင့် ကောက်စေးဆန်(ဆန်သစ်)ကို ချက်စားပါက လက်မဆေးနိုင်ပဲ မျက်တောင်စင်းကျလာအောင် အရသာရှိသည်။

ပဒူဆံကျော်ကို လက်ဖက်ရည်ကြမ်းနှင့် မြည်းလျှင်





လည်း လွန်စွာဆိမ့်သည်။

သို့သော် ကိုယ်ဝန်ဆောင်များကတော့ ပဒူဆံစားလျှင် ကိုယ်ဝန်ပျက်တတ်သည်ဟု အယူရှိကြသဖြင့် ပဒူဆံကို မစားဝံ့ကြပေ။ ပဒူဆံကပဲ အဆိပ်တက်လို့လား။

ဒါမှမဟုတ် ပဒူဆံမှာ ပဒူကောင်များ၏သားလောင်းများဖြစ်သဖြင့် မစားဝံ့ကြသလားတော့ မပြောတတ်ပေ။

ဦးထွန်းအောင်က မျောက်သားဟင်း ချက်နေရင်းမှာ ပင် တပည့်တစ်ယောက်က လာပြောသဖြင့် စိတ်ဝင်စားသွားလေသည်။

"ပဒူကျင်းက ဘယ်နေရာမှာ တွေ့ခဲ့တာလဲ"

"ကျွန်တော်တို့ သစ်ကွက်လိုက်ကြည့်ရင်းနဲ့ ဟိုဘက်တောင်ကြောဘက်မှာ တွေ့ခဲ့တာ၊ နောက်ပြီး အဲဒီဘက်မှာ အဆောက်အဦးအပျက်တွေလည်း တွေ့ခဲ့ရတယ်"

"ရှိမှာပေါ့. . . ဒီနေရာတွေက ရှေးကလူတွေ နေခဲ့တဲ့နေရာတွေ ရှိတာပဲ၊ ဒါထက် မင်းတို့ အလုပ်သမားတွေထဲမှာ ပဒူကျင်း ဖွပ်တတ်တဲ့လူ ပါသလား"

"သိပ်တော့ ကျွမ်းကျွမ်းကျင်ကျင် မလုပ်တတ်ကြဘူး၊ ဒါပေမယ့် သိပ်ခက်တဲ့အလုပ်မှ မဟုတ်တာ ဆရာရယ်၊ ဒီလိုပဲ ခိုင်းရင် ရမှာပါ"

သူ့ကို လာပြောသော တောအုပ်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ဒီလိုဆိုရင်လည်း ထမင်းစားသောက်ပြီး အဲဒီဘက်ကို တက်သွားကြတာပေါ့။ တကယ်လို့ ပဒူဆံလေး ဘာလေး ရတော့လည်း အရာရှိတွေကို လက်ဆောင်ပေးတော့ မျက်နှာကောင်း ရတာပေါ့ကွာ"

ဟု ပြောဆိုကာ မျောက်သားဟင်းနှင့် ထမင်းဝိုင်းဖွဲ့ကာ စားသောက်ကြလေသည်။

ထိုသို့ စားသောက်နေစဉ် တောထဲမှာ တဝေါဝေါနှင့် အသံကြားသဖြင့် လှမ်းကြည့်လိုက်သောအခါ သစ်တောများထဲမှာ တဝေါဝေါနှင့် ပဒူကောင်များ ပျံနေသည်ကို လှမ်းမြင်ကြရသည်။

"ပဒူတွေ ဘာကြောင့် လန့်ပျံနေတာလဲ မသိဘူး"

သူတို့အားလုံး လှမ်းကြည့်နေစဉ်မှာ ပဒူများက တောတွင်းတစ်နေရာသို့ ထိုးဆင်းကာ အသံများလည်း ပျောက်သွားလေတော့သည်။

ထိုအခါမှ ဦးထွန်းအောင်တို့လည်း ထမင်းကို လက်စသတ်ပြီးအောင် ဆက်စားကြလေသည်။

အချိန်က ညနေပိုင်းဘက်သို့ ရောက်လာခဲ့ချေပြီ။

ပုံတောင်ပုံညာကား အမှောင်ရိပ်များဖြင့် တန်ဆာဆင်စ ပြုနေချေပြီ။ မကြာခင် မိုးချုပ်တော့မည်။







အခန်း(၅)

# နေရာဟောင်းမှ အန္တရာယ်များ

မကြာခင် မိုးချုပ်တော့မည်။

နွေဦးပေါက်ကာလ ဖြစ်သော်လည်း နှင်းကြွင်းနှင်းကျန်များက မကုန်သေးပေ။

တောင်တန်းများပေါ်မှာ အမှောင်ရိပ်များက သန်းလာချေပြီ။ ဦးထွန်းအောင်တို့တတွေမှာ လိုအပ်သောပစ္စည်းများကို ယူဆောင်လာကြပြီးနောက် ပဒူကျင်း ရှိရာသို့ တက်လာကြလေသည်။

သူတို့ တက်လာတာ မြင်တော့ အိပ်တန်းတက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သော မျောက်များက တစ်ကောင်နှင့်တစ်ကောင် အော်ဟစ် အချက်ပေးသံများ ပေါ်ထွက်လာသည်။

တစ်ကောင်က အော်လိုက်သည်နှင့် အခြားတစ်ကောင် ကပါ လိုက်အော်ရာ အသံချင်း ဆက်သွားပြီး အတော်ဝေးဝေး နေရာမှပင် ကြားနေရသည်။

တောတက်သမားများအဖို့ ယခုကဲ့သို့ အမှောင်ရိပ် သန်း နေသော တောထဲမှာ အကြောင်းမရှိဘဲ မသွားလာကြပေ။

အဘယ်ကြောင့်ဆိုလျှင် ကျား၊ ကျားသစ် အစရှိသော တောကောင်ကြီးများက အရိပ်ကောင်းသော ခြုံများအတွင်း၌ တစ်နေကုန် အိပ်နေကြကာ အမှောင်ရိပ် သန်းတော့မှ အစာရှာ ဖွေရန် အပြင်သို့ ထွက်လာကြသည်။

ထိုအချိန်တွင် အခြားသတ္တဝါများက အိပ်နေကြပြီ။

ထိုသို့အိပ်နေသော သတ္တဝါများကို အသံပေး၍ လှန့် လိုက်လျှင် လန့်သွားပြီး ဟိုပြေးဒီပြေး ဖြစ်နေသော သားကောင် များကို အလွယ်တကူ ဖမ်းယူရရှိနိုင်ပေသည်။

သို့ကြောင့် ထိုအချိန်မျိုးတွင် အကြောင်းကိစ္စ အရေး မကြီးဘဲ တောတွင်းသို့ သွားလာခြင်းကို ရှောင်ကြဉ်ကြသည်။

ယခု ဦးထွန်းအောင်တို့အဖွဲ့မှာ ပဒူကျင်းဖော်ရန် အတွက် ညအချိန် အရဲစွန့်ကာ ထွက်လာကြခြင်းဖြစ်သည်။

ပဒူကျင်းအနီးသို့ နေ့ဘက် အလင်းရောင် ရှိသော အချိန်တွင် ကပ်၍မရပေ။ ထိုသို့ ကပ်သွားပါက ကင်းထောက်





ပဒူများက တွေ့မြင်သွားနိုင်သည်။

ပဒူကောင်သည် အနံ့ခံကောင်းရုံသာမက မျက်စိလည်း ရှင်သည်။ နေ့အချိန် ပဒူကျင်းအနီး ကပ်ပါက အန္တရာယ်များလှ သည်။ သို့ကြောင့် ညအချိန် ထွက်လာရခြင်းဖြစ်သည်။

"မင်းတွေ့ခဲ့တဲ့ ပဒူကျင်းက ဘယ်နားမှာလဲ ထွန်းခ"

"သိပ်မဝေးတော့ဘူး ဆရာ၊ ဒီတောင်ကုန်းတစ်ခု ကျော် ရင် ရောက်ပြီ"

"အဲဒါဆိုရင် အသံမကြားအောင် ဂရုစိုက်ကြ"

ဟု ပြောကာ ရှေ့သို့ တိုးခဲ့ကြသည်။

ထိုသို့ အမှောင်ထဲမှာ သွားရင်းမှပင် မတော်တဆ ပဒူ ကျင်းထဲ ကျမှာကို စိုးရိမ်နေရသည်။

အကယ်၍ အမှောင်ထဲမှာ သွားရင်း ပဒူကျင်းထဲ ကျပါ က အသက်ရှင်စရာလမ်း မရှိနိုင်တော့ပေ။

ထွန်းခ ပြောသည့်အတိုင်း တောင်ကုန်းတစ်ခု ကျော် သောအခါ မြေတောင်ကုန်းမို့မို့တစ်ခု ရှိရာသို့ ရောက်သွားကြ သည်။

"ဟိုရှေ့က နေရာပဲ ဆရာ"

နားစွင့်ကြည့်တော့ မြေအောက်တွင်းထဲမှ ပဒူကောင် များ ပျံနေသည့် လိုဏ်ခေါင်းသံကို မသဲမကွဲ ကြားနေရသည်။

"မင်းတို့ နေ့လည်က ကယ်ပေါက်ထွေကို အသေအချာ ကြည့်ခဲ့ မှတ်ခဲ့ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ခဲ့ပါတယ်"

တကယ်တော့ ထွန်းခမှာ ပဒုကျင်းကို တွေ့သည်နှင့်ပင် ဝမ်းသာအားရ ပြန်လာရာ ပဒုကျင်း၏ကယ်ပေါက်များကို အသေအချာ မကြည့်ခဲ့ပေ။

"ကဲ. . . ဒါဖြင့်လည်း အချိန်မရှိဘူး၊ အလုပ်စကြရအောင်၊ ပဒုကျင်းပေါ်ကို ရေဖျန်းပေတော့ဟေ့"

ဟု ပြောလိုက်သဖြင့် ဝါးလုံးရှည်ထိပ်တွင် တပ်ထားသော ခရားဖြင့် ပဒုကျင်းပေါ်သို့ ရေဖျန်းချလိုက်သည်။

ပဒုကျင်းတစ်ဝိုက်တွင် ကင်းစောင့်နေသော ပဒုကောင်များမှာ မိုးရွာချပြီအထင်နှင့် တွင်းထဲသို့ ဝင်ပြေးကြသည်။

ထိုအခါမှ အသင့်ယူလာသော ရွှံ့စေးများဖြင့် ပဒုကျင်း၏ကယ်ပေါက်မှန်သမျှ လိုက်လံပိတ်ဆို့ကြသည်။

ပဒုကျင်းအပေါ် တစ်ဝိုက်မှာ သစ်ရွက်ခြောက်များ ဖုံးနေသောကြောင့် ကယ်ပေါက်များကို ရှာရသည်မှာ မလွယ်လှပေ။

အားလုံးပိတ်ပြီးသောအခါ ပဒုကျင်းထဲသို့ ဝါးလုံးပြောင်းထိုးသွင်းလိုက်ပြီး ဆိတ်နံ့ကြီးပင် မီးရှို့ထားသော မီးခိုးမှိုင်းများကို ဝါးလုံးပြောင်းမှတစ်ဆင့် မှုတ်သွင်းလိုက်လေသည်။

မီးခိုးမှိုင်းများ မှုတ်သွင်းလိုက်စက ပဒုကျင်းထဲမှ ပျံနေသော ပဒုများအသံကို အတိုင်းသား ကြားနေရသည်။

"ဟုတ်ပြီ. . . ခပ်နာနာလေးသာ မှုတ်ထည့်ဟေ့"





"ပဒုကောင်တွေအထဲမှာ ငြိမ်သွားရင် ပဒုကျင်းကို ဖော်လို့ရပြီ"

"ဒီကနေ့ညတော့ ပဒုဆံကြော်နဲ့ လက်ဖက်ရည်ကြမ်းနဲ့ မြည်းရမယ်ဟေ့"

ဟု ခပ်တိုးတိုး ပြောနေကြစဉ် တွင်းထဲမှ ပဒုကောင်များ၏အသံက တဖြည်းဖြည်း ငြိမ်ကျသွားရမည့်အစား ပို၍ကျယ်လာလေသည်။

"ဟေ့. . . ထွန်းခ၊ မင်းမှုတ်နေတဲ့ မီးခိုးငွေ့က နည်းလို့ထင်တယ်၊ ပဒုပျံသံတွေက ပိုတောင်ကျယ်လာပါလား"

"မနည်းပါဘူး ဆရာရဲ့၊ ကျွန်တော်လည်း တအားမှုတ်သွင်းနေတာပါပဲ"

"မြန်မြန်မှုတ်စမ်းကွာ. . . တော်ကြာ ပဒုတွေ အပြင်ထွက်လာမှ ခက်ကုန်လိမ့်မယ်"

ထိုသို့ပြောနေရင်းမှာပင် ပဒုကောင်များ၏ပျံသန်းသံများက တဖြည်းဖြည်းနှင့် ပိုကျယ်လာကာ အချို့ အပြင်သို့ ပျံတက်လာသည်ကို တွေ့ကြရသည်။

"ဟာ. . . ပဒုကောင်တွေ အပြင်ပျံထွက်လာပြီဟ"

သူတို့ ပိတ်ထားသော ကယ်ပေါက်များမှာ အားလုံးမပိတ်မိသဖြင့် ကျန်နေသောအပေါက်မှ ပဒုများ ပျံထွက်လာခြင်းဖြစ်လေသည်။

"ဟေ့. . ဟေ့. . ပဒုတွေ ထွက်လာကုန်ပြီ၊ လူကြပါဦး



www.burmeseclassic.com

www.burmeseclassic.com



ဟ"

အော်ရင်းဟစ်ရင်းနှင့်ပင် အပြင်ဘက်သို့ ပျံထွက်လာသော ပဒူများက ထိုနေရာတစ်ဝိုက်တွင် ရောက်နေသောလူများကို တရကြမ်း လိုက်တုပ်လေတော့သည်။

ပဒူကောင်များမှာ အဆိပ်ပြင်းလှသော ပဒူနက် အမျိုးအစားများ ဖြစ်သဖြင့် တုပ်လိုက်သည်နှင့် မခံမရပ်နိုင်အောင် နာကျင်လှပေရာ နောက်ဆုံး ပစ္စည်းကိရိယာများကို လက်လွှတ်ထားခဲ့ရပြီး ခြေဦးတည့်ရာ ထွက်ပြေးကြရတော့သည်။

ဦးထွန်းအောင်ပင်လျှင် ကိုယ်၌ လွယ်ထားသော သေနတ်နှင့် လက်ထဲမှာ ကိုင်ထားသော ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကိုသာ ယူနိုင်ပြီး ခြေဦးတည့်ရာ ပြေးရတော့သည်။ ပဒူကောင်များကလည်း ၎င်းတို့အဆောက်အအုံနှင့် အသိုက်ကို လာရောက်ဖျက်ဆီးကြသော ရန်သူများကို တရကြမ်း လိုက်လံတုပ်လေတော့သည်။

သူတို့အထဲတွင် နောက်မှ လိုက်လာသော အလုပ်သမားတစ်ယောက်မှာ ပြေးရင်းလွှားရင်းနှင့် အခြားပဒူကျင်းတစ်ခုထဲသို့ ခြေထောက်ကျွံကျသွားရာ ပြန်မတက်နိုင်တော့ပဲ နာရီပိုင်းအတွင်းမှာ သေဆုံးသွားရလေသည်။

ပဒူကောင်များ ဝိုင်းဝန်းကိုက်ဖြတ်လိုက်သောကြောင့် အချိန်အနည်းငယ်မှာပင် အရိုးစုဘဝ ပြောင်းသွားရသည်။

ဦးထွန်းအောင်မှာ နောက်ပိုင်းမှာ ဘာတွေဖြစ်နေသည်





ကို မသိနိုင်တော့ပဲ ဘေးလွတ်ရာသို့ ပြေးမိပြေးရာ ပြေးလာခဲ့ရာ အဆောက်အဦး အပြိုအပျက်များ ရှိသောနေရာတစ်ခုသို့ ရောက်လာတော့သည်။

ပဒူကောင်များမှာလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်လာသည်။ သူပြေးလာတာ မြင်တော့ သစ်ပင်များအပေါ်မှာ ရှိနေကြသော မျောက်များနှင့် အဆောက်အဦးအပျက်များကြား၌ အိပ်နေကြဟန်ရှိသော မျောက်များက ဆူဆူညံညံ ထအော်ကြသည်။ ထိုအသံများကြောင့် သူ့နောက်သို့ ထပ်ကြပ်မကွာ လိုက်လာသော ပဒူကောင်များက မျောက်များ ရှိရာသို့ ပျံတက်ကာ လိုက်လံတုပ်လေတော့သည်။

မျောက်များမှာ ပဒူကောင်များ လိုက်လံတုပ်သဖြင့် ဆူဆူညံညံ အော်ဟစ်ကာ လွတ်ရာသို့ ထွက်ပြေးကြလေတော့သည်။

မျောက်များက ကယ်လိုက်သကဲ့သို့ ဖြစ်သွားသောကြောင့် ဦးထွန်းအောင်မှာ အတန်အသင့် သက်သာရာရသွားလေသည်။

သို့သော်လည်း တစ်ကောင်စ နှစ်ကောင်စ နောက်မှ လိုက်လာသောကြောင့် ဂူပေါက်ဝတစ်ခုအတွင်းသို့ ဝင်ပြေးရလေတော့သည်။

ထိုအခါမှပင် နောက်မှ လိုက်လာသော ပဒူကောင်များက ပြန်လှည့်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်မှာ ဂူအတွင်းသို့ ဝင်ပြေးရသော်လည်း ဘယ်နေရာ ရောက်လာမှန်း မသိရသေးပေ။

သူသည် တောထဲမှာ မရပ်မနား ပြေးခဲ့ရသဖြင့် မောလွန်းသောကြောင့် ဂူနံရံကို ကျောမှီကာ အတော်ကြာအောင် နားနေရသေးသည်။

နားစွင့်ကြည့်တော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

နှာခေါင်းထဲမှာတော့ အောက်သိုးသိုးအနံ့များ ရနေသည်။

"ပဒူကောင်တွေ ဒီအထဲအထိ လိုက်မလာကြလို့ တော်ပါသေးရဲ့၊ ငါဘယ်နေရာ ရောက်နေပါလိမ့်၊

ငါ့နောက်က လူတွေရော ဘယ်နေရာ ရောက်ကုန်ကြပါလိမ့်၊ တစ်ယောက်မှ အသံမကြားရတော့ဘူး၊

ငါတော့ ပဒူကောင်တွေ အန္တရာယ်က လွတ်လာလို့ ကံကောင်းတယ်လို့ ဆိုရမှာပဲ၊

အပြင်ဘက်မှာ ပဒူကောင်တွေ ရှိချင်ရှိနေနိုင်တယ်၊ ဒီညတော့ အပြင်ထွက်လို့ ဖြစ်မှာ မဟုတ်တော့ဘူး၊

ဒီညအဖို့တော့ ဒီအထဲမှာပဲ အိပ်ပြီး မနက်လင်းမှ ကိုယ့်နေရာ ပြန်တာပဲ ကောင်းလိမ့်မယ်"

ဟု တွေးကာ သူရောက်နေသော နေရာအခြေအနေကို လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။





မီးရောင်အောက်၌ မြင်နေရသော မြင်ကွင်းအချို့ကြောင့် ဦးထွန်းအောင်မှာ အနည်းငယ် အံ့ဩသွားလေသည်။

သူရောက်နေသောနေရာမှာ သာမန်သဘာဝအတိုင်းဖြစ်ပေါ်နေသော ဂူတစ်ဂူ မဟုတ်ဘဲ ရှေးဟောင်းအုတ်ချပ်ကြီးများဖြင့် ပြုလုပ်ထားသော ဂူဟောင်းတစ်ခုဖြစ်မှန်း သိရလေသည်။

ပုံတောင်ပုံညာဒေသတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာက လူသားအချို့ နေထိုင်သွားခဲ့သောကြောင့် ထိုနေရာမှာလည်း ရှေးလူတို့ နေထိုင်သွားသော နေရာဟောင်းတစ်ခု ဖြစ်လိမ့်မည်ဟုသာ စိတ်ထဲမှ ထင်လိုက်မိသည်။

အတွင်းပိုင်းမှာတော့ ရှေးဟောင်းအုပ်ချပ်ကြီးများဖြင့် ပြုလုပ်ထားသော ဂူနံရံများ၊ ပိုးချည်မျှင်များ နံရံ၌ အမြစ်တွယ်လျက် ပေါက်ရောက်နေသော ညောင်လန်းပင်နှင့် ညောင်ပင်ကိုင်းများကို တွေ့ရသည်။

ထိုညောင်လန်းကိုင်းများ၊ ညောင်ပင်ကိုင်းများကြား၌ ထူထပ်စွာ ရစ်ဖွဲ့ထားသော ပင့်ကူအိမ်၊ ပင့်ကူမျှင်များ ရှိလေသည်။ ထိုပင့်ကူမျှင်များ ရှိနေခြင်းကြောင့် သူ့အတွက် သက်သာရာ ရသွားခြင်းဖြစ်သည်ကို နောက်မှ သဘောပေါက်မိသည်။ နောက်မှ လိုက်လာသော ပဒူကောင်များက ပင့်ကူမျှင်များနှင့် တိုးမိလျှင် ပြန်မထွက်နိုင်မှာ သိသဖြင့် ဆက်မလိုက်တော့ဘဲ နောက်ကြောင်းပြန်လှည့်သွားခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်က လက်နှိပ်မီးရောင်ဖြင့် နေရာအနှံ့ လိုက်လံထိုးကြည့်သည်။

ဂူအတွင်းပိုင်းမှာတော့ အန္တရာယ်ရှိနိုင်သော အခြေအနေမျိုး မတွေ့ရပေ။

သို့စေကာမူ. . .

မီးရောင်ဖြင့် ထိုးလိုက်တိုင်း ဂူအတွင်းပိုင်းတစ်နေရာဆီမှ ပေါ်လာသော အနီရောင်အလင်းတစ်ခုကို မသဲမကွဲ လှမ်းမြင်ရသည်။ ထိုအရောင်မှာ မီးရောင်တစ်ခုကဲ့သို့ နီရဲနေသော်လည်း အနည်းငယ် ဝေးသောကြောင့် မသဲမကွဲသာ တွေ့မြင်ရသည်။ ဂူကြမ်းပြင်တစ်လျှောက်မှာလည်း မျောက်ချေး၊ လင်းနို့ချေးများ ပြန့်ကျဲနေသည်ကို တွေ့ရသည်။

၎င်းချေးနံ့များက လေဝေ့သည်နှင့် လှိုင်ထွက်နေ၏။

“မတတ်နိုင်ဘူး. . . ချေးနံ့တွေ ရှိလည်း ဒီဂူထဲမှာပဲ တစ်ညအိပ်ရမှာပဲ၊ အပြင်ထွက်နေရင် တခြားအန္တရာယ်တွေ ရှိချင်ရှိနိုင်တယ်”

ဟု တွေးတောကာ ဂူအတွင်းတစ်နေရာတွင် ညအိပ်ရန် ပြင်လေသည်။ သူသည် ဂူ၏အနည်းငယ် လုံခြုံမှုရှိသောနေရာတွင် ဝင်နားရင်း စောစောက လှမ်းမြင်ရသော မီးရောင်အကြောင်းကို စဉ်းစားနေမိသည်။

ထိုနေရာသို့ ချက်ချင်းဝင်ကြည့်ချင်သော်လည်း ညအချိန်မတော်ကြီး မသင့်သဖြင့် စိတ်လျှော့ကာ အိပ်လိုက်ရာ





အတန်ကြာသောအခါ အိပ်ပျော်သွားရာ အချိန်မည်မျှ ကြာသွားသည် မသိပေ။ နားထဲမှာ ဆူဆူညံညံအသံများကြောင့် ပြန်နိုးလာသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဂူအမိုးဘက်မှ လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များကို တွေ့ရသည်။

အော်သံများ ကြားတော့မှ ထိုသဏ္ဌာန်များမှာ မိုးလင်းကာနီးအချိန် အစာရှာရာမှ ပြန်ဝင်လာသော လင်းနို့များ ဖြစ်သည်ကို သိရလေသည်။

လင်းနို့များမှာ အကောင်အရေအတွက် များလှသောကြောင့် ဂူအမိုးနံရံတလျှောက် မည်းနေချေသည်။

အချိန်ကလည်း မိုးလင်းချိန် နီးလုနေပြီ။

“ဂူထဲမှာ လင်းနို့ချေးတွေရော မျောက်ချေးတွေရော တွေ့ရတယ်၊ လင်းနို့တွေတော့ ပြန်ဝင်လာကြပြီ၊ မျောက်တွေကတော့ ဘယ်အချိန် ရောက်လာကြသလဲ မသိဘူး”

ဟု တစ်ယောက်တည်း တွေးမိသည်။

မိုးလင်းလာသောအခါ လင်းနို့များ အော်သံမကြားရတော့ပေ။ ၎င်းတို့သည် ဂူကြီး၏အတွင်းပိုင်းဘက်သို့ ဝင်သွားကြဟန် ရှိလေသည်။

ထိုအခါမှ နေရာမှ ထကာ သေနတ်က တစ်ဖက်၊ လက်နှိပ်မီးက တစ်ဖက်ကိုင်ကာ အတွင်းသို့ ဝင်လာခဲ့သည်။

ဂူ၏အနေအထားမှာ အတွင်းပိုင်း ရောက်လေလေ ပိုမိုကျယ်ဝန်းလာလေလေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် အတွင်းပိုင်းဘက်၌ ကြီးမားသောနံရံများ အုတ်တိုင်ဟောင်းများကို တွေ့ရသည်။

ထိုနေရာမှာ အဆောက်အဦးဟောင်းကြီးတစ်ခုပင် ဖြစ်ပေသည်။ ဟောင်းနွမ်းပျက်စီး၍ ပြိုကျသည့်နေရာက ပြိုကျနေသော်လည်း ယခင်အချိန်က ခန့်ငြားထည်ဝါမှု ရှိနေကြောင်းကိုတော့ သိသာနိုင်သည်။

"ဒါ ရှေးကလူတွေ နေခဲ့တဲ့ နေရာဟောင်းတွေ ဖြစ်မယ်ထင်တယ်၊ ဂူပေါက်ဝကို ခြုံနွယ်ပိတ်ပေါင်းတွေက ကာဆီးထားလို့သာ အတွင်းဘက်မှ ဒါမျိုးတွေ ရှိနေတာကို မသိကြတာ ဖြစ်မယ်၊

ငါတော် ပြေးရင်းလွှားရင်းနဲ့ လမ်းပျောက်ပြီး ရောက်ခဲ့တာဖြစ်မယ်၊ အပြင်ထွက်တော့မှပဲ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သေသေချာချာ မှတ်ထားရမယ်"

ဟု တွေးတောမိသည်။

ဂူ၏အတွင်းပိုင်းမှာ အနည်းငယ်မှောင်နေသောကြောင့် လက်နှိပ်မီးရောင်ဖြင့် လိုက်လံထိုးကြည့်ရသည်။

အချို့နေရာများသို့ လက်နှိပ်မီးရောင် ရောက်သွားပါက 'ဝေါကနဲ့ . . ဝေါကနဲ' လန့်ပျံနေသော လင်းနို့များ၏အသံကို ကြားရလေသည်။

လင်းနို့များက ကျောက်တိုင်ကြီးများနှင့် အမိုးမျက်နှာကျက် ကျောက်ထပ်ပြားများကြား၌ ရှိနေကြလေသည်။





တစ်နေရာရောက်သောအခါ မီးရောင်ကြောင့် အနီရောင် အလင်းတန်းတစ်ခု 'လက်'ကနဲ ဖြစ်သွားသည်ကို သတိပြုမိလိုက်သည်။

"ဘာရောင်လဲ မသိဘူး"

ဟု တွေးကာ ထိုနေရာသို့ မီးဖြင့် အဆက်မပြတ် ထိုးကာ လျှောက်လာလေသည်။

အနီးသို့ ရောက်သောအခါ ကျောက်စင်တစ်ခုပေါ်မှာ ရုပ်တုအချို့ ရှိနေသည်ကို တွေ့ရသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီး ဖုံနှင့် ပင့်ကူမျှင်များ တွယ်ကပ်နေသဖြင့် မည်သည့်ရုပ်တုများ ဖြစ်သည်ကိုတော့ သဲသဲကွဲကွဲ မသိရပေ။

ရုပ်တုအတော်များများမှာ အရွယ်အစား အကြီးအသေး ကွာသလို ပုံသဏ္ဌာန်တို့ကလည်း ကွာခြားလေသည်။

အချို့အရုပ်ကြီးများမှာ လူတစ်ရပ်နီးပါး ကြီးပြီး အချို့အရုပ်များကတော့ လက်တစ်ဆုပ်စာလောက်ပင် မရှိချေ။

အသေအချာကြည့်တော့မှ ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်စသော တိရစ္ဆာန်အရုပ်များအပြင် ကျောက်ခေတ်လူသားများနှင့် ခပ်ဆင်ဆင်တူသော လူရုပ်များလည်း တွေ့ရသည်။

အချို့အရုပ်များမှာ ဘယ်ခေတ် ဘယ်အချိန်ကတည်းက ရှိနေသည်ကို မသိရဘဲ ပြိုကျပျက်စီးလျက်ရှိနေပြီး ဦးထွန်းအောင်က စောစောက အနီရောင် တွေ့လိုက်သောနေရာ



www.burmeseclassic.com

www.burmeseclassic.com



တဝိုက်သို့ လက်နှိပ်မီးဖြင့် လိုက်လံထိုးကြည့်လေရာ အရုပ်တစ်ရုပ်ကို ထိုးမိသောအခါ အနီရောင်များ ဖြာထွက်လာသည်။

ထိုအရုပ်ကို လက်နှိပ်မီးရောင်ဖြင့် မပြတ်ထိုးထားပြီး အနီးသို့ ကပ်ကြည့်သောအခါ တစ်တောင်ခန့် အမြင့်ရှိသော မျောက်ရုပ်တစ်ရုပ်ဖြစ်နေသည်ကို တွေ့ရသည်။

"မျောက်ရုပ်လေးပါလား"

မျောက်ရုပ်ကလေးမှာ ဒူးထောင်၍ ဆောင့်ကြောင့်ထိုင်နေဟန်ရှိပြီး လက်ထဲမှာ တစ်စုံတစ်ခုကို ကိုင်ထားလေသည်။

ဦးထွန်းအောင်က တအံ့တဩဖြင့် အနားကပ်သွားပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ အနီရောင်များ ထွက်နေသည်မှာ ကျောက်ရုပ်၏လက်ထဲ၌ ကိုင်ထားသော အရာဝတ္ထုမှ ဖြစ်ကြောင်း တွေ့ရသဖြင့် အနားကပ်သွားကာ အခြားအရုပ်များကြားမှ မျောက်ရုပ်ကလေးကို လက်တစ်ဖက်ဖြင့် ဆွဲထုတ်ယူလိုက်သည်။

အရွယ်အစားမှာ သိပ်မကြီးလှသဖြင့် ခပ်ပေ့ါပေါ့ ရှိမည်ဟု ထင်သော်လည်း တကယ်တမ်း ဆွဲယူလိုက်သောအခါ အတော်လေးလှပေသည်။

လက်ထဲ ရောက်လာပြီး ဖုံနှင့် ပင့်ကူမျှင်များကို ပွတ်သပ်ကြည့်လိုက်သောအခါမှ ထိုအရုပ်ကလေးမှာ ကျောက်သားတစ်မျိုးနှင့် ထုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဦးထွန်းအောင်က မျောက်ရုပ်လက်ထဲမှာ ကိုင်ထား





သော အရာဝတ္ထုကို လက်ဖြင့် ပွတ်သပ်၍ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အနီရောင်များ ပြန့်နှံ့သွားလေသည်။

"ဟာ. ."

ဝမ်းသာစိတ်ကြောင့် ရုတ်တရက် အသက်ရှူရန်ပင် မေ့သွားလေတော့သည်။

တကယ်တော့ သူ့လက်ထဲသို့ ရောက်နေသော မျောက်ရုပ်မှာ သလင်းကျောက်ဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသော မျောက်ရုပ်ဖြစ်ပြီး လက်ထဲ၌ ကိုင်ထားသောအရာမှာ အခြားမဟုတ်ပေ။

အရည်အသွေးကောင်းလှသော ပတ္တမြားတစ်လုံးပင် ဖြစ်ပေသည်။

"ဟာ. . . ပွတာပဲ၊ ငါတော့ ချမ်းသာပြီ၊ ဒီပတ္တမြားကို ရဖို့ ပဒူကောင်တွေက ငါ့ကို ဒီနေရာရောက်အောင် ပို့ပေးလိုက်ကြတာပဲ၊ ဒီပတ္တမြားကို ရောင်းလိုက်ရင် ငါတို့မိသားစုတွေ ချမ်းချမ်းသာသာ နေနိုင်ပြီ၊

ဒါပေမယ့် ဒီအကြောင်းတွေကို ဘယ်သူမှ အသိပေးလို့ မဖြစ်ဘူး၊ မျက်နှာဖြူအရာရှိတွေ သိသွားရင် အားလုံး သိမ်းယူသွားလိမ့်မယ်"

ဟု တွေးတောကာ မျောက်ရုပ်ကို အပေါ်အင်္ကျီချွတ်၍ ပတ်ထုပ်၍ ကြိုးဖြင့် သိုင်းချည်ကာ ကျော၌ လွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂူအတွင်းမှ အပြင်ဘက်သို့ ပြန်ထွက်လာတော့သည်။ သူထွက်လာသည့်လမ်းတစ်လျှောက်မှာ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ဂူအပြင်ဘက် ရောက်သည်အထိ အခြေအနေက ထူးထူးခြားခြား ငြိမ်သက်နေပြီးမှ မမျှော်လင့်သော အန္တရာယ်က ရောက်လာလေတော့သည်။

အခြားမဟုတ်ပေ။

သစ်ပင်များပေါ်မှ မျောက်များ၏အော်ဟစ်သံများက တစ်ပြိုင်နက် ပေါ်လာလေတော့သည်။

"ခွီး. . ခွီး. . ခွီး"

မျောက်များမှာ သာမန်ရိုးရိုးအော်သံမျိုးမဟုတ်ပဲ မာန်ဖီသံများဖြင့် အော်သံမျိုး ဖြစ်သောကြောင့် အပေါ်သို့ အလန့်တကြား မော့ကြည့်လိုက်သည်။

"ဟင်. . ."

မမျှော်လင့်သော မြင်ကွင်းကြောင့် ဦးထွန်းအောင်တစ်ယောက် မျက်လုံးပြူးသွားလေသည်။

အခြားမဟုတ်ပေ။

ရာပေါင်းများစွာသော မျောက်အုပ်ကြီးက သစ်ပင်သစ်ကိုင်းများအပေါ်မှ သူရှိရာသို့ ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။

ဦးထွန်းအောင်က ဟန်ကိုယ့်ဖို့ ဆိုသလို လက်ထဲမှာ





သေနတ်ဖြင့် မျောက်များ ရှိရာသို့ ထိုးချိန်လိုက်သည်။

ခါတိုင်းဆိုပါက မျောက်များသည် သေနတ်ကို မြင်သည်နှင့် ကြောက်လန့်တကြား ထွက်ပြေးပုန်းအောင်းကြသည်။

ယခုအခါ ထိုသို့မဟုတ်ပဲ နေရာမှ မရွေ့ဘဲ တခွီးခွီးနှင့် ဒေါသတကြီး မာန်ဖီနေကြသည်။

အချို့မျောက်များက ထွက်မပြေးသည့်အပြင် အောက်ဖက်သို့ပင် ဆင်းလာကြချေပြီ။

အခြေအနေက သိပ်မကောင်းတော့။

ထိုမျှ များပြားလှသော မျောက်အုပ်ထဲသို့ ရောက်သွားပါက သူ့မှာ ရှိသော သေနတ်မှာလည်း မည်သို့မျှ အားကိုး၍မရ မှန်း ရိပ်မိလိုက်သောအခါ ဦးထွန်းအောင်သည် သေနတ်ကို ကျစ်ကျစ်ပါအောင် ကိုင်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးလေတော့သည်။

သူထွက်ပြေးသည်ကို မြင်သောအခါ သစ်ပင်များပေါ်၌ ရှိနေသော မျောက်အုပ်ကြီးက သံပြိုင်ဟစ်အော်ကာ ဝိုင်းလိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၆)

# ခွဲခွာခြင်းတူညည်

ဦးထွန်းအောင်တစ်ယောက် မျောက်များ၏ဘေးအန္တရာယ်မှ လွတ်ကင်းသော စခန်းသို့ ပြန်ရောက်လာသော်လည်း နောက်ဆက်တွဲ အန္တရာယ်များကတော့ ဆက်ကာ ဆက်ကာ ပေါ်လာလေတော့သည်။

သစ်ကွက်များအတွင်း၌ အလုပ်လုပ်နေချိန်များတွင် မည်သည့်နေရာမှ ထွက်လာသည်မသိသော မျောက်များက လူများကို အန္တရာယ်ပေးလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်အုပ်ကြီး ရောက်လာပြီး ဝင်ရောက်တိုက်ခိုက်သောအခါ လူများကလည်း သေနတ်၊ ဓား၊ လှံတို့ဖြင့် ပြန်လည်တိုက်ခိုက်ကြရာ မျောက်များလည်း သေ၊ လူအချို့လည်း သေကြလေသည်။

လူတစ်ယောက်ကို မျောက်အကောင်နှစ်ဆယ်ကျော် သုံးဆယ်လောက်က ဝိုင်းဝန်းတိုက်ခိုက်ကြရာ ဘယ်လိုမှ မတတ်နိုင်ဘဲ သေဆုံးသွားကြသည်။

မျောက်များက လူတစ်ယောက် သေဆုံးသွားပါက ဝိုင်း၍ကိုက်ဖဲ့ဖျက်ဆီးရာ တစ်ခဏအတွင်း တစ်စစီ ဖြစ်သွားတော့သည်။

မျောက်များက လူသားကို မစားသော်လည်း တစ်စစီဖြစ်အောင် ကိုက်ဖဲ့ပစ်လိုက်သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးကြရခြင်းဖြစ်သည်။

အများအားဖြင့်တော့ ဦးထွန်းအောင် ပါဝင်သောအဖွဲ့များကို လိုက်လံတိုက်ခိုက်ကြလေရာ အလုပ်သမားများမှာ ဦးထွန်းအောင်နှင့် လိုက်ရမှာကို ကြောက်ရွံ့နေကြသည်။

တာဝန်အရ မလွှဲသာသဖြင့် လိုက်ကြရသော်လည်း တောတွင်းရောက်သောအခါ အလုပ်ကို ဖြောင့်အောင် မလုပ်ဝံ့ကြဘဲ ဘယ်အချိန် မျောက်အုပ်များ ဆင်းလာပြီး အန္တရာယ်ပြုမည်ကိုသာ ရင်တမမ ရှိနေကြလေသည်။

သို့ကြောင့် သတ်မှတ်ထားသောကာလအတွင်း သတ်





မှတ်ထားသော သစ်လုံးအရေအတွက်လည်း မရရှိသဖြင့် အထက်လူကြီးများ၏ငြိုငြင်မှုကို ခံရလေသည်။

သစ်တောစခန်းဝန်ထောက် မစ္စတာကက်နက်ကျော်ကိုယ်တိုင် ရုံးခန်းမှာ ခေါ်တွေ့ကာ သတိပေးရလေသည်။

"ဦးထွန်းအောင်. . . အခုတလော ခင်ဗျားတာဝန်ယူတဲ့ သစ်ကွက်တွေက သစ်လုံးတန်ချိန် အရေအတွက်တွေ အတော်ကလေး လျော့နေတယ်၊ ကြာရင် ခင်ဗျား အရေးယူခံရလိမ့်မယ်"

"ကျွန်တော်လည်း တတ်နိုင်သမျှ ကြိုးစားနေတာပါပဲ၊ ဒါပေမယ့် အလုပ်လုပ်တဲ့ တောနက်ထဲမှာ မျောက်တွေက ရောက်လာပြီး အန္တရာယ်ပေးနေကြလို့ အလုပ်ဖြောင့်အောင် မလုပ်နိုင်ကြတာပါ ဝန်ထောက်မင်း"

"တခြားအဖွဲ့တွေလည်း ဒီလိုပဲ သွားနေကြတာပဲ၊ တခြားအဖွဲ့တွေက ဘာပြဿနာမှ မဖြစ်ပဲ ခင်ဗျားပါတဲ့အဖွဲ့ကျမှ ဒီလိုဖြစ်နေကြတာ ဘာကြောင့်လဲ"

ထိုသို့မေးသောအခါ ဦးထွန်းအောင်မှာ ဘာမှပြန်မပြောသာသဖြင့် ခေါင်းငုံ့နေရလေသည်။

"ဘာပဲဖြစ်ဖြစ် တာဝန်ဟာ တာဝန်ပဲ၊ တာဝန်ယူထားရင်တော့ တာဝန်ကျေပွန်အောင် လုပ်ရမှာပဲ၊ အခု ခင်ဗျားတို့တတွေက တာဝန်မကျေတော့ သစ်လုံးအထွက် အတော်နည်းလာတယ်၊ ဒီတော့ ရန်ကုန်ရုံးချုပ်က အရာရှိကြီးတွေရဲ့ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မကျေပွန်ဘူးဆိုပြီး ထုချေလှာ တောင်းကြတယ်၊ ဒါ ကောင်းသလား”

မစ္စတာကက်နက်ကျော်အသံက ရုံးခန်းထဲမှာ ဟိန်း ထွက်နေလေသည်။

ဦးထွန်းအောင်မှာလည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမှ ပြန်မပြောသာပဲ ခေါင်းငုံ့နေရသည်။

“ခင်ဗျားကို ကျုပ်နောက်ဆုံးသတိပေးမယ်၊ ကိုယ့် တာဝန်ကို ကျေပွန်အောင်လုပ်ပါ၊ ခါတိုင်းလို သစ်လုံးတွေ သတ် မှတ်ချက် ချပေးတဲ့ စံချိန်ရအောင် လုပ်ပါ၊ တကယ်လို့မှ မလုပ် နိုင်ရင် အထက်ကို တင်ပြပြီး အရေးယူမှုတွေ လုပ်ရမယ်”

“ကျွန်တော် တာဝန်ကျေအောင် လုပ်ပါ့မယ် ဝန် ထောက်မင်း”

ဟု ပြောဆိုကာ မျက်စိမျက်နှာ မကောင်းစွာဖြင့် အိမ်သို့ ပြန်လာလေသည်။

အိမ်သို့ ပြန်ရောက်သော် သူဝှက်ထားသော မျောက်ရုပ် ကလေးကို ထုတ်ယူ၍ကြည့်လိုက်သည်။

အရည်အသွေးကောင်းလှသော ပတ္တမြားတစ်လုံးကို ကိုင်ထားသည့် သလင်းကျောက်မျောက်ရုပ်ကလေးက သူ့ကို ပြန်ကြည့်နေသယောင် ထင်ရလေသည်။

“ငါ အခုလိုဖြစ်နေတာတွေဟာ ဒီအရုပ် ကြိုဟ်မွှေလို့ ဖြစ်နေတာများလား၊ ဒီအတိုင်းဆိုရင် ဘယ်လိုလုပ်ရမလဲ၊





ဒီအရုပ်ကလေးကို သူ့နေရာကို ပြန်ပို့ပေးလိုက်ရရင် ကောင်းမလား၊

အို. . . ဒီလိုလည်း မဖြစ်သေးပါဘူး၊ ဒီလောက်တန်ဖိုး ရှိတဲ့ပစ္စည်းကို ကံကောင်းလို့ ရပြီးမှတော့ ပြန်မပို့နိုင်ပါဘူး၊ နောက်ဆုံး အလုပ်ထွက်ရရင်လည်း ငါတို့သားအဖနှစ်ယောက် အတွက်ကတော့ ပတ္တမြားကို ရောင်းချထားရင် တစ်သက်တော့ မဆင်းရဲနိုင်ပါဘူး”

ဟု တွေးတောကာ အရုပ်ကလေးကို အဝတ်စဖြင့် သေ သေချာချာ ပတ်ကာ ပြန်သိမ်းထားလိုက်လေသည်။

နောက်ပိုင်းမှာလည်း ဦးထွန်းအောင်နှင့် သွားသော အဖွဲ့သားများမှာ မျောက်များ၏ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူ၊ သေသူများ ရှိပြီး အလုပ်ကို ဖြောင့်အောင် မလုပ် ကြရသဖြင့် သစ်လုံးများ မရပြန်ပေ။

ထို့ထက် ပိုဆိုးလာသည်က မျောက်များမှာ တောထဲ ရောက်မှ နှောင့်ယှက်သည် မဟုတ်တော့ပဲ ညအချိန်များတွင် သစ်တောစခန်းကြီးဝိုင်းနားအထိ ဆင်းလာကြလေသည်။ ပတ် ဝန်းကျင်တစ်ခုလုံး မည်းမည်းလှုပ်မျှ များပြားသော မျောက်အုပ် ကြီးကို မြင်သောအခါ အစောင့်များပင် လန့်သွားကြသည်။

သေနတ်များဖြင့် ပစ်ခတ်ခြောက်လှန့်သော်လည်း ကြောက်ရွံ့မှု သိပ်မရှိလှပေ။

သို့ကြောင့် တစ်ဖွဲ့လုံး သေနတ်များကို ဆွဲ၍ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝိုင်းဝန်းပစ်ခတ်ကြတော့မှ တောထဲသို့ ပြန်ဝင်သွားကြသည်။

သို့သော်လည်း မျောက်များက ညတိုင်းလိုလို ရောက်လာကြသဖြင့် စခန်းမှာ လူများမှာ ကောင်းစွာမအိပ်ခဲ့ကြတော့ပေ။

အချို့အလုပ်သမားများကလည်း တောထဲမှာ ကြုံတွေ့ခဲ့ကြသော အတွေ့အကြုံများက ဝန်ထောက်အား ပြန်ပြောကြသည်။

"မျောက်တွေက တခြားလူတွေထက် တောအုပ်ကြီး ဦးထွန်းအောင်ကို အဓိကထားပြီး ရန်မူချင်ကြတာပါ ဝန်ထောက်မင်း"

"ဟုတ်ပါတယ် ဝန်ထောက်မင်း၊ သူ တောထဲ ရောက်တာနဲ့ ချက်ချင်းဆိုသလို မျောက်တွေ ရောက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြတော့တာပါပဲ"

"သူ့ကို ဘာကြောင့် မျောက်တွေက ရန်ငြိုးထားနေရတာလဲ"

မစ္စတာကက်နက်ကျော်က မေးလိုက်သည်။

"ကျွန်တော်တို့လည်း သေသေချာချာတော့ မသိရသေးပါဘူး၊ ဒါပေမယ့် သူ့မှာ မျောက်တွေနဲ့ ပတ်သက်ပြီး ရန်ငြိုးရန်စ တစ်ခုခုတော့ ရှိတဲ့ပုံပါပဲ"

"သူက မျောက်သားဆိုရင် သိပ်ကြိုက်တော့ တောထဲရောက်တာနဲ့ မျောက်တွေကို နည်းမျိုးစုံနဲ့ ပစ်ခတ်သတ်ဖြတ်ပြီး





စားတော့တာပဲ၊ ဒါကြောင့် သူမွေးထားတဲ့ကလေးက လူနဲ့ မတူဘဲ မျောက်နဲ့ တူနေတာ ဖြစ်ပါလိမ့်မယ်"

"သူရှိနေရင်တော့ မျောက်တွေကိုပဲ စောင့်ကြည့်နေရတာနဲ့ အလုပ်ဖြောင့်အောင် လုပ်ခဲ့ကြမှာ မဟုတ်ပါဘူး၊ အဆင်ပြေအောင် တစ်ခုခုတော့ စီစဉ်ပေးပါ ဝန်ထောက်မင်း"

ဟု တောအုပ်တောခေါင်းနှင့် အလုပ်သမားများက ဝိုင်းဝန်းပြောဆိုကြရာ သစ်တောဝန်ထောက်လည်း အထက်လူကြီးများထံ အစီရင်ခံစာ ရေးပို့ပြီး ဦးထွန်းအောင်ကို နယ်ပြောင်းပေးရန် စီမံရလေတော့သည်။

အထက်သို့ အစီရင်ခံစာ ရေးပို့ရာမှာတော့ အလုပ်တာဝန်ကျေပွန်စွာ မထမ်းဆောင်နိုင်သဖြင့် နယ်ပြောင်းပေးသင့်ကြောင်း မှတ်ချက်ရေးပို့လိုက်သည်။

အထက်အရာရှိကြီးများ ယုံကြည်မှု မရှိမှာစိုးသဖြင့် မျောက်များ လာရောက်နှောင့်ယှက်သောအကြောင်းကို ရေးမပို့တော့ပေ။

နှစ်ပတ်ခန့်ကြာသောအခါ ဦးထွန်းအောင်ကို အထက်ဘက် ရွှေလီသစ်တောသို့ ပြောင်းရွှေ့ရန် အမိန့်စာ ထွက်လာလေတော့သည်။

မစ္စတာကက်နက်ကျော်မှာ စိတ်မကောင်းသော်လည်း ထိုပြောင်းရွှေ့မိန့်ကို ဦးထွန်းအောင်လက်ထဲသို့ ထည့်ပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း ဒီလိုလုပ်ရတာ စိတ်မကောင်းပါဘူးဗျာ၊ တာဝန်အရဆိုတော့လည်း . . ."

"ကျွန်တော်နားလည်ပါတယ် ဝန်ထောက်မင်း၊ ကျွန်တော်လည်း ကျွန်တော့်အတွက်နဲ့ ဒီစခန်းမှာ အနှောင့်အယှက်ဖြစ်နေရတာကို စိတ်မကောင်းပါဘူး၊ အခုလို တနယ်တကျေး ဝေးရာကို ပြောင်းရတာကို ဝမ်းသာပါတယ်"

ဟု ပြန်ပြောလိုက်လေသည်။

ထိုသို့ ပြောင်းရွှေ့ရသည်ကို ဦးထွန်းအောင်က သဘောကျ ဝမ်းသာနေသော်လည်း ဝမ်းမသာနိုင်သူကတော့ သူ၏သမီးဖြစ်သူ မိုးဇာပင်ဖြစ်လေသည်။

မိုးဇာသည် မေရီခင်အပေါ်မှာ သံယောဇဉ်တွယ်ကာ စွဲလန်းနေသူဖြစ်သဖြင့် ထိုသို့ ခွဲခွာရတော့မည်ဆိုသောအခါ တရှုံ့ရှုံ့ ငိုကြွေးနေတော့သည်။

ပြောင်းကာနီးရက် ရောက်သောအခါ မေရီခင်က မိုးဇာရှိရာသို့ သွားကာ လက်ဆောင်ပေးရင်းနှင့် နှုတ်ဆက်လေသည်။

မေရီခင်က သူမ ဖခင်ကြီး ဝယ်ပေးထားသော ပလက်တီနမ် ဆွဲကြိုးကလေးကို လက်ဆောင်ပေးသည်။

"မိုးဇာ. . . နင်နဲ့ အခုလို ခွဲခွာရတာ ငါစိတ်မကောင်းပါဘူး၊ ငါတို့တွေ ကံမကုန်ကြသေးရင်တော့ တစ်နေ့ကျရင် ပြန်တွေ့ကြရမှာ. . . ဝမ်းမနည်းနဲ့နော်"

ထိုသို့ပြောရင်းမှပင် မိုးဇာခမျာ မျက်ရည်ပေါက်ကြီးများ





ကျဆင်းလာသည်။

"မိုးဇာက အစ်မလေးနဲ့ အမြဲတမ်း အတူတူ နေချင်တာ၊ နောက်ပြီး အစ်မလေးကို ဘယ်သူမှ ခင်မင်တာ မကြိုက်ဘူး၊ မိုးဇာတစ်ယောက်ထဲပဲ ခင်ချင်တယ်၊ ဒါပေမယ့် အခုတော့ အဝေးကြီးကို ခွဲသွားရတော့မှာပေါ့နော်"

"စိတ်မကောင်းမဖြစ်ပါနဲ့ မိုးဇာရယ်၊ ငါတို့လည်း မကြာခင် အဲဒီလို ပြောင်းချင်ပြောင်းလာမှာပေါ့၊ အဲဒီကျတော့မှ ငါတို့နှစ်ယောက် ပြန်တွေ့ကြတာပေါ့နော်"

ဟု နှစ်သိမ့်မှု ပေးလိုက်လေသည်။

ထိုစကားကြားသောအခါ မိုးဇာ၏မျက်နှာပေါ်မှာ မျှော်လင့်မှုများကြောင့် စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

"အစ်မလေး တကယ်ပြောတာနော်၊ မိုးဇာကတော့ အစ်မလေးကို အမြဲတမ်း သတိရနေမှာပဲ၊ ဖြစ်နိုင်ရင် အစ်မလေးနဲ့ အမြဲလာနေချင်တယ်"

"နင်နေနိုင်ရင် လာနေပေါ့ မိုးဇာရယ်၊ နင်လာနေတော့ ငါ့အတွက် အဖော်ရတာပေါ့"

ဟု ခပ်လွယ်လွယ်ပင် ပြောလိုက်လေသည်။

နောက်တစ်နေ့မှာပင် မိုးဇာတို့ သားအဖနှစ်ယောက် ဂန့်ဂေါသစ်တောစခန်းမှ ပြောင်းသွားကြလေတော့သည်။

မေရီခင်မှာ မိုးဇာအတွက် စိတ်မကောင်းဖြစ်မိသော်လည်း မိမိအနေနှင့် ဘယ်လိုမှ မတတ်နိုင်သောအခြေအနေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် ဒီအတိုင်းသာ နေရလေသည်။

ဦးထွန်းမောင်တို့သားအဖ စခန်းမှ ပြောင်းသွားပြီး နောက်မှာတော့ မျောက်များသည် သစ်တောစခန်းဘက်သို့ လာရောက်ခြင်း မရှိကြတော့ပေ။

နောက်တစ်လခန့် ကြာသောအခါ ဦးမင်းအောင်တို့နေအိမ်သို့ မစ္စတာကက်နက်ကျော်နှင့် မေရီခင်တို့ သားအဖနှစ်ယောက် ရောက်လာကြသည်။

"အလို. . . မစ္စတာကက်နက်ကျော်ပါလား၊ ကိုင်း. . . လာဗျာ"

ဟု အိမ်ထဲသို့ ဖိတ်ခေါ်ကာ အကျိုးအကြောင်း မေးကြည့်ရလေသည်။

"ကျုပ်တို့သားအဖ နယ်ပြောင်းရတော့မယ် ဦးမင်းအောင်၊ ဒါကြောင့် ခင်ဗျားတို့ကို လာပြီးနှုတ်ဆက်တာပါ"

"ဟင်. . . ဘယ်နေရာကို ပြောင်းရမှာလဲ"

"အထက်ပိုင်း သစ်တောတွေဘက်ကို ပြောင်းရမယ်ထင်တယ်၊ နေရာတော့ တိတိကျကျ မသိရသေးပါဘူး"

ထိုစကားပြောနေချိန်မှာ မစ္စတာကက်နက်ကျော်၏ မျက်နှာမှာ မကောင်းလှပေ။

"ဘာကြောင့် ပြောင်းရတာလဲ၊ တလောက သတင်းကြားလိုက်မိတယ်၊ စခန်းကို မျောက်တွေ ဝင်ပြီးနှောင့်ယှက်လို့ သစ်ထုတ်လုပ်မှုတွေ ကျဆင်းတယ်ဆိုလားပဲ၊ ဒီအတွက်ကြောင့်





ပြောင်းရွှေ့ရတာလား"

"အဲဒါလည်း ပါတာပေါ့ဗျာ၊ နောက်တစ်ခုက ကျုပ်ကိုယ်တိုင်ကလည်း ဒီမှာ ဆက်မနေချင်တော့လို့ ရွှေ့ပြောင်းဖို့တင်ပြီး ပြောင်းတာလည်း ပါပါတယ်"

"ဒီမှာ နေရတာ အဆင်မပြေလို့လား"

"အဆင်ပြေပါတယ်. . . ခင်ဗျားတို့ မိသားစုကိုတော့ တိုင်ပင်သင့်တဲ့လူတွေမို့ အားလုံးပြောခဲ့ပါမယ်၊ ကျုပ်ဇနီးက အိမ်က ပစ္စည်းအတော်များများကို ယူပြီးတော့ နောက်လူနဲ့ လိုက်သွားပြီဗျ"

ထိုစကားပြောသောအချိန်မှာ မစ္စတာကက်နက်ကျော်အသံမှာ အနည်းငယ် တုန်နေသည်။

နံဘေးနားမှာ ရှိသော မေရီခင်ကလည်း ခေါင်းငုံ့ကာ ငိုနေလေသည်။

ထိုစကားကြားသောအခါ ဦးမင်းအောင်နှင့် မင်းထင်ကျော်တို့မှာ များစွာအံ့သြသွားကြလေသည်။

"ဒါကြောင့် ကျုပ် ဒီမှာ ဆက်မနေချင်တော့တာနဲ့ ပြောင်းရွှေ့ဖို့ တင်လိုက်တာပါ၊ ကျုပ်အတွက် အလုပ်က အနားယူရမယ့်ပင်စင်ကလည်း သိပ်မလိုတော့ပါဘူး၊ ကျုပ်ပင်စင်ယူပြီးရင်တော့ ကျုပ်တို့သားအဖနှစ်ယောက် အေးချမ်းတဲ့ တစ်နေရာမှာ အတိမြုပ်ပြီး အေးအေးချမ်းချမ်း နေသွားဖို့ပဲ စိတ်ကူးထားပါတယ်၊ နောက်ဆိုရင် ကျုပ်တို့တတွေ ပြန်တွေ့ကြရဖို့ မလွယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ ဒါကြောင့် ခင်ဗျားတို့ကို လာပြီးနှုတ်ဆက်တာပါ"

ဟု ဝမ်းနည်းကြေကွဲသောအသံဖြင့် ပြောလေသည်။

ဦးမင်းအောင်မှာလည်း ဘယ်လိုနှစ်သိမ့်ရမှန်း မသိအောင် ဖြစ်နေလေသည်။

"လောကကြီးဟာ မရိုးသားမှုတွေ၊ သစ္စာမဲ့မှုတွေ၊ ရက်စက်မှုတွေ အတော်ကလေး များတယ်၊ ဖောက်ပြန်တဲ့လူ တစ်ယောက်ရဲ့အရိပ်မည်းကြီးဟာ အရွယ်ရောက်လာတော့မယ့် ကျုပ်သမီးလေးရဲ့အပေါ်ကို မကျရောက်စေရဘူး၊

သူ့ရဲ့အရှက်တရားကို ဖုံးကွယ်တဲ့အနေနဲ့ လူတွေနဲ့ ဝေးတဲ့နေရာမှာပဲ တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်လိုက်တာပါပဲဗျာ"

"ဒီလိုဆုံးဖြတ်တာကတော့ တဖက်သတ် ဆန်လွန်းတယ်လို့ပဲ ထင်တာပါပဲ၊ ဒီလိုလုပ်တော့ ခင်ဗျားသမီးလေးရဲ့ ပညာရေးတွေ ဘဝတက်လမ်းတွေကို ပိတ်လှောင်လိုက်သလို ဖြစ်မနေပေဘူးလား"

"ကျုပ်သမီးလေးကို ပညာတတ်တစ်ယောက်ဖြစ်ဖို့ထက် လူတွေရဲ့အကြောင်းကို နားလည်နိုင်သူတစ်ယောက်ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရမယ်၊ ဟန်ဆောင်မှုတွေ များတဲ့ လောကကြီးရဲ့အကြောင်း၊ ဖောက်ပြန်မှုတွေ များလွန်းတဲ့ လူတွေရဲ့အကြောင်းတွေကို သိအောင် နားလည်အောင် သင်ကြားပေးရမယ်ဗျ"





ဟု တုန်ယင်လှိုက်လှဲသောအသံကြီးဖြင့် ပြောနေလေရာ ဦးမင်းအောင်မှာ ဘာမှမပြောသာအောင်ဖြစ်နေတော့သည်။ ထိုအချိန်တွင် မင်းထင်ကျော်က မေရီခင်ကို အပြင်သို့ ခေါ်လာလေသည်။

မေရီခင်၏ဖြူဖွေးသော မျက်နှာလေးမှာ အဆက်မပြတ်ငိုကြွေးထားမှုကြောင့် ရဲရဲနီနေလေသည်။

မျက်ရည်စများက ပါးပြင်ပေါ်မှာ ရှိနေဆဲပင်။

"အခုလို မမျှော်လင့်ပဲ နင်နဲ့ ခွဲခွာရမှာကို ငါလည်း ဝမ်းနည်းမိပါတယ် မေရီရယ်၊ ဖြစ်နိုင်ရင် ငါ နင်နဲ့ တစ်သက်လုံးပဲ နေချင်ပါတယ်"

"ငါတို့သားအဖရဲ့ဘဝက သိပ်ပြီးကံဆိုးတာပဲ၊ မာမီကလည်း ငါတို့ကို ရက်ရက်စက်စက် ပစ်ပြေးသွားတယ်၊ ငါ သိပ်ခင်တဲ့ မိုးဇာကလည်း တစ်နေရာကို ထွက်သွားခဲ့ရပြီ၊ အခု နင်တို့နဲ့ပါ ခွဲခွာရတော့မယ်၊ ဘာကြောင့်များ ဒီလို ကံမကောင်းတဲ့ အဖြစ်အပျက်တွေကို ဆက်တိုက်ပေးနေရတာလဲ မသိတော့ပါဘူး"

"အို... ဒါတွေက အကြောင်းတိုက်ဆိုင်လို့ အခုလို ဖြစ်နေတာ နေမှာပါ၊ တစ်နေ့ကျတော့လည်း ဒါတွေအားလုံး မေ့သွားပြီး ပျော်ရွှင်စရာတွေနဲ့ တွေ့လာနိုင်တာပဲ"

"ငါ့ရဲ့မွေးနေ့ပွဲတုန်းက အကျီကို မီးလောင်တာ အတိတ်နိမိတ်မကောင်းခဲ့ဘူးနော်၊ အခုဆိုရင် ငါချစ်ခင်တဲ့လူတွေအားလုံးနဲ့ ခွဲခွာရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ စာတွေထဲမှာ တွေ့ဖူးတယ်၊ ခွဲခွာခြင်းဆိုတာ ပြန်လည်ဆုံတွေ့ဖို့ ခရီးအစပဲတဲ့၊ တို့တတွေ အခုလို ခွဲခွာကြရတာ တစ်နေ့နေ့မှာ ပြန်လည်ဆုံတွေ့ဖို့အကြောင်းလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ နင် မငိုနဲ့တော့နော်"

မင်းထင်ကျော်က မေရီခင်လက်ကလေးကို ကိုင်ကာ နှစ်သိမ့်မှု ပေးလိုက်လေသည်။

မေရီခင်က မျက်ရည်များဖြင့် စိုစွတ်နေသော မျက်လုံးဖြင့် မော့ကြည့်သည်။

"နင် ငါ့ကို အမြဲသတိရနေရမယ်နော်"

"စိတ်ချ . . . နင့်ကို ဘယ်တော့မှ မမေ့ဘူး၊ အမြဲသတိရနေမယ်၊ ငါကြီးလာလို့ ကိုယ့်ဘဝကို ရပ်တည်နိုင်တဲ့ တစ်နေ့ရောက်ရင် နင်ရှိတဲ့နေရာကို လာခဲ့ပါ့မယ်"

ထိုစကားကြောင့် မေရီခင် မျက်နှာပေါ်မှာ အနည်းငယ် စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။

ခွဲခွာခြင်းဟူသည် ပြန်လည်ဆုံတွေ့ရန်အတွက် ခရီးအစပင် ဖြစ်ပေသလော။







အခန်း(၇)

# နာဂရွာမှ သတင်းဆန်း

အတိတ်လွင်ပြင်တစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသော အကြောင်းများသည် နှစ်ကာလ ကြာမြင့်ခဲ့သော်လည်း ပူနွေးလတ်ဆတ်နေဆဲပင် ရှိသေး၏။

မေရီခင်နှင့် ခွဲခွာခဲ့ရသည်မှာ ယခုဆိုလျှင် ဆယ့်ငါးနှစ်ခန့် ကြာမြင့်ခဲ့ချေပြီ။

သို့တိုင်အောင် သူမအကြောင်းနှင့် ပတ်သက်လာလျှင် မနေ့တစ်နေ့ကပင် ဖြစ်ပျက်ခဲ့သကဲ့သို့ သတိရနေခဲ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေရီခင် မွေးနေ့ပွဲနေ့က သူမပေးထားခဲ့သော ရွှေရောင်နာရီကလေးမှာ ယခုတိုင် သိမ်းထားခဲ့သည်။

ထိုနေ့က နေ့ရက်၊ အချိန် နာရီအတိုင်း နာရီ၏လက်တံများကို ရပ်တန့်ထားခဲ့သည်။

ထို့ထက် သူမကို ကယ်တင်ရာမှ ရခဲ့သော မီးလောင်ဒဏ်ရာ အမာရွတ်များကလည်း အမှတ်တရ ဖြစ်စေသည်။

ထိုအမာရွတ်များကို မြင်တိုင်း အတိတ်မှ အကြောင်းများနှင့် စပ်လျဉ်း၍ မေရီခင်ကို ပြန်လည်သတိရမိလေသည်။

ဂန့်ဂေါသစ်တောစခန်းမှ ထွက်ခွာသွားခဲ့ပြီးနောက် ၎င်းတို့၏သတင်းများကို အစအနမျှပင် မကြားရတော့ပေ။ ရွှေလီမြစ်ဝှမ်းဘက်မှာလိုလို ဟူးကောင်းချိုင့်ဝှမ်းဘက်မှာလိုလို မသေချာသော သတင်းအချို့ကို ကြားရပြီး အဆက်အသွယ်များလည်း မရတော့ပေ။

နောက်ဆုံးရရှိသော သတင်းတစ်ခုကတော့ မစ္စတာကက်နက်ကျော်တစ်ယောက် အလုပ်မှ အနားယူသွားပြီးနောက် သမီးကလေးနှင့်အတူ တစ်နေရာသို့ ထွက်သွားခဲ့သည်ဆိုသော သတင်းဖြစ်သည်။

ထိုအရပ်ဘက်မှ နယ်ပြောင်းလာသော တောအုပ်တစ်ယောက်နှင့် ဆုံ၍ မေးကြည့်ရာမှ ထိုအကြောင်းကိုသာ သိရပြီး မည်သည့်နေရာဒေသသို့ ထွက်သွားသည်ကိုတော့ မသိရပေ။

ယခုတော့ မင်းထင်ကျော်မှာလည်း ဒေါက်တာမင်းထင်





ကျော်ဘဝသို့ ရောက်ခဲ့ချေပြီ။

မိဘနှစ်ပါး မရှိကြတော့သည့်နောက်ပိုင်း ဂန့်ဂေါဘက်မှ အိမ်နှင့် လုပ်ငန်းအားလုံးကို ရောင်းချခဲ့ပြီး ရန်ကုန်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။

ဘူမိဗေဒဘာသာရပ်ဖြင့် "ဒေါက်တာဘွဲ့" ရခဲ့ပြီးနောက် မိမိဝါသနာပါသော သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခဲ့လေသည်။ ရှေးဟောင်းသုတေသနလုပ်ငန်းများ လုပ်ကိုင်နေရင်းမှပင် နေရာဒေသအနှံ့သို့ ခရီးသွားလာခဲ့လေသည်။

ထိုသို့ ခရီးသွားလာရင်း သုတေသနလုပ်ငန်းများ၊ ရတနာပစ္စည်း ရှာဖွေရေးလုပ်ငန်းများကို စွန့်စွန့်စားစား သွားလာလုပ်ကိုင်ရာတွင် အောင်မြင်မှုများ ရရှိခဲ့သလို အသက်ဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသောအဖြစ်များစွာတို့နှင့်လည်း ကြုံတွေ့ခဲ့ရပေသည်။

ထိုကာလတစ်လျှောက်လုံး သူနှင့် မိတ်ဆွေရင်းချာများဖြစ်ခဲ့ကြသော စာရေးဆရာ အောင်မင်းအောင်၊ ဆရာကြီးသူရဇ္ဇ ဦးဗန်ကောင်း၊ နီမောင်၊ ကျော်စွာ၊ ဦးမွန်ထော်၊ ဖမုန်းထန်၊ စောထီး၊ ငမဲအောင် အစရှိသူတို့မှာ သူနှင့် ခရီးသွားဖော်များဖြစ်ခဲ့ကြသလို သေဖော်ရှင်ဖက် လက်တွဲဖော်များ ဖြစ်ခဲ့ပေသည်။

ထိုကာလအတွင်း ခရီးသွားခဲ့သောနေရာများ ရောက်တိုင်း မေရီခင်တို့ သားအဖအကြောင်းကို တစေ့တစောင်း လှေလာစုံစမ်းကြည့်တော့လည်း မရခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ဒေါက်တာမင်းထင်ကျော် ရှိရာသို့ ၎င်း၏ မိတ်ဆွေကြီး ဦးဗန်ကောင်း ရောက်လာလေသည်။

၎င်းနှင့်အတူ ကုလားနှင့် ပုံသဏ္ဌာန်တူသော လူတစ်ယောက်လည်း ပါလာသည်။

အိမ်ထဲ ရောက်၍ အကျိုးအကြောင်း မေးကြည့်သော အခါ ဦးဗန်ကောင်းက. . .

"သူ့နာမည်က ပေါက်ကျိုင်းလို့ ခေါ်ပါတယ်၊ သူက အိန္ဒိယ မြန်မာနယ်စပ်ဘက်က ရွာကလေးတစ်ရွာမှာ နေတယ် မောင်ထင်ကျော်"

ဟု မိတ်ဆက်ပေးသည်။

ဒေါက်တာမင်းထင်ကျော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး ထိုသူကို အကဲခတ်ကြည့်လိုက်သည်။

ပေါက်ကျိုင်းမှာ အသက်သုံးဆယ်ကျော်အရွယ်ခန့် ရှိပြီး အသားမည်းမည်းနှင့် ကျစ်လစ်ကြံခိုင်သော လူတစ်ယောက်ဖြစ်လေသည်။

"ကဲ. . . ပေါက်ကျိုင်း၊ မင်းတွေ့ခဲ့ရတဲ့အကြောင်းတွေကို မောင်ထင်ကျော်ကို ပြောပြလိုက်ပေတော့"

"ကျွန်တော်က မုဆိုးတစ်ယောက်ဆိုတော့ တောထဲတောင်ထဲကို အမြဲသွားလာနေရတယ်၊ တစ်နေ့တော့ ခန္တီးရဲ့ အနောက်ဘက် စာရာမေတီ တောင်ဘက်ကို ရောက်သွားခဲ့တယ်၊ အဲဒီဘက်က လူနေအိမ်ခြေ မရှိဘူး၊ တောင်တန်းတွေ၊





တောနက်ကြီးတွေပဲ ရှိတယ်၊ အဲဒီနေရာ ရောက်တော့ ထူးဆန်းတဲ့နေရာတစ်ခု တွေ့ခဲ့ရတယ်"

"ဘယ်လိုထူးဆန်းတာမျိုးလဲ"

"ရှေးဟောင်း အဆောက်အဦးအပျက်တွေရဲ့ကြားထဲမှာ မျောက်တွေ အများကြီး တွေ့ခဲ့ရတယ်၊ အဲဒီမျောက်တွေရဲ့လက်ထဲမှာ အရောင်တဝင်းဝင်းနဲ့ အရာဝတ္ထုတစ်ခုလည်း တွေ့ရတယ်၊ ကျွန်တော်တို့ သေနတ်နဲ့ ပိုင်းပစ်တာ တစ်ချက်မှ မီးမကူးဘူး ဆရာ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က

"အဲဒါ ဘာပစ္စည်းဖြစ်မလဲ အဘ"

ဟု မေးလိုက်သည်။

"အမြုတေ တစ်မျိုးမျိုး ဖြစ်မှာပေါ့"

"ဘယ်လိုအမြုတေမျိုး ဖြစ်နိုင်သလဲ"

"သဘာဝဓါတ်တွေထဲမှာတော့ တေဇောဓာတ် လွန်ကဲပြီး အမြုတေ ဖြစ်နေတဲ့ မိုးကြိုးသွားဟာ သံလိုက်ဓာတ်တွေ အားလုံးကို နိုင်ပြီး မီးမကူးနိုင်ဘူး"

"နောက်ထပ်ရော ဘာတွေရှိသေးလဲ"

"တိရစ္ဆာန်တွေမှာလည်း အမြုတေဓာတ် ကိန်းနေရင် သေနတ်နဲ့ ပစ်လို့ မီးမကူးဘူး၊ ဥပမာ ဝက်တောင်းမာန်စွယ်တို့ ဆင်မာန်စွယ်တို့၊ ချိုးအမြုတေ စတဲ့အရာတွေဟာလည်း မီးမကူးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"နောက်ထပ် ပုလဲလို့ ခေါ်တဲ့ အမြုတေခတ်တွေလည်း ရှိသေးတယ်၊ အဲဒီခတ်မျိုးက အားလုံး (၈)မျိုးရှိတယ်၊ သက်ရှိတိရစ္ဆာန်က ဖြစ်တဲ့ အမြုတေပုလဲက (၆)မျိုးနဲ့ သဘာဝအတိုင်းဖြစ်တဲ့ အမြုတေခတ်က (၂)မျိုးရှိတယ်၊ အဲဒီအမြုတေ (၈)မျိုးကို ပုလဲစာရင်းမှာ ထည့်ကြတယ်"

"ရှင်းပြပါဦး အဘ"

"အဲဒီအမြုတေ(၈)မျိုးက (၁)ဆင်ဦးကင်းမှ ဖြစ်သော ရွှေရောင်အဆင်းရှိတဲ့ အမြုတေခတ်ပုလဲ၊ (၂)ဝက်စွယ်မှာ ရှိတဲ့ ဝက်စွယ်အဆင်းရှိတဲ့ အမြုတေခတ်ပုလဲ၊ (၃) မြွေဦးခေါင်းမှာ ဖြစ်တဲ့ စိမ်းညိုတောက်ပသော အရောင်ရှိတဲ့ အမြုတေခတ်ပုလဲ၊ (၄) ပင်လယ်ထဲမှာ ရှိတဲ့ မုတ်ကောင်မှာ ဖြစ်တဲ့ အမြုတေပုလဲ၊ (၅) ခရုသင်းကောင်က ဖြစ်တဲ့ ခရုသင်းအဆင်းရှိတဲ့ပုလဲ၊ (၆) ငါးဦးခေါင်းမှာ ဖြစ်တဲ့ ငါးဖယ်ကျောက်ကုန်းအဆင်းရှိတဲ့ အမြုတေခတ်ပုလဲ၊ ခြောက်မျိုးက သက်ရှိသတ္တဝါက ဖြစ်တဲ့ အမြုတေခတ်တွေပဲ"

"ကျန်တဲ့နှစ်မျိုးကရော ဘာတွေလဲ"

"နောက်နှစ်မျိုးကတော့ ဝါးပင်မှာ အမြုတေခတ်ကိန်းတဲ့ စပျစ်သီးစိမ်းရောင် ရှိတဲ့ အမြုတေ ခတ်ပုလဲနဲ့ ကောင်းကင်တိမ်တိုက်ထဲမှာ သဘာဝအလျောက် ဖြစ်တဲ့ အမြုတေခတ်ပုလဲပဲ၊ ကောင်းကင်တိမ်တိုက်ထဲမှာ ဖြစ်တဲ့ အမြုတေခတ်ပုလဲ





ကတော့ တန်ခိုးရှိတဲ့နတ်တွေသာ သုံးစွဲနိုင်ကြတယ်"

"တချို့ဆင်တွေ၊ ဝက်တွေ၊ မြွေတွေကို ဓားနဲ့ ခုတ်လို့မရ၊ လှံနဲ့ ထိုးလို့မရ၊ သေနတ်နဲ့ ပစ်လို့ မီးမကူးတာတွေဟာ အမြုတေခတ်တွေကြောင့်ပဲလား အဘ"

"အမှန်ပေါ့. . . တချို့မာန်စွယ်မှာ အမြုတေခတ် ရှိတဲ့ ဝက်တောင်းတွေကို သေနတ်နဲ့ ပစ်လို့ မီးမကူးဘူး"

ထို့နောက် ပေါက်ကျိုင်းက ဆက်ပြောပြန်သည်။

"အဲဒီနေရာက နာဂတောင်တန်းကြီးရဲ့အနောက်ဘက်မှာ ရှိပြီး ရက်စက်ကြမ်းကြုတ်တဲ့ လူရိုင်းတွေလည်း အများကြီးရှိတယ်၊ သူတို့က အဲဒီနေရာတွေကို လူတွေလာတာ မကြိုက်ကြဘူး၊ တွေ့တာနဲ့ သတ်ပစ်ကြတယ်၊ အရှင်ဖမ်းမိရင်လည်း ယဇ်ပူဇော်လိုက်ကြတာပဲ"

ထိုအကြောင်းများကတော့ ဒေါက်တာမင်းထင်ကျော်တို့အတွက် မဆန်းတော့ပေ။

သူတို့သည် ထိုနေရာများသို့ တစ်ခေါက်နှစ်ခေါက်မက ရောက်ခဲ့ဖူးသောကြောင့်ဖြစ်သည်။

"ဘာကြောင့် တခြားလူတွေ လာတာ မကြိုက်ကြတာလဲ"

"ကျွန်တော်ကြားရသလောက်တော့ အဲဒီမြို့ဟောင်းဘက်မှာ ရတနာစွည်းတွေလည်း ရှိတယ်၊ အဖိုးတန်တဲ့အဆောင်တွေလည်း ရှိတယ်၊ နောက်ပြီး ထူးဆန်းတဲ့အရာတွေလည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ သတင်းကြားရပါတယ်"

"အခု ကျွန်တော့်ဆီ လာတာ ဘာအတွက်လဲ"

"ကျွန်တော်တို့က အဲဒီဘက်ကို သွားချင်တယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာ တူမီးသေနတ်နဲ့ လေးနဲ့မြားလောက်ပဲရှိတယ်၊ အဲဒီတော့ သေနတ်များများရှိတဲ့ ဆရာတို့အဖွဲ့နဲ့ အတူတူ သွားချင်လို့ လာပြောတာပါ"

ပေါက်ကျိုင်းက သူဖြစ်ချင်တာကို ပွင့်ပွင့်လင်းလင်းပင်ပြောလေသည်။

"တကယ်လို့ အဲဒီခရီးစဉ် အောင်မြင်ရင် ကျွန်တော်တို့အတွက်က ရတနာပစ္စည်းတွေ မလိုဘူး၊ ဆရာတို့ပဲ ယူပါ၊ ကျွန်တော်တို့က အစွမ်းထက်တဲ့ မသေဆေးကိုပဲ ရှာယူမှာပါ"

"ဘယ်လို. . . မသေဆေးပင်ဆိုတာ တကယ်ရော ရှိလို့လား"

"ရှိပါတယ်၊ လူရိုင်းတွေ အမြတ်တနိုးထားတဲ့ 'အဆက်ကလူစီ' ဆိုတဲ့ဆေးပင်တစ်မျိုးဟာ ရောဂါမှန်သမျှ ဒဏ်ရာမှန်သမျှတို့ကို ပျောက်ကင်းပြီး အသက်ရှည်စေပါတယ်"

"ငါတော့ အဆက်ကလူစီဆိုတဲ့ ဆေးပင်ရှိတယ်ဆိုတာကို ကြားပဲ ကြားဖူးသေးတယ်၊ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ အခု မင်းပြောတာ ကြားတာနဲ့တင် အတော်စိတ်ဝင်စားတယ်ဟေ့"

ဦးဗန်ကောင်းက အားရဝမ်းသာ ဝင်ပြောလေသည်။

"အဲဒီဆေးပင်မျိုးက ဘယ်လိုနေရာမျိုးမှာ ပေါက်တာ





လဲ"

"ကျောက်တောင်တွေပေါ်က ကျောက်ဂူတွေထဲမှာ ပေါက်လေ့ရှိပါတယ်၊ အများအားဖြင့်တော့ အဲဒီဆေးပင် ပေါက်တဲ့နေရာတွေမှာ ကျောက်သွေးတွေ ထွက်တဲ့နေရာတွေ ရှိပါတယ်"

"အော်. . . ဒါကြောင့် အဆက်ကလူစီပင်တွေဟာ အသက်ရှည်ဆေးပင်တွေ ဖြစ်တာကိုး၊ ကျောက်သွေးဆိုတာ သီတဓာတ်ကိန်းတဲ့ အသက်ရှည်ဆေးပင်တစ်မျိုးပဲ"

ဟု ပြောပြသည်။

မုဆိုးပေါက်ကျိုင်း ပြောပြသောအချက်များကို ဒေါက်တာ မင်းထင်ကျော်ကလည်း စိတ်ဝင်စားလေသည်။

"ဆရာတို့ စိတ်ဝင်စားရင် ကျွန်တော်တို့ အတူတူ လိုက်ခဲ့ကြဖို့ပါပဲ"

"ခရီးသွားတယ်ဆိုတာ အခုချက်ချင်းတော့ သွားလို့မရဘူး၊ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမှာဆိုတော့ ရက်တော့ ကြာဦးမှာပေါ့၊ ခင်ဗျား ဒီမှာပဲ အေးအေးဆေးဆေး တည်းနိုင်ပါတယ်"

"ရပါတယ် ဆရာ၊ ကျွန်တော်မှာ အခြားအဖော်နှစ်ယောက်လည်း ပါသေးတာဆိုတော့ သူတို့နဲ့ပဲ တည်းပါမယ်၊ ခရီးသွားကာနီးမှပဲ ဆရာတို့နဲ့ လာတွေ့ပါ့မယ်၊ အော်. . . နောက်တစ်ခု ပြောစရာ ကျန်သေးတယ်"

"ဘာများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ အဲဒီနေရာနဲ့ နီးတဲ့ တောင်ပေါ်မှာ တိုင်းရင်းသားတွေ နေတဲ့ရွာတစ်ရွာ ရှိတယ်၊ အဲဒီရွာက တိုင်းရင်းသား တွေကတော့ လူတွေကို မသတ်ဘူး၊ သူတို့ဖာသာ စိုက်ပျိုး မွေးမြူပြီး စားသောက်ကြတယ်၊ အဲဒီရွာသားတွေကို အုပ်ချုပ်နေတာက လူရိုင်းမဟုတ်ဘူး"

"ဘယ်သူလဲ"

"အင်္ဂလိပ်မျက်နှာဖြူ အဘိုးကြီးတစ်ယောက်ပဲ".

"ဟင်.."

"နောက် သူ့မှာ သမီးတစ်ယောက်လည်း ရှိတယ်၊ တစ်ရွာလုံးမှာ ရှိတဲ့ နာဂတွေက သူတို့သားအဖကို ချစ်ခင်လေးစားကြတယ်"

"ခင်ဗျား အဲဒီရွာကို မှတ်မိသေးလား"

"သိပ်တော့ မမှတ်မိဘူး ဆရာ၊ ကျွန်တော်တို့လည်း မျက်စိလည်ပြီး ရောက်သွားကြတာဆိုတော့ လမ်းတော့ မသိတော့ဘူး၊ ဒါပေမယ့် ဒီလိုပဲ မှန်းပြီးသွားရင်တော့ ရောက်နိုင်မယ် ထင်တာပဲ"

ပေါက်ကျိုင်း၏စကားသည် ဒေါက်တာမင်းထင်ကျော်၏စိတ်ကို များစွာလှုပ်ရှားသွားလေသည်။

"ဒါထက် အဲဒီအင်္ဂလိပ် မျက်နှာဖြူအဘိုးကြီးက ဘယ်လိုပုံစံမျိုးလဲ၊ နောက်ပြီး သူတို့ရဲ့နာမည်တွေရော သိခဲ့လား"

"နာမည်တွေတော့ မသိခဲ့ရဘူး၊ တစ်ရွာလုံးကတော့





သူ့ကို ဆရာကြီးလို့ပဲ ခေါ်သံကြားခဲ့ရတယ်၊ ပုံပန်းသဏ္ဌာန်က အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနဲ့ပဲ"

ဟု ပြောပြလေသည်။

"အခုလို လာပြောတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ခရီးထွက်ဖို့အတွက် အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်ရာ ပေါက်ကျိုင်းလည်း ဝမ်းသာစွာဖြင့် ပြန်သွားလေတော့သည်။

ဦးဇန်ကောင်းလည်း ပြန်လိုက်သွားလေသည်။

သူတို့ပြန်သွားသည့်တိုင် ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌ လှုပ်ရှားလျက်ပင် ရှိနေသေးသည်။

နာဂရွာကို အုပ်ချုပ်နေသော 'မျက်နှာဖြူအဘိုးကြီးနှင့် သူ့သမီး' ဆိုသောစကားက ပုန်းကွယ်နေသော နှလုံးသားကို လှုပ်နှိုးလိုက်သကဲ့သို့ ရှိလေသည်။

ပေါက်ကျိုင်းတို့ တွေ့ခဲ့သည်ဆိုသော မျက်နှာဖြူလူကြီးမှာ ခြေရာပျောက်သွားသော မစ္စတာကက်နက်ကျော်နှင့် မေရီခင်တို့ သားအဖပင် ဖြစ်နေသလော။

ထိုအတွေးကပင် စိတ်အစဉ်ကို နိုးကြွလာစေသည်။

"ဟုတ်မဟုတ် မသိရသေးပေမယ့် ဒီအကြောင်းကို ကြားလိုက်ကတည်းက ငါ့စိတ်တွေ လှုပ်ရှားလာလိုက်တာ၊ ဒီခရီးကို အခုတောင် ချက်ချင်းထပြီးသွားလိုက်ချင်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးတောကာ ချက်ချင်းဆိုသလိုပင် မိမိတို့နှင့် လိုက်ပါမည့် အဖွဲ့သားများကို အကြောင်းကြားခြင်း၊

လိုအပ်သော လက်နက်များကို စုဆောင်းခြင်း၊ အခြား အသုံးအဆောင်ပစ္စည်းများကို ရှာဖွေဝယ်ယူခြင်းများကို စိတ်အားတက်ကြွစွာ ပြုလုပ်လေတော့သည်။







အခန်း (၈)

# တောကြီးမာယာ ဝဋ်ဝါ

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ငါးယောက်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ ကျော်စွာ၊ စောထီး၊ ငမဲအောင်တို့ဖြစ်ကြသည်။

ပေါက်ကျိုင်းတို့အဖွဲ့က သုံးယောက်ဖြစ်သည်။

ဦးစွာ ရန်ကုန်မှ ခန္တီးရောက်အောင် အရင်သွားကြ သည်။ အနောက်ဘက်တောင်တန်းများဘက်သို့ ခရီးဆက်ကြရာတွင် ခန္တီးမြို့သည် အချက်အချာကျသော နေရာတစ်ခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ခန္တီးမြို့၌ ခရီးတစ်ထောက်နားကာ လိုအပ်သောပစ္စည်းများကို ထပ်မံဖြည့်ဆည်းကြရသည်။

နောက်ပိုင်းခရီးများမှာ တောင်ပေါ်လမ်း၊ တောနက်အတွင်း သွားရသောလမ်းများဖြစ်သဖြင့် ပစ္စည်းတင်ရန် လားများ ရရန် စီစဉ်ကြရသည်။

ပေါက်ကျိုင်းတို့က ခန္တီးမြို့ပေါ်မှာ နယ်ခံများ ရှိသဖြင့် ဝန်တင်လားများ ရနိုင်ရန် အကူအညီပေးကြသည်။

နာဂများ နေထိုင်သော တောင်ပေါ်လမ်းများမှာ တစ်နေရာနှင့်တစ်နေရာ အလှမ်းဝေးသည့်အပြင် အဆက်အသွယ်ကလည်း ခက်ခဲလှသဖြင့် ဝန်တင်လား မရှိလျှင် ခရီးသွား၍မဖြစ်နိုင်ပေ။

သို့ကြောင့် ခန္တီးသို့ ရောက်သောအခါ သေနတ်၊ ခဲယမ်း၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အခြားအသုံးအဆောင်ပစ္စည်းများကို လိုလေသေး မရှိအောင် ဝယ်ယူဖြည့်ဆည်းရသည်။

ထို့ပြင် လားများကိုလည်း ပြည့်စုံအောင် ရရှိဖို့ ကြိုးစားကြရသည်။ မြန်မာ အိန္ဒိယနယ်စပ်တစ်လျှောက်မှာ တောနက်နှင့် တောင်တန်းကြီးများသာ ရှိပြီး တစ်နေရာနှင့်တစ်နေရာ အလှမ်းဝေးလှသော နာဂရွာကလေးများသာ တွေ့နိုင်တော့သည်။

တောင်ပေါ်ဒေသတွင် လေရှီးမြို့နယ်၊ လဟယ်မြို့နယ်





နှင့် နန်းယွင်းမြို့နယ်ဟူ၍ သုံးမြို့နယ်သာ ရှိလေသည်။ အောက်ပိုင်း ချင်းတွင်းမြစ်ကမ်း၌ ရှိသော ထမံသီရွာမှ မြောက်ပိုင်း အိန္ဒိယနယ်စပ်ရှိ ဖန်ဆောက်မြို့ကလေး ရောက်အောင် ရှည်လျားသော တောင်ပေါ်လမ်းများ ဖောက်လုပ်ထားလေသည်။

ခရီးကြမ်း လမ်းကြမ်းများ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ လမ်းပြ ပေါက်ကျိုင်းတို့အဖွဲ့ လမ်းပြပေးမှုကြောင့် နောက်မှ လိုက်ကြရသည်။

ခန္တီးမှ ထွက်လာကတည်းက လူနေအိမ်ခြေ သိပ်မတွေ့ရတော့ပဲ တောလမ်းတောင်လမ်းများသာဖြစ်သည်။

ခန္တီးမှ ထွက်လာပြီး ဆယ်မိုင်ခန့် ဝေးသောနေရာသို့ ရောက်သောအခါ ပေါက်ကျိုင်းက ပြောသည်။

"ဆရာ. . ရှေ့မှာ ရေတံခွန်ကြီးတစ်ခုရှိတယ်၊ ကျောက်တန်း ရေတံခွန်လို့ ခေါ်တယ်၊ အဲဒီနေရာမှာ ငါးတွေရော အမဲတွေရော ပေါတယ်၊ အဲဒီမှာ တစ်ညစခန်းချပြီး ဟင်းစားလေး ဘာလေး ရှာကြရအောင်"

"ကောင်းသားပဲ"

ကျောက်တန်းရေတံခွန်မှာ ချင်းတွင်းမြစ်၏မြစ်ဖျားဘက် အတွင်းပိုင်းကျကျ လွန်စွာချောင်ကျသောနေရာတွင် ရှိလေသည်။ ရေစီးသန်လှပြီး ကျောက်စွန်းကျောက်စွယ်များကလည်း ပေါများလှသည်။

ထိုနေရာမှ လွန်၍ အထက်သို့ ဆန်တက်၍မရနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ချင်းတွင်းမြစ်၏ရေလမ်းခရီး အဆုံးသတ်သောနေရာ ဆိုလျှင်လည်း မမှားပေ။

ထိုနေရာတစ်ဝိုက်တွင် ကျောက်ငါးကြင်းကြီးများ လွန်စွာပေါလှပေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ တောစပ်နှင့် မနီးမဝေး သောင်ပြင်ပေါ်မှာပင် စခန်းချကြလေသည်။

ထို့နောက် ထမင်းချက်သူကချက်၊ ရေတံခွန် ရှိရာသို့ သွားကာ ငါးဖမ်းသူက ဖမ်းကြသည်။

ကြည်လင်သောရေထဲမှာ ကူးခတ်နေသော ကျောက်ငါးကြင်းကြီးများကို အပေါ်မှ အတိုင်းသား လှမ်းမြင်နေရသည်။

ငါးကြီးများက တဝုန်းဝုန်း ကျနေသော ရေလုံးကြီးများကိုမှ ခုန်ကျော်တက်ရန် ကြိုးစားနေကြသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က ပင်လယ်ပိုင်းဒေသတွင် မွေးဖွားခဲ့သူများမို့ ငါးဖမ်းကျွမ်းကျင်ကြသည်။

အသွားထစ် ပါသော ဝါးချွန်များကို အသုံးပြု၍ ငါးများကို စိတ်ကြိုက်ထိုးဖမ်းရာ အကောင်အတော်များများ ရလာကြသည်။

"ဒီလောက် ငါးကြီးတွေ ပေါတာ ဒီတစ်နေရာမှာပဲ တွေ့ဖူးသေးတယ်"

"ဟုတ်ပါရဲ့. . . ဟိုမှာလို ပိုက်တွေနဲ့သာ တားပြီးဖမ်းလိုက်ရရင် လှေတစ်စင်း လေးလောက်အောင် ရမယ်ထင်တယ်"





သောင်ပြင်သို့ ပြန်ရောက်သောအခါ ငါးများကို ချက်သူကချက်၊ အကောင်လိုက်ကင်သူက ကင်ကြသည်။

ငါးကြင်းသားမှာ လတ်လတ်ဆတ်ဆတ်မို့ အရသာရှိလှသည်။

"ညဘက်ဆိုရင် တောထဲက သတ္တဝါတွေကို အဲဒီငါးတွေကို လာဖမ်းစားကြတယ်"

ဟု ပေါက်ကျိုင်းက ပြောသည်။

"ဒီလိုဆိုရင် အတော်ပဲပေါ့၊ ညဘက်ရောက်ရင် အမဲထပ်ပစ်ကြတာပေါ့၊ ဒါမှ လမ်းမှာ စားသွားဖို့ အသားဟင်း ရမှာ"

ဟု ပြောဆိုကာ မှောင်ရီသမ်းလာသောအချိန်တွင် ဒေါက်တာမင်းထင်ကျော်ကပင် ခေါင်းဆောင်ပြီး သေနတ်များကို ယူကာ ရေတံခွန် ရှိရာဘက်သို့ လာခဲ့ကြသည်။

ဦးဇန်ကောင်းတို့ကတော့ စခန်းမှာပင် ကျန်ရစ်ခဲ့ကြသည်။ ပစ်ကွင်းကောင်းသောနေရာ ရောက်သောအခါ သေနတ်နှင့် လက်နှိပ်မီးများကို အဆင်သင့်ဖြစ်ကာ လျှို့ဝှက်စွာ စောင့်ဆိုင်းကြသည်။

ဒေါက်တာမင်းထင်ကျော်က ပေါက်ကျိုင်းကိုပါ တူမီးသေနတ်တစ်လက် ပေးထားလေသည်။

အမှောင်ရိပ်သမ်းလာသောအချိန်၌ တောထဲမှာ မည်းမည်းသဏ္ဌာန်တစ်ကောင် ထွက်လာသည်။

ဝက်ဝံတစ်ကောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝက်ဝံက တောစပ်မှ အခြေအနေကြည့်ပြီးနောက် ရေစပ်သို့ ဆင်းသွားသောအခါ နောက်ထပ်တစ်ကောင် ထွက်လာပြန်သည်။ ဝက်ဝံနှစ်ကောင်မှာ ရေစပ်သို့ ဆင်းသွားပြီး တစ်ကောင်က ရေထဲ ရောက်အောင် ဆင်းသွားပြီး ငါးများကို လှန့်ပေးသည်။

၎င်းက ရေထဲမှ လှန့်ပေးလိုက်သဖြင့် လန့်၍ခုန်တက်လာသော ငါးကြင်းများကို ရေစပ်မှာ စောင့်နေသော ကျန်တစ်ကောင်က လက်သည်းနှင့် အုပ်၍ ပါးစပ်နှင့် ကိုက်ဖမ်းကာ သောင်ပေါ် တင်ပေးထားလေသည်။

ပြီးတော့မှ နှစ်ကောင်အတူတူ ငါးများကို စားသောက်ပြီး တောတွင်းသို့ ပြန်ဝင်သွားကြသည်။

အတန်ကြာတော့ ဒရယ်နှစ်ကောင် ဆင်းလာပြီး ရေသောက်နေကြစဉ် တောစပ်ဘက်ဆီမှ အိပ်တန်းတက်နေသော တောကြက်များ အလန့်တကြား ထပျံသံကို ကြားရသည်။

ပထမတော့ ဒရယ်ကို ပစ်ရန် သေနတ်များဖြင့် ချိန်လိုက်ကြသော သူတို့တတွေမှာ အကြံအစည်ပျက်သွားကြသည်။

ဒရယ်နှစ်ကောင်မှာ ထိုအသံများကြောင့် အလန့်တကြား ထွက်ပြေးသွားကြသည်။

ခဏကြာတော့ တောကောင်ကြီးတစ်ကောင်၏မာန်ဖီသံကို ကြားလိုက်ရပြီး ဒရယ်တစ်ကောင်ကို လည်ပင်းမှ ကိုက်ကာ ရေစပ်သို့ ဆင်းလာသည်။





သားကောင်ကို ချပြီး ရေသောက်လေသည်။

"ဆရာ. . . ပစ်မလား၊ ကျားသားရေက ဈေးကောင်းတယ်"

ဟု ပေါက်ကျိုင်းက ခပ်တိုးတိုးပြောသည်။

"မပစ်ပါနဲ့. . . ဒီအချိန်မှာ သူလည်း မုဆိုး၊ ကိုယ်လည်း မုဆိုးပဲ၊ မုဆိုးအချင်းချင်း စည်းမဖောက်ရဘူး၊ စည်းဖောက်ရင် အန္တရာယ်နဲ့ တွေ့တတ်တယ်"

ပေါက်ကျိုင်းက တောထဲမှာ အမြဲတမ်း အမဲလိုက်နေသော မုဆိုးတစ်ယောက်ကို မုဆိုးစည်းကမ်း ပြောပြသော ဒေါက်တာမင်းထင်ကျော်က များစွာအံ့သြသွားဟန် ရှိလေသည်။

ခဏကြာတော့ တောကောင်ကြီးက သားကောင်ကို ကိုက်ချီပြီး တောထဲသို့ ပြန်ဝင်သွားသည်။

ထို့နောက်တော့ အတော်ကလေး ညဉ့်နက်ပိုင်း ရောက်လာသည်အထိ နောက်ထပ်မည်သည့်သားကောင်မှ ဆင်းမလာတော့ပေ။ အချိန်ကာလမှာ နွေဦးပေါက်ကာလ ဖြစ်သော်လည်း ရာသီဥတုက ဆောင်း၏အကြွင်းအကျန် မြူနှင်းများဖြင့် မှိုင်းဝေလျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ဇွဲကောင်းကောင်းဖြင့် ဆက်စောင့်နေကြစဉ် ညဦးပိုင်း လွန်လာသောအခါ တောတွင်းမှ လူသံအချို့ ကြားရသည်။

တဆက်တည်းမှာပင် တောတိုးသံများကိုပါ ကြားရပြီး



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ တောစပ်မှ လူနှစ်ယောက်ထွက်လာသည်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်များ ဝတ်ထားသော ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ ဖြစ်ကြသည်။

"ဒီအချိန်မှာ ဘယ်ကလူတွေ ရောက်လာတာလဲ"

"သစ်ခုတ်တဲ့လူတွေ ဖြစ်မှာပေါ့"

"သစ်ခုတ်တဲ့လူတွေကလည်း ဒီအချိန်ကျမှ ဘာဆင်းလုပ်ကြတာလဲ မသိဘူး"

"အလုပ်က ပြန်လာပြီး ရေဆင်းခပ်တာ ဖြစ်ချင်ဖြစ်မှာပေါ့"

အချင်းချင်း တိုးတိုးတိတ်တိတ် ပြောဆိုနေကြစဉ် လူနှစ်ယောက်က ရေစပ်သို့ ဆင်းသွားကြသည်။

ကောင်းကင်ပေါ်၌ လရောင်က တစ္ဆန်းတစ လင်းနေသောကြောင့် ၎င်းတို့ကို အတိုင်းသား လှမ်းမြင်နရသည်။

ကမ်းစပ်သို့ ရောက်သောအခါ မိန်းမက ကမ်းစပ်မှာ ရပ်စောင့်နေပြီး ယောကျ်ားက ရေလယ်မှာ ရှိသော ကျောက်တုံးရှိရာသို့ လှမ်းကူးသွားသည်။

ကမ်းစပ်နှင့် ကျောက်တုံးရှိသောနေရာမှာ အတော်ပင်ဝေးသည်။ ယောကျ်ားတစ်ယောက် ခုန်ကူး၍ပင် မရောက်နိုင်သော အကွာအဝေးကို ထိုလူက အသာကလေး လှမ်းကူးသွားလေသည်။

"ဟင်. ."





"ဟိုဘက်ကို ကူးသွားတာ သူ့ခြေထောက်က ရှည်ထွက်သွားသလိုပဲ"

တစ်ယောက်က ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။

"မဟုတ်နိုင်ပါဘူးကွာ. . အမှောင်ရိပ်ကြောင့် မင်းစိတ်ထဲမှာ မသဲမကွဲ ဖြစ်သွားတာ ဖြစ်မှာပါ"

ထိုသို့ပြောဆိုနေကြစဉ်မှာ ရေလယ်ရှိ ကျောက်တုံးပေါ် ရောက်သွားသော ထိုသူက ရေတံခွန်ကို ခုန်ကျော်ရန် ကြိုးစားနေသောငါးများကို လက်ဖြင့် လိုက်ဖမ်းနေသည်။

သူသည် ဖမ်း၍မိသော ငါးများကို ကမ်းစပ်သို့ လှမ်းပစ်ပေးရာ မိန်းမလုပ်သူက လိုက်ကောက်ပြီး တစ်နေရာ၌ စုပုံထားလေသည်။

ထိုလူသည် အတော်ဝေးဝေးနေရာမှ ခုန်နေသော ငါးများကိုပင် သူ့လက်ဖြင့် လှမ်းဖမ်းနိုင်သည်။

တစ်ကြိမ်မှာတော့ အမတော်ဝေးဝေးနေရာမှ ကျောက်ငါးကြင်းကြီးကို သူ့လက်ဖြင့် လှမ်းဆွဲလိုက်ရာ လက်တံမှာ အတော်ကလေး ရှည်ထွက်သွားလေသည်။

ထိုမြင်ကွင်းကို မြင်တော့မှ သဘောပေါက်သွားကြပြီး အသံလုံးဝမထွက်ဝံ့ကြတော့ပေ။

ငါးများက အတန်အသင့် ရသောအခါ ထိုလူက ကမ်းစပ်သို့ ပြန်ကူးလာသည်။ သောင်ပေါ် ရောက်သောအခါ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ထိုင်၍ ငါးများကို စားကြလေသည်။

ငါးအရှင်များကို အစိမ်းလိုက် ကိုက်စားနေသောကြောင့် တကျိုးကျိုး တကျွပ်ကျွပ် အသံများကိုပင် အတိုင်းသား ကြားနေရသည်။ လူနှစ်ယောက်သည် ငါးများကို ကုန်စင်အောင် ထိုင်စားပြီးမှ နေရာမှ ထသည်။

ထိုသို့ ထပြီးနောက် သူတို့ရှိရာဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ထိုအခါမှ သူတို့၏မျက်နှာကို လှမ်းမြင်လိုက်ကြရာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

၎င်းတို့နှစ်ယောက်က သူတို့ဘက်သို့ လှမ်းကြည့်ပြီး သွားဖြဲပြသည်။ လျှာထုတ်ပြသည်။

မျက်လုံးကြီးများကို ရှေ့သို့ ထွက်လာအောင် ပြူးပြသည်။ ပါးစပ်ကို ဖြဲ၍ လျှာကို အရှေ့ဖက်သို့ အရှည်ကြီး ထုတ်ပြပြီး တယမ်းယမ်း ဖြစ်အောင် လုပ်ပြသည်။ လက်တံရှည်ကြီးများ ထွက်လာပြီး သူတို့ရှိရာသို့ လှမ်းလာသည်။

အတန်ကြာအောင် ခြောက်လှန့်ပြပြီးတော့မှ တောထဲ ပြန်ဝင်သွားသည်။

"အတော်ကလေး ကြောက်စရာကောင်းတာပဲ"

"တောနက်ထဲမှာကတော့ ဒါမျိုးတွေ တွေ့ရမှာပဲ၊ တောကြီးလေ မာယာများလေပဲ"

၎င်းတို့သည် အချိန်အတန်ကြာအောင် ဆက်စောင့်ကြ





လေရာ ညဉ့်နက်ပိုင်းအချိန်တွင် တောဝက်တစ်ကောင် ထွက်လာသည်။

အစွယ်နှစ်ချောင်း နံဘေးသို့ ကားထွက်နေသော ဝက်တောင်းဖြစ်သည်။

"ဟိုမှာ တောဝက်ကြီး ဆရာ၊ ဒီတစ်ခါရော သရဲခြောက်တာ ဖြစ်နေမလား"

"မဖြစ်ပါဘူး. . . ဒါက တကယ့်တောဝက်ပါ"

"ဒါဆိုရင် ပစ်လိုက်ရတော့မလား"

"ခဏလေး စောင့်လိုက်၊ အခြေအနေကြည့်ပြီးမှ ပစ်ကြတာပေါ့"

ဟု ပြောဆိုကာ သေနတ်များကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားလိုက်ကြသည်။

တောဝက်က ပတ်ဝန်းကျင်ကို အခြေအနေကြည့်သည်။ ဦးခေါင်းကို မော့ကာ အနံ့ခံကြည့်သည်။

ကံကောင်းသည့်အချက်က သူတို့ ရှိနေသောနေရာမှာ တောဝက်ရှိသောနေရာ၏ လေအောက်ဖက် ရောက်နေသောကြောင့် တောဝက်က အနံ့မရခြင်းဖြစ်သည်။

အကယ်၍ လေညာအရပ်၌ ရောက်နေပါက တောဝက်က ချက်ချင်း အနံ့ရသွားနိုင်သည်။

ထိုသို့အနံ့ရပါက တဟုန်ထိုး ပြေးလာပြီး အန္တရာယ်ပြုချင်ပြု၊ ဒါမှမဟုတ် အခြားနေရာသို့ လျှင်မြန်စွာ ရှောင်တိမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်။

တောဝက်က စိတ်ချလောက်တော့မှ ရေစပ်သို့ ဆင်းသွားကာ ရေသောက်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့အတွက် ထိုအခြေအနေသည် အခွင့်ကောင်းဖြစ်သည်။

သားကောင်သည် အခိုက်အတန့် ငြိမ်သက်နေချိန်ဖြစ်သည်။ ရေကို အာရုံစိုက်ကာ သောက်နေသဖြင့် အခြားအာရုံများ လျော့ပါးနေသောအချိန်လည်းဖြစ်သည်။

ထိုအချိန်မျိုးသည် ပစ်၍အကောင်းဆုံးအချိန်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် အသေအချာ ချိန်ကာ မောင်းဖြုတ်ချလိုက်သည်။

သို့သော်. . .

"ချောက်. . ချောက်. . ချောက်"

နှင့်သာ မောင်းရိုက်သံ ထွက်နေပြီး ကျည်ဆံကတော့ မထွက်လာပေ။

နောက်တစ်ကြိမ် ပစ်တော့လည်း ထိုနည်းအတိုင်းပင်။

ထိုအခါ ပေါက်ကျိုင်းက ၎င်းလက်ထဲမှ သေနတ်ဖြင့် ပစ်ပြန်သည်။

သူ့သေနတ်လည်း တချောက်ချောက်နှင့်သာ အသံမြည်နေပြီး ကျည်မထွက်ပေ။

"ဒီကောင် ဝက်ခါးပတ်ဖြစ်မယ်၊ ဒါကြောင့် ကျည်ဆန်





ပီးမကူးတာ ဖြစ်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာ"

"ဒူးလေး ပါတယ်မဟုတ်လား၊ အဆိပ်လူးမြားနဲ့ ပစ်ကွာ"

ဟု ပြောလိုက်သဖြင့် ပေါက်ကျိုင်းက အသင့်ပါလာသော ဒူးလေးနှင့် အဆိပ်လူးမြားကို ယူပြီးပစ်သည်။

ပစ်မှတ်က တောဝက်ကို ထိသည်။

သို့သော် မြားတံက စိုက်ဝင်သွားရမည့်အစား ပြန်ကန်ထွက်လာသည်။ တောဝက်က မြားထိသဖြင့် 'အိ'ကနဲ တစ်ချက်အော်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။

ပြီးလျှင် အေးအေးဆေးဆေး အမူအယာဖြင့် ရေပြန်သောက်နေပြန်သည်။

ပေါက်ကျိုင်းက မကျေနပ်သဖြင့် နောက်တစ်ချက် ထပ်ပစ်ပြန်သည်။ မြားတံက ဝက်ကို ထိသော်လည်း ပြန်ကန်ထွက်သည်။

"ကျွန်တော့်ဒူးလေးက ကိုင်းသိပ်ပြီးသန်တာ၊ သံစည်ပိုင်းကို ရေအပြည့် ထည့်ထားပြီး ပစ်ရင်တောင် ထုတ်ချင်းပေါက်သေးတာ၊ ဒီဝက်ကျမှ ဘာကြောင့် မရတာလဲ"

ဟု မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

"တောဝက် ခါးပတ်ကြားတွေဟာ သေနတ်နဲ့ ပစ်ရုံပီးမကူးဘူး၊ ခါးလှံလက်နက်၊ မြားနဲ့ ပစ်လည်း မပေါက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ မာန်ထနေတဲ့အခါ ကျိုးကျန်ခဲ့တဲ့ ဝက်မာန်စွယ်ကို ရရင် ခါးပြီးလှုံပြီး သေနတ်ပါ မီးမကူးဘူး"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်ရာ ပေါက်ကျိုင်းတို့လူစုမှာ များစွာစိတ်ဝင်စားကြလေသည်။

တောဝက်ကတော့ ဘာကိုမှ အရေးမစိုက်ဟန်ဖြင့် ရေသောက်ပြီးနောက် သောင်စပ်မှာ တူးဆွစားသောက်နေပြန်သည်။ ထိုအခိုက်မှာပင် တောစပ်မှာ နောက်ထပ် သတ္တဝါတစ်ကောင် ခုန်ထွက်လာသည်။

အတန်ငယ်ကြီးသော တောကောင်ကြီးပင်ဖြစ်သည်။

တောကောင်ကြီးက တောဝက်ကို မြင်သဖြင့် ခုန်ထွက်လာခြင်းဖြစ်သည်။

ရေစပ်နားရှိ သောင်ပြင်ပေါ်မှာ တူးဆွနေသော တောဝက်က တောကောင်ကြီး ထွက်လာသည်ကို မြင်သော်လည်း အခြားသတ္တဝါများလို ကြောက်လန့်တကြား ထွက်မပြေးပဲ တောကောင်နှင့် မျက်နှာချင်းဆိုင် လှည့်ကာ မြေကျင်းကို လျင်လျင်မြန်မြန် တူးလေတော့သည်။

၎င်း၏တူးဆွမှုမှာ မြန်ဆန်လှသောကြောင့် သဲမြေများ တဖွားဖွား ထွက်လာသည်ကို ခဏလေးသာ မြင်လိုက်ရပြီး ဝက်က ၎င်းတစ်ကိုယ်စာ လုံသော မြေကျင်းထဲသို့ ရောက်သွားလေတော့သည်။

ကျားကလည်း တောဝက်နှင့် မျက်နှာချင်းဆိုင်နေရာမှာ





ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အခြေအနေကို ကြည့်နေသည်။

တောဝက်က မြေကျင်းထဲမှာ ကိုယ်လုံးမြှုပ်ထားပြီး ကျင်းနှုတ်ခမ်းပေါ်မှာ ဦးခေါင်းကို မေးတင်ထားသည်။

မာန်ထနေသောကြောင့် ပါးစပ်မှ အမြှုပ်များ တဖွားဖွား ထွက်နေလေသည်။

ကျားနှင့်တောဝက်တို့မှာ တစ်ကောင်နှင့်တစ်ကောင် အလစ်မပေးပဲ ချောင်းမြောင်းနေကြသည်။

မလှမ်းမကမ်း၌ ရှိနေကြသော ဒေါက်တာမင်းထင်ကျော်တို့မှာလည်း အသက်ပင် ပြင်းပြင်းမရှူပုံကြဘဲ အခြေအနေကို ကြည့်နေကြသည်။ အတန်ကြာသောအခါ တောဝက်က အနည်းငယ် လှုပ်လိုက်သည်။ ထိုအခြေအနေကို စောင့်နေသော ကျားက ဝက်ရှိရာသို့ လွှားကနဲ ခုန်ဝင်လာသည်။

ထိုအချိန်နှင့် တပြိုင်နက် တောဝက်ကလည်း လေးညို့မှ လွှတ်လိုက်သော မြားတစ်စင်းလို လှစ်ကနဲ ခုန်ထွက်လာသည်။

ဝက်နှင့်ကျားတို့မှာ လေထဲမှာပင် ဆုံတွေ့သွားသည်။ ကျားက သန်မာသော လက်သည်းများဖြင့် ကုတ်လိုက်သလို ဝက်ကလည်း ကျား၏ဝမ်းဗိုက်ကို အစွယ်ဖြင့် ထိုးပက်လိုက်သည်။

ထို့နောက် နှစ်ကောင်စလုံး သောင်ပြင်ပေါ်သို့ ပစ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် ငြိမ်နေပြီးမှ တောဝက်က နေရာမှ ပြန်ထကာ တောထဲသို့ ပြေးဝင်သွားလေသည်။

ကျားကတော့ ပြန်မထလာနိုင်တော့ပေ။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း ငြိမ်သက်မြဲ ငြိမ်သက်နေသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း သေနတ်များကို အဆင်သင့် ကိုင်ကာ တောကောင်ရှိရာသို့ သွားကြလေသည်။

မလှမ်းမကမ်း ရောက်ပြီး လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ ကျား၏ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်နေပြီး အူများက အပြင်သို့ ထွက်ကျနေသည်။

ဒီတော့မှ အနားကပ်သွားကာ အသက်ငင်နေသော တောကောင်ကို သေနတ်ဖြင့် ပစ်သတ်လိုက်သည်။

"ဒိုင်း. . . ဒိုင်း"

ယခုတော့လည်း သေနတ်များက ကောင်းစွာ ပစ်၍ရလေသည်။

"ဟင်းစားရမလားလို့ လာစောင့်တာ၊ ကျားတစ်ကောင်ကိုတောင် ရလိုက်သေးတယ်၊ အသားအတွက်လည်းရ၊ ကျားသားရေလည်း ပြီပေါ့"

ဟု ဝမ်းသာအားရပြောဆိုကာ ကျားသေကို ထမ်းကာ စခန်းသို့ ပြန်လာကြလေသည်။

တောကြီးမာယာ ဝင်္ကပါ ဆိုသကဲ့သို့ တောနက်လေ






လေ မာယာများလေလေဖြစ်ရာ တော၏ဆန်းကြယ်မှုများက အံ့သြဖွယ်ရာ ကောင်းလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း (၉)

# ထူးဆန်းသောကျွန်းနက်ရှစ်လက်ဆောင်

ဒေါက်တာမင်းထင်ကျော်တို့ ဦးဆောင်သည့်အဖွဲ့သည် နာဂတောင်တန်းအတိုင်း အနောက်ဘက်သို့ ခရီးဆက်ခဲ့ကြရာ လမ်းခရီး၌ အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ရသော်လည်း ကျော်ဖြတ်နိုင်ကာ ကောင်းမွန်စွာ ခရီးဆက်နိုင်ခဲ့ကြသည်။

တောနက်တွင်း တစ်နေရာ ရောက်သောအခါ များလှစွာသော မျောက်အုပ်ကြီး၏ဝင်တိုက်ခိုက်မှုကို ခံရလေရာ အသည်းအသန် ခုခံကာကွယ်ပြီးနောက် ဘေးလွတ်ရာသို့ ပြေးရင်းမှ ကျောက်ဂူတစ်ဂူအတွင်းသို့ ရောက်သွားကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်ဂူအတွင်းပိုင်းအထိတော့ မျောက်များက ဝင်မလိုက်လာကြပေ။

ဒေါက်တာမင်းထင်ကျော်တို့သည် ဝန်တင်လားများကို ပါ ထိုကျောက်ဂူထဲ သွင်း၍ ကောင်းမွန်စွာ နားနိုင်ကြသည်။

"ပေါက်ကျိုင်း. . . မင်းပြောတဲ့မျောက်တွေဆိုတာ ဒီမျောက်တွေများ ဖြစ်နေရော့သလား"

"မဟုတ်သေးဘူး ဆရာ၊ ကျွန်တော်တို့ တွေ့ခဲ့တဲ့ မျောက်တွေက ဒီနေရာမှာ မဟုတ်ဘူး၊ ကိုးလောင်းကွေ့မြစ်ရဲ့ အဖျားပိုင်းလောက်မှာ ရှိတယ်"

"အဲဒီနေရာရောက်ဖို့ အတော်ဝေးသေးလား"

"လေးငါးရက်လောက် သွားရင် ရောက်နိုင်ပါတယ်၊ ကျွန်တော်တို့ တွေ့ခဲ့တဲ့ လူရိုင်းရွာကလည်း အဲဒီနေရာနဲ့ မဝေးလှဘူး"

ဟု ပြောပြလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်သို့ ရေရှာရန် ထွက်သွားသော လူတစ်ယောက်က လာပြောလေသည်။

"ဆရာ. . . ဒီဂူရဲ့အောက်ခြေနားလောက်မှာ လူနေတဲ့ တဲတစ်လုံး တွေ့ခဲ့ရတယ်၊ တဲအတွင်းက မီးခိုးတွေ ထွက်နေပုံထောက်ရင် အတွင်းမှာ လူရှိတဲ့ပုံပေါ်တယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးပန်ကောင်းတို့နှစ်ယောက် လိုက်သွားသည်။





ကျောက်ဂူရှိသောနေရာ၏အောက်ဘက် လျှိုကြားထဲမှာတော့ သစ်ကိုင်းသစ်ခက်များဖြင့် ပြုလုပ်ထားသော တဲတစ်လုံးကို လှမ်းမြင်ရသည်။

အတွင်းဘက်မှ မီးခိုးငွေ့များက တလူလူ ထွက်နေသည်။

"အထဲမှာ လူရှိတဲ့ပုံ ပေါ်တယ်၊ ဒီလမ်းနဲ့ အခြေအနေတွေကို သိရအောင် ဝင်ကြည့်ကြတာပေါ့"

ဟု ပြောကာ တဲရှိရာသို့ လာကြသည်။

သူတို့ တဲအနီးသို့ ရောက်လာသောအခါ အထဲမှာ ဆံပင်ဖြူဖြူနှင့် အသက်အရွယ် အတန်အသင့် ကြီးနေပြီဖြစ်သော လူပုလေးတစ်ယောက် ထွက်လာသည်။

လက်ထဲမှာလည်း သူ့အရပ်ထက် ပိုရှည်သော တောင်ဝှေးရှည်တစ်ချောင်းကို ကိုင်ထားလေသည်။

"ကျွန်တော်တို့ ခရီးသွားတွေပါ၊ ဒီနားပတ်ဝန်းကျင်တဝိုက်က လမ်းအခြေအနေတွေအကြောင်းကို မေးမြန်းချင်လို့ပါ"

ထိုသို့ပြောသောအခါ လူပုလေးက အကဲခတ်သလို တစ်ချက်ကြည့်လေသည်။

ပြီးမှ ခေါင်းညိတ်ပြကာ တဲအတွင်းသို့ ဝင်လာရန် ခေါ်သဖြင့် ဝင်လိုက်သွားကြသည်။

တဲအလယ်ခေါင်၌ ဖိုထားသော မီးဖိုငယ်ဖို ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



သောက်ရေအိုးတစ်လုံးနှင့် အရုပ်ကလေးများကို စင်ပေါ်မှာ အစီအရီ တင်ထားသော အရုပ်ကလေးများကို တွေ့ရသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်ပါသလဲ"

"ငါ့နာမည် 'ဇာဂလိ' လို့ ခေါ်တယ်၊ ဝိညာဉ်များကို လမ်းပြပေးသူလို့ အဓိပ္ပါယ်ရှိတယ်၊ သင်တို့က ဘာသိချင်တာလဲ"

"ကျွန်တော်တို့ သွားမယ့် ခရီးစဉ်ကို ပြောပြနိုင်ပါသလား"

"ဝိညာဉ်များကို မေးကြည့်ပါက သိနိုင်ပါလိမ့်မယ်"

"ခင်ဗျားရဲ့အတတ်ပညာက မှော်အတတ်ပညာလား"

"အနာဂတ်အကြောင်းတွေကို ကြိုတင်သိနိုင်တဲ့ပညာမျိုး ဖြစ်ပါတယ်"

"ဒါဖြင့်ရင် ပြောပြပေးပါ"

"သင်တို့ အတွင်းဝင်ပေးကြပါ၊ ငါ ဝိညာဉ်တွေကို ခေါ်ပေးပါ့မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ ဇာဂလိ ညွှန်ပြပေးသော အတွင်းဘက်သို့ ဝင်ကြရသည်။

"ငါ ဝိညာဉ်တွေ ခေါ်တဲ့အခါ အထဲကို ဝင်လာလိမ့်မယ်၊ အဲဒီအခါမှာ လုံးဝမော့မကြည့်မိကြဖို့ သတိထားပါ"

"ဘာကြောင့်လဲ"

"မော့ကြည့်လို့ သူတို့ရဲ့ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရုပ်ဆင်းသဏ္ဍာန်တွေကို တွေ့ရတဲ့အခါ ရုတ်တရက် လန့်ပြီး





သတိလစ်သွားနိုင်တယ်၊ အဲဒီအချိန်မှာ သူတို့က သင်တို့ရဲ့ ဝိညာဉ်တွေကို နှုတ်ယူသွားလိမ့်မယ်"

ဟု သတိပေးလေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့က မကြည့်မိဖို့ သတိထားနေမည်ဖြစ်ကြောင်း ပြန်ပြောလိုက်ရသည်။

ထိုနောက်တွင် ဇာဂလိက ၎င်းကိုယ်အတွင်းတစ်နေရာမှ ဗူးငယ်တစ်ဗူးကို ထုတ်ယူကာ အဖုံးဖွင့်လိုက်သည်။

ပြီးလျှင် ထိုဗူးအတွင်းမှ ဆေးမှုန့်အချို့ကို လက်နှင့်ယူ၍ မီးပုံအတွင်းသို့ ဖြူးချလိုက်သည်။

ချက်ချင်းဆိုသလို ပြာလဲ့လဲ့အရောင်ရှိသော မီးခိုးငွေ့များ တက်လာသည်။

ဇာဂလိက မီးပုံနားမှာ ဒူးထောက်ထိုင်၍ လက်နှစ်ဖက်အပေါ်သို့ မြှောက်လျက် တစ်စုံတစ်ခုကို ရေရွတ်ပြောဆိုနေသည်။

၎င်းရွတ်ဆိုနေသော ဘာသာစကားမှာ နာဂဘာသာစကားတစ်မျိုးဖြစ်ကြောင်း သိသော်လည်း အဓိပ္ပါယ်ကိုတော့ မသိကြပေ။

အတန်ကြာသောအခါ ဂူအတွင်းသို့ လေပြင်းတိုက်ခိုက်သံများလိုလို ကြားလာရသည်။

လေ၏တိုက်ခတ်မှုကြောင့် တလူလူ တက်နေသော မီးခိုးငွေ့များက လွင့်လူးလှုပ်ရှားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲမှာ လွင့်မျောနေသော မီးခိုးငွေ့များက ပုံသဏ္ဍာန် အမျိုးမျိုး ပြောင်းလာသည်။

ထိုပုံသဏ္ဍာန်များမှာ ကြောက်မက်ဖွယ်ကောင်းသော ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်လာသော်လည်း ဒေါက်တာမင်းထင်ကျော်တို့မှာ ဇာဂလိ ပြောသည့်အတိုင်း မျက်စိမှိတ်ထားကြသဖြင့် မြင်ခွင့်မရကြတော့ပေ။

သို့သော်လည်း နားထဲမှာတော့ ထူးခြားသောအသံအချို့ကို ကြားနေရသည်။

ထိုအသံများမှာ စကားပြောသံလိုလို လေတိုးသံများလိုလို မသဲမကွဲ ကြားနေရခြင်းဖြစ်၏။

အတန်ကြာတော့ အသံများမှာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

"မျက်စိဖွင့်နိုင်ပါပြီ"

ဟု အသံကြားတော့မှ မျက်စိဖွင့်လိုက်ကြသည်။

"ငါပြောတာကို နားထောင်လော့၊ သင်သည် နှစ်ပေါင်းများစွာ ဝေးကွာနေသော ချစ်သူကို ရှာဖွေရန်အတွက် ယခုကဲ့သို့ ခရီးထွက်လာခြင်းဖြစ်တယ်၊

သင့်ချစ်သူနှင့် မုချမသွေ ပြန်ဆုံတွေ့ရပေမည်"

ထိုစကားကြောင့် ရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွားသည်။

ဝမ်းသာစိတ်များကလည်း တရိပ်ရိပ် တက်လာသည်။

"သို့သော်လည်း သူနဲ့ မတွေ့ခင်မှာ အန္တရာယ် အ





မြောက်အမြားနဲ့ ရင်ဆိုင်ကြုံတွေ့ရပေဦးမည်၊

သူနှင့် ဆုံတွေ့ရပြီးနောက်မှာလည်း မိစ္ဆာတစ်ကောင်ရဲ့ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပေမည်"

"ဘယ်လိုမိစ္ဆာမျိုးပါလဲ ဇာဂလိ"

"ခက်ထန်ကြမ်းတမ်း၍ ရက်စက်သောမိစ္ဆာပင် ဖြစ်သည်"

"ဒါ့ပြင် သူရှိတဲ့နေရာကိုရော ပြောပြနိုင်ပါသလား"

ထိုသို့မေးလိုက်သောအခါ ဇာဂလိက ၎င်းနံဘေးမှာ ထောင်ထားသောတုတ်ကို ယူ၍ ရှေ့၌ ရှိသောမီးပုံကို ထိုးဆွလိုက်သည်။

မီးဖွားနှင့် ပြာများက အပြင်ဘက်သို့ စင်ထွက်လာသည်။

ဇာဂလိက ပြာအချို့ကို အပြင်ဘက်သို့ ယက်ထုတ်လိုက်ပြီး မျက်နှာပြင် ညီအောင် ညှိလိုက်ပြီး တုတ်ဖြင့် မြေပုံကဲ့သို့ အရေးအကြောင်းများကို ရေးပြလေသည်။

သူရေးပြသော မြေပုံပေါ်မှာ လမ်းများ၊ သစ်တောများ၊ တောင်တန်းကြီးများ၊ မြစ်ချောင်းများကို သူ့နေရာနှင့်သူ ရေးကာ တောင်နှစ်လုံးကြားရှိ ကုန်းမြင့်တစ်နေရာကို ကြက်ခြေခတ်ကာ အမှတ်အသားလုပ်ပြလေသည်။

"သူရှိနေတာ ဒီနေရာပဲ"

ဟုလည်း ပါးစပ်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြေပုံကို စိတ်ထဲမှ အလွတ်ရအောင်ကြည့်လော့"

ဟု ပြောသဖြင့် မြေပုံပေါ်မှ အမှတ်အသားများကို မှတ်မိအောင် ကြည့်ရှုကြရသည်။

"ငါရေးပြတဲ့မြေပုံကို ဝိညာဉ်တွေကို မှတ်ခိုင်းထားပါ။ ဒီမြေပုံထဲမှာ ပါတဲ့လမ်းအတိုင်း မသွားဘဲ တခြားလမ်းကို ရောက်သွားရင်တော့ ပြန်လမ်းမရှိတော့တဲ့နေရာ ရောက်သွားကြရလိမ့်မယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းကျော်ထင် စိတ်ထဲ၌ ဖောင်တိန်နှင့်စာရွက် ပါလာရင် ကောင်းမှာပဲဟု နောင်တရစွာ တွေးနေမိသည်။

"ဒီလောက်လဲ စိတ်မပူပါနဲ့လေ၊ တကယ်လို့ သင်က မမှတ်မိရင်တောင် သင့်ရဲ့ဝိညာဉ်က မှတ်မိနေအောင် သင့်ရဲ့ အသည်းနှလုံးမှာ တံဆိပ်ပေးလိုက်ပါ့မယ်"

ဟု ပြောကာ မြေပုံပေါ်မှ ပြာအချို့ကို လက်ဖြင့် ယူ၍ ဒေါက်တာမင်းထင်ကျော် ဦးခေါင်းပေါ်သို့ ဖြူးချလိုက်ရာ နှာခေါင်းထဲအထိ ဝင်လာပြီး မွှန်တက်သွားလေသည်။

မည်သို့သော အကြောင်းကြောင့်ဖြစ်စေ. . .

နောက်ပိုင်း အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသောအခါ ထိုမြေပုံပေါ်မှ လမ်းများ၊ မြေပုံအမှတ်အသားများကို တစ်ခုမကျန် မှတ်မိနေတော့သည်။

"ဒီမြစ်ကရော ဘာမြစ်လဲ ဇာဂလိ"





"သင့်ကို အန္တရာယ်များက စောင့်ကြိုနေမည့် ကိုးလောင်းကွေ့မြစ်ပင် ဖြစ်သည်၊ သင်တွေ့လိုသောသူ ထိုကိုးလောင်းကွေ့အဆုံး မြစ်ဖျားဘက်၌ ရှိပေသည်"

"ဒီလောက် အန္တရာယ်များတဲ့နေရာကို ကျွန်တော် ရောက်အောင် သွားနိုင်ပါ့မလား ဇာဂလိ"

"ဒါကတော့ သင့်ရဲ့ဖွဲ့သတ္တိနဲ့ စွန့်စားမှုပေါ်မှာပဲ မူတည်ပါတယ်"

"ဒီခရီးလမ်းမှာ ကျွန်တော့်အတွက် တစ်စုံတစ်ခု အထောက်အပံ့ ရနိုင်အောင် ဇာဂလိက ဘယ်လိုများ အကူအညီ ပေးနိုင်မလဲ"

ထိုစကားကြားသောအခါ ဇာဂလိက ၎င်း၏ဝတ်ရုံကဲ့သို့ အင်္ကျီအတွင်းသို့ လက်ဖြင့် နှိုက်ယူလိုက်ရာ အဖြူရောင်အရုပ်ကလေးတစ်ရုပ် လက်ထဲ၌ ပါလာလေသည်။

အရုပ်ကလေးမှာ တစ်လက်မအရွယ်ခန့် ရှိပြီး ဆင်စွယ်ကဲ့သို့ အရာဝတ္ထုဖြင့် ပြုလုပ်ထားကာ လျှော်ကြိုးတစ်ချောင်းကို ကျစ်သွင်းထားသည်။

ဇာဂလိက ထိုအရုပ်ကလေးကို လက်ဖြင့် ကိုင်၍ တစ်စုံတစ်ခု မန်းမှုတ်ရေရွတ်ဟန်ပြုပြီးမှ ဒေါက်တာမင်းထင်ကျော်ကို လှမ်းပေးလေသည်။

ဒေါက်တာမင်းထင်ကျော်က ယူပြီးကြည့်လိုက်တော့ အနက်ရောင်ကျောက်သားတစ်မျိုးနှင့် ပြုလုပ်ထားသော ကျား



www.burmeseclassic.com

www.burmeseclassic.com



နက်ရုပ်ကလေးဖြစ်သည်။

“ဆင်စွယ်နက်နဲ့ ပြုလုပ်ထားတဲ့ ကျားနက်ရုပ်ပဲ၊ အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့တဲ့အခါမှာ အကူအညီရနိုင်ပါလိမ့်မယ်၊ လည်ပင်းမှာ အမြဲဆွဲထားပါ”

ဟု ဇာဂလိက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လည်ပင်း၌ ဆွဲထားလိုက်သည်။

ထို့နောက်တွင် ဇာဂလိကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

ညဘက်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ထိုအရုပ်ကို အမြဲဝတ်ဆင်ထားရမှာ ဝန်လေးလွန်းလှသဖြင့် ချွတ်ကာ ကျောက်တုံးတစ်တုံးပေါ်မှာ တင်ထားလေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ ကျားဟိန်းသံတစ်ချက် ကြားလိုက်ရသဖြင့် အိပ်နေရာမှ မျက်စိဖွင့်ကြည့်လိုက်သောအခါ ဂူအတွင်းမှ မည်းမည်းသဏ္ဍာန်တစ်ကောင် အပြင်ဘက်သို့ ခုန်ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

အတန်ကြာအောင် နားစွင့်ကြည့်သော်လည်း နောက်ထပ် အခြေအနေမထူးတော့မှ ပြန်အိပ်လေတော့သည်။

နံနက်မိုးလင်းသောအခါ ကျော်စွာက ပြောသည်။

“ညက အိပ်ပျော်ခါနီးမှာ ကျားဟိန်းသံလိုလို ကြားလိုက်ရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဂူအတွင်းကနေ အနက်ရောင် တောကောင်ကြီးတစ်ကောင် အပြင်ဘက်ကို ခုန်ထွက်သွားတာ လှမ်းမြင်လိုက်ရတယ်”





“ဟင်. . . ဒီလိုဆိုရင် ဂူအတွင်းပိုင်းမှာ နေတဲ့ တောကောင်က ကျွန်တော်တို့ အိပ်တော့မှ အပြင်ဘက်ကို အစာရှာဖို့ ထွက်သွားတာ ဖြစ်မယ်ထင်တယ်”

စောထီးက သူ့အထင်ကို ပြောသည်။

“မဟုတ်ဘူးထင်တယ်၊ မနက်လင်းခါနီး ငါ အိပ်ယာက နိုးနေတော့ အနက်ရောင် တောကောင်ကြီးတစ်ကောင် ဂူထဲကို ပြန်ဝင်လာတာကို မြင်လိုက်ရတယ်”

“ဟင်. .”

ငမဲအောင်စကားကြောင့် အားလုံး တအံ့တဩ ဖြစ်သွားကြသည်။

“ဒီလိုဆိုရင် အတွင်းပိုင်းကိုများ ပြန်ဝင်သွားခဲ့ရောသလား”

“မဟုတ်ဘူး. . . ဆရာအိပ်နေတဲ့ ခေါင်းရင်းဘက်ကို ခုန်တက်သွားတာကို မြင်လိုက်ရတာ”

“ဟင်. .”

ထိုစကားကြားတော့မှ ဒေါက်တာမင်းထင်ကျော်မှာ တစ်စုံတစ်ခုကို သတိရသွားပြီး ကျောက်တုံးပေါ်မှာ တင်ထားသော ကျားနက်ရုပ်ကလေးကို သတိရပြီး သွားကြည့်သောအခါ သူတင်ထားသည့်အတိုင်း ရှိနေသည်ကို တွေ့ရသည်။

“မင်းက ဘာကြောင့် ချွတ်ထားရတာလဲ မောင်ထင်ကျော်”



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက မေးသည်။

"အမြဲဝတ်ထားရမှာ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေလို့ အဘ၊ ဒါကြောင့် ချွတ်ထားတာပါ"

"မဟုတ်ဘူးလေ မောင်ထင်ကျော်ရဲ့၊ အစီအရင်နဲ့ ပြုလုပ်ထားတဲ့ပစ္စည်းဆိုတာ ဒီလို ပေါ့ပေါ့တန်တန် မထားရဘူး၊ နောက်တစ်ချက်က ဒီအရုပ်က ဆင်စွယ်နက်နဲ့ လုပ်ထားတာ ဆိုတော့ ဓာခြားအစီအရင်ကြောင့် သိဒ္ဓိမရှိတောင်မှ ဆင်စွယ်နက်ကြောင့် သိဒ္ဓိရှိနေမှာ အမှန်ပဲ"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်လည်း ထို အချိန်မှစ၍ ဇာဂလိ ပေးလိုက်သော ကျားနက်ရုပ်ကလေးကို လည်ပင်း၌ အမြဲဆွဲထားလေတော့သည်။

ထို့နောက်တွင် ကျောက်ဂူမှ ထွက်ကာ ခရီးဆက်ကြ လေသည်။ ထိုသို့သွားကြရာတွင် ခါတိုင်းကဲ့သို့ပင် ပေါက်ကျိုင်း တို့သုံးယောက်က လမ်းပြဦးဆောင်ကာ သွားကြလေသည်။

တစ်နေရာသို့ ရောက်သောအခါ ရပ်တန့်၍ အမောဖြေ နေကြစဉ် ဒေါက်တာမင်းထင်ကျော်က မေးသည်။

"ငါတို့ ဘယ်လမ်းက သွားကြမှာလဲ ပေါက်ကျိုင်း"

"ဒီတောင်ကြားလမ်းက သွားလို့မဖြစ်ဘူး ထင်တယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

ပေါက်ကျိုင်းက အလန့်တကြား မေးလိုက်သည်။

"လူရိုင်းတွေ အဲဒီတောင်ကြားမှာ ရှိနေကြတယ်"





"ဟင်. . . ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာ"

"ငါတို့ တောင်ကြောပေါ်က တက်သွားမှဖြစ်မယ်"

"အဲဒီလိုသွားရင် လမ်းမရှိတော့ အတော်ပင်ပန်းကြလိမ့် မယ် ဆရာ၊ ဖြစ်ပါ့မလား ဆရာ"

"ဖြစ်ပါတယ်. . . လူရိုင်းတွေနဲ့ ရင်ဆိုင်တိုးတာနဲ့စာရင် အခုလို အပင်ပန်းခံပြီး သွားတာက ပိုကောင်းပါတယ်"

ပေါက်ကျိုင်းမှာ ထိုနယ်ဒေသကို ကျွမ်းကျင်သူဖြစ်သော် လည်း ဒေါက်တာမင်းထင်ကျော်က အဖွဲ့ခေါင်းဆောင် ဖြစ်သော ကြောင့် ၎င်း၏ဆန္ဒကို မလွန်ဆန်ဝံ့ပဲ လိုက်လျောရလေသည်။

တောင်ကြောပေါ်မှ တက်ရသော လမ်းမှာ သွားနေကျ မဟုတ်သဖြင့် လမ်းမရှိပေ။

ကျောက်တုံးကျောက်တောင်များအပေါ်မှ ခက်ခက်ခဲခဲ တက်၍သွားကြရသဖြင့် များစွာပင်ပန်းလှသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ဇာဂလိ ရေးပြ လိုက်သောမြေပုံထဲမှာ ပါသည့်လမ်းအတိုင်း သွားနေခြင်းဖြစ် သည်။

ထိုလမ်းများက သူ့မျက်စိထဲမှာ အထင်းသား ပေါ်နေ လေသည်။ တောင်ကြားလမ်းမှ သွားလျှင် တစ်နာရီခန့်မျှ သွားရ သောခရီးကို တောင်ပေါ်လမ်းမှ သွားရသဖြင့် နာရီပေါင်းများစွာ ကြာလေသည်။

တောင်ထိပ်ပေါ် ရောက်သောအခါမှ မြေပြင်လက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



နားကြရသည်။

ထိုသို့နားနေကြစဉ် တောင်ကြားအတွင်းဆီမှ လူသံလိုလို ကြားရသဖြင့် တောင်ထိပ်ပေါ်မှ ငုံ့ကြည့်ကြသောအခါ တောင်ကြားတစ်နေရာတွင် စုဝေးနေကြသော လူရိုင်းများအား တွေ့မြင်ကြရသည်။

ထိုအခါမှပင် ဒေါက်တာမင်းထင်ကျော်အား ကျေးဇူးတင်သောမျက်နှာ၊ အံ့သြသောအကြည့်များဖြင့် လှမ်းကြည့်လိုက်ကြလေသည်။







အခန်း(၁၀)

# နာဂဓလေ့ဆန်းနှင့် အန္တရာယ်များ

ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့သားများသည် လမ်း၌ အန္တရာယ်အချို့နှင့် ရင်ဆိုင်ကြုံတွေ့ကြရသော်လည်း ကျော်လွှားနိုင်ကာ ကိုးလောင်းမြစ်အနီး၌ ရှိသော ပေါက်ကျိုင်းတို့ရွာသို့ ရောက်ကြလေတော့သည်။

ပေါက်ကျိုင်းတို့ရွာမှာ နာဂရွာတို့ ထုံးစံအတိုင်း တဲအိမ်အနည်းငယ်ဖြင့် စုစည်းထားသော ရွာငယ်တစ်ရွာမျှသာ ဖြစ်သည်။ ရွာလူကြီးမှာ ဇမုန်းထန်ဖြစ်သည်။

သူတို့ရောက်သွားတော့ တစ်ရွာလုံးက ဝမ်းသာနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ရောက်သွားသောအချိန်မှာ နေ့လည်ပိုင်းအချိန်ဖြစ်သောကြောင့် ရွာထဲမှာ လူသိပ်မတွေ့ရပေ။

သက်ကြီးရွယ်အိုများနှင့် ကလေးများသာ ကျန်ခဲ့ကြသည်။ နာဂတို့၏ဓလေ့ထုံးစံအတိုင်း ယောကျ်ား၊ မိန်းမ မရွေးဘဲ အလုပ်,လုပ်နိုင်သူမှန်သမျှ တောထဲသို့ သွားနေကြသည်။

တောင်ယာစိုက်ခင်းများသို့ သွားနေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို ဇမုန်းထန်က လူမနေသော တဲတစ်လုံးမှာ နေရာချပေးသည်။

ပေါက်ကျိုင်းက ဒေါက်တာမင်းထင်ကျော်အကြောင်းကို ပြောပြသောအခါ ဇမုန်းထန်က အားကိုးသော အမူအယာဖြင့်

"ဒေါက်တာဆိုတော့ ဆေးကုလို့ရတာပေါ့နော်"

ဟု မေးလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း အလိုက်သင့် ပြန်ပြောရလေသည်။

"ရပါတယ်. . . ဘာဖြစ်လို့လဲ"

"ကျုပ်သားတစ်ယောက် ရောဂါတစ်ခု ရနေတာ ဆေးကုလို့လည်း မပျောက်ဘူး၊ ရိုးရာနတ်တွေ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုလည်း တင်မြှောက်ပသပြီးပြီ. . . မရဘူး၊ ဒါကြောင့် ဆရာကြည့်ပေးပါ"

"သူက ဘယ်မှာလဲ"

"အိမ်မှာ ရှိပါတယ်၊ ကျုပ်ခေါ်ခဲ့ပါ့မယ်"



BURMESE CLASSIC .com



ဟု ပြောကာ ထွက်သွားပြီး ခဏကြာတော့ လူရွယ်တစ်ယောက်ကို ခေါ်လာသည်။

ဒေါက်တာမင်းထင်ကျော် ထိုလူရွယ်ကို ကြည့်လိုက်ကတည်းက ရောဂါအခြေအနေကို အကဲခတ်မိသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ထန်မောင်လို့ ခေါ်ပါတယ်"

"အသက်ကရော"

"ဒီနှစ် နှစ်ဆယ်ပြည့်ပါပြီ"

ဟု ပြန်ပြောသည်။

ဒေါက်တာမင်းထင်ကျော်က ရောဂါအခြေအနေကို ကြည့်သောအခါ ၎င်း၌ ဖြစ်နေသော ကာလသားရောဂါ (ဆစ်ဖလစ်)အခြေအနေမှာ အတော်ကလေး ရင့်နေပြီဖြစ်ကြောင်း သိရသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

"မင်း ဒီရောဂါရတာ သိသလား"

"မသိဘူး"

"မင်းမှာ မိန်းမရှိသလား"

"ရှိတယ်. . . အများကြီးပဲ"

"ဒါကို ပြောတာမဟုတ်ဘူး၊ အမြဲအတူနေတဲ့ မိန်းမကို ပြောတာ"

"ဒါတော့ မရှိဘူး"

"မင်း မိန်းမတွေ အများကြီးနဲ့ နေတော့ သူတို့ဆီက



www.burmeseclassic.com

www.burmeseclassic.com



ရောဂါတွေအားလုံး ကူးမှာပေါ့"

ထိုသို့ပြောသည်အထိ ထန်မောင်ဆိုသောလူရွယ်က သူ့ရောဂါအခြေအနေကို အရေးကြီးသည်ဟု ထင်ဟန်မရှိသေးပေ။

"မင်းက အခုဖြစ်နေတဲ့ရောဂါက ပေါ့ပေါ့ကလေး ထင်နေတာကိုး၊ ဒီရောဂါ ရင့်လာရင် မျက်စိကန်းသွားမယ်၊ တစ်ကိုယ်လုံး နူနာတွေ စွဲလာမယ်၊ နောက်ဆုံး အသက်သေလိမ့်မယ်၊ နူတယ်ဆိုတာ သိသလား"

"မသိဘူး"

"နူတယ်ဆိုတာ တစ်ကိုယ်လုံး အနာတွေအများကြီး ဖြစ်လာမယ်၊ နှာခေါင်းတွေ၊ နားရွက်တွေ၊ လက်တွေခြေတွေ ကွေးပြီးတိုသွားလိမ့်မယ်၊ ပြတ်ကုန်မယ်၊ နောက်ဆုံး လမ်းလျှောက်လို့မရအောင် ဖြစ်သွားလိမ့်မယ်၊ အဲဒီလိုဖြစ်ပြီးရင် သေလိမ့်မယ်"

ထိုကဲ့သို့ ပြောလိုက်တော့မှ ထန်မောင်မှာ အနည်းငယ်တုန်လှုပ်သွားလေသည်။

အရွယ်ကောင်းပြီး ရုပ်ရည်ကလည်း အသင့်အတင့်ရှိသော ထန်မောင်သည် ရွာလူကြီးသားဟူသော အရှိန်အဝါကြောင့် မိမိရွာ၌သာမက အခြားရွာများမှာပင် မျက်နှာပွင့်ခဲ့လေသည်။ သို့ကြောင့် တွေ့သမျှ မိန်းကလေးနှင့် ချစ်ကြိုက်ပြီး စိတ်ရှိသလို နေထိုင်ခဲ့လေသည်။

မြို့ပြနှင့် အလှမ်းဝေးပြီး မြို့ကို တစ်ကြိမ်တစ်ခေါက်မှ မရောက်ဖူးကြသော နာဂလုံမပျိုတို့သည် သဘာဝအတိုင်း လွတ်လပ်စွာ နေထိုင်ကြသည်။

ရင်ဘတ်ဟင်းလင်းတွင် ပုတီးလေးများ ဆွဲထားရုံသာရှိပြီး လုံချည်ကလည်း အရှက်လုံရုံသာ ဝတ်ကြသည်။

ခေါင်းပေါ်မှာ ရှည်နီတဘက်၊

ခြေထောက်တွင် ကြိမ်နီ၊ ကြိမ်နက်ကလေးများကို ဆေးနီဆေးနက် ဆိုးကာ ရစ်ပတ်လျက်. . .

နားနှစ်ဖက်မှာလည်း နားဋ္ဌောင်းကြီးများသာ ရှိကြပြီး အဝတ်ဟူ၍ သာမန်ထမီတိုကလေးများသာ ဝတ်ဆင်၍ တောထဲတောင်ထဲ သွားလာနေကြသော နာဂအပျိုရိုင်းကလေးများမှာ တစ်ကြိမ်မဟုတ်တစ်ကြိမ် ထန်မောင်လို ရာဂဘီလူးများနှင့် ကြုံတွေ့ကာ အပျိုစင်ဘဝကို အလွယ်တကူ စွန့်လွှတ်ပေးကြရသည်။

အချို့ ဘဝပျက်ကြရသည်။

စည်းကမ်းမရှိသော ထန်မောင်ကြောင့် ဘယ်နှစ်ယောက်များ ဘဝပျက်ခဲ့ပြီလဲဟု တွေးမိသောအခါ စိတ်မကောင်းဖြစ်မိလေသည်။

"ဒီမှာ ထန်မောင်၊ မင်းကို ငါပြောမယ်၊ မင်းမှာ ဖြစ်နေတဲ့ရောဂါဟာ မင်းအတွက် အင်မတန် အရေးကြီးသလို ရွာမှာရှိတဲ့ တခြားလူတွေအတွက်လည်း သိပ်ကို အရေးကြီးတယ်၊ မင်းကြောင့် နောက်ဆိုရင် ဒီရောဂါတွေ တစ်ရွာလုံး ကူးသွားရင် အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်"





www.burmeseclassic.com

www.burmeseclassic.com



“ဟင်. . .”

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ထန်မောင်သာမက ကျန်လူများပါ မျက်လုံးပြူးသွားကြသည်။

“မင်းကို ငါတို့မှာ ပါလာတဲ့ဆေးတွေနဲ့တော့ ကုပေးခဲ့မယ်၊ ငါတို့ကလည်း ရှေ့ကို ခရီးဆက်ရဦးမှာဆိုတော့ မင်းကို အမြဲမကုပေးနိုင်ဘူး၊ နောက်ပိုင်းမှာ မင်း မိန်းမတွေဆီကို မသွားပါနဲ့၊ သူတို့နဲ့ အတူတူမနေပါနဲ့. . . မအိပ်ပါနဲ့”

“ဆရာပြောရင် ကျွန်တော်မသွားပါဘူး၊ ဒါပေမယ့် သူတို့က ကျွန်တော့်ဆီ လာရင် ဘယ်နှယ့်လုပ်ရမလဲ”

ထန်မောင်က အရိုးခံအတိုင်း မေးလိုက်သော်လည်း ဒေါက်တာမင်းထင်ကျော်တို့က သဘောကျသဖြင့် ပြုံးလိုက်ကြလေသည်။

“လာတော့လည်း စကားပြောရုံပြောပေါ့ကွာ၊ သူတို့အသားကို လုံးဝမထိနဲ့ပေါ့၊ အဲဒီလို ထိမိရင် မင်းဆီမှာ ရှိတဲ့ရောဂါတွေက သူတို့ကို ကူးနိုင်သလို သူတို့ဆီမှာ ရှိတဲ့ရောဂါတွေကလည်း မင်းကို ကူးနိုင်တာပေါ့”

“မထိတော့ပါဘူး”

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ထန်မောင်အား ဆေးထိုးပေးခြင်း၊ သောက်ဆေးများပါ ပေးလိုက်ရာ ထန်မောင်လည်း ပြန်သွားလေသည်။

“သူ့ကို ဘာနတ်ဖမ်းစားထားတာလဲ ဆရာ”



BURMESE CLASSIC .com



“သူ့ကို ဖမ်းစားထားတာ တခြားတော့ မဟုတ်ဘူး၊ မိန်းမနတ် ဖမ်းစားထားတာ သူကြီးရေ၊ သူ့ကို ဒီအတိုင်း လွှတ်ထားရင်တော့ အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်”

ဟု ပြောပြလိုက်သည်။

“အင်း. . . တော်ပါသေးရဲ့ဗျာ၊ ဆရာတို့သာ ရောက်မလာရင်တော့ ကျုပ်သားတော့ ဒီရောဂါနဲ့ သေရမှာ အမှန်ပါပဲ၊ ဆရာတို့ကို ကျေးဇူးတင်ပါတယ်၊ ဒီအတွက် လိုတဲ့အကူအညီကိုလည်း ပေးပါ့မယ်”

ဟု ပြောလေသည်။

“တခြားတော့ အကူအညီ မလိုပါဘူး၊ ကျွန်တော်တို့က ကိုးလောင်းမြစ်အဆုံးမှာ ရှိတဲ့ လူရိုင်းတွေ ရှိတဲ့ရွာကို သွားဖို့ပါပဲ၊ အဲဒါ ခရီးလမ်း ကျွမ်းကျင်တဲ့လူများ ရှိရင် တွေ့ချင်ပါတယ်”

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ ဇမုန်းထန်က အတန်ကြာအောင် စဉ်းစားနေလေသည်။

“အဲဒီဘက်မှာ ကျုပ်တို့နာဂမျိုးနွယ်တွေ နေတဲ့ရွာတစ်ရွာရှိတယ်၊ ဒါပေမယ့် အဲဒီနေရာကို သွားဖို့ကတော့ မလွယ်လှဘူး၊ လမ်းတစ်လျှောက်လုံးမှာ တောနက်တွေ၊ တောင်တန်းတွေချည်းပဲ ရှိတယ်၊

နောက်တစ်ခုက အဲဒီတောနက်တွေထဲမှာလည်း လူတွေကို ရက်ရက်စက်စက် သတ်ဖြတ်ကြတဲ့ လူရိုင်းတွေ အများကြီး ရှိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ဒီရွာမှာတော့ အဲဒီဘက်ကို လမ်းကျွမ်းကျင်တဲ့ လူတစ်ယောက် ရှိပါတယ်၊ သူ့နာမည်က 'တာဘိုးဝါး' လို့ ခေါ်တယ်၊ သူက အတိတ်နိမိတ်ဖတ်တဲ့ အတတ်ပညာလည်း ကောင်းကောင်းတတ်ပါတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ အနည်းငယ် စိတ်အားတက်လာသည်။

"သူ့ကို ခေါ်သွားလို့ ရနိုင်မလား၊ အကူအညီပေးပါ"

"အန္တရာယ်များလွန်းလို့ ဘယ်သူမှ မသွားကြပါဘူး၊ အဲ. . . တစ်ခုတော့ ရှိတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်တုန်းကတော့ အဲဒီနေရာကို မျက်နှာဖြူလူမျိုးတစ်ယောက် ရောက်လာတယ်၊ သူ့မှာ ဆယ်နှစ်ကျော်ကျော်လောက် အရွယ်ရှိတဲ့ သမီးလေးတစ်ယောက် ပါလာတယ်"

"ဟင်. ."

ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"သူတို့ ဘယ်နေရာ သွားကြတာလဲဆိုတာ သူကြီး သိသလားဟင်"

"ဘယ်နေရာ သွားမယ်ဆိုတာတော့ အတိအကျ မသိခဲ့ရဘူး၊ ဒါပေမယ့် ကိုးလောင်းမြစ်ဖျားဘက် တက်သွားတာကတော့ သေချာပါတယ်"





"ဒါဖြင့် အဲဒီဘက် ရောက်ဖူးတဲ့ လမ်းပြကိုသာ ကျွန်တော်တို့နဲ့ တွေ့ပေးပါ"

"စိတ်မပူပါနဲ့လေ. . . အခုအချိန်လည်း သူတို့တွေ တောထဲ သွားနေကြလို့ ရွာမှာ မရှိကြပါဘူး၊ မိုးချုပ်လို့ ရွာပြန်ရောက်မှပဲ ခေါ်ပေးပါ့မယ်"

ဟု ပြောလေသည်။

ညဦးပိုင်း ရောက်သောအခါ ဇမုန်းထန်က သူတို့အတွက် စားပွဲသောက်ပွဲ လုပ်ပေးသည်။

တောထဲမှ ရလာသော ဒရယ်ဖိုတစ်ကောင် ရလာသဖြင့်လည်း စားသောက်ပွဲမှာ စိုပြည်လှသည်။

လူအတော်များများက ရပ်ဝေးမှ ဧည့်သည်များ ရောက်နေသည်ဟု သတင်းကြားသဖြင့် ၎င်းတို့ သိမ်းဆည်းထားသော စားသောက်စရာများ ယူလာကြသည်။

ကြက်သား၊ ဝက်သား၊ မြွေကင်၊ ဖွတ်ကင်၊ ယုန်ကင်၊ ကြက်ဥ စသည်ဖြင့် စုံလင်လှသည်။

နာဂများ သောက်သောခေါင်ရည်မှာ နှစ်မျိုးရှိသည်။

ပထမတစ်မျိုးမှာ သောက်ရိုးသောက်စဉ် အများသုံး၊ နေ့စဉ်သုံး ခေါင်ရည်ဖြစ်သည်။

စပါး သို့မဟုတ် ဆန်ကို ရိုးရိုးထောင်းချင်ထောင်း၊ ဒါမှမဟုတ် တဆေးနှင့် ရောရှထောင်းပြီး အိုးထဲသို့ ထည့်ကာ အချဉ်ဖောက်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးရက်ခန့်ကြာတော့ ကဇော်ပေါက်အနံ့ ထွက်လာသောအခါ ယင်းအဖတ်များကို လိုသလောက် ဆယ်ယူပြီး အိုးငယ် ဒါမှမဟုတ် ဝါးကျည်တောက်ထဲသို့ ထက်ဝက်ခန့် ထည့်ပြီး ရေနွေးကို လိုသလောက် လောင်းထည့်ရသည်။

ထိုသို့ထည့်ပြီး၍ ခဏကြာလျှင် သောက်လိုက သောက်နိုင်ပြီ၊ ဝါးခွက်ထဲ ထည့်သောက်မလား၊ ဒါမှမဟုတ် ကျူရိုးသို့မဟုတ် ဝါးစုတ်တံကလေးဖြင့် စုတ်သောက်မလား၊ သောက်ရန် ခေါင်ရည် ရချေပြီ။

ဝိုင်းဖွဲ့၍စကားပြောရင်း ညည့်သည်လာ၍ ညည့်ခံရင်း ခေါင်ရည်စုတ်ကြသည့်ဓလေ့ရှိသည်။

၎င်းခေါင်ရည်မှာ စကားပြောကောင်းရုံသာရှိပြီး တော်ရုံသောက်ရုံနဲ့တော့ မမူးပေ။

နာဂများကတော့ အောက်အရပ်သားများ လက်ဖက်ရည်ကြမ်း သောက်သကဲ့သို့ အစဉ်မပြတ် သောက်ကြသည်။

နောက်တစ်မျိုးကတော့ ရေမရောသည့် အပြင်းစား၊ အကောင်းစားခေါင်ရည်ဖြစ်သည်။

အချဉ်ဖောက်ထားသော ခေါင်ဖပ်များကို ပလိုင်းသို့မဟုတ် ခြင်းတောင်းထဲတွင် အောက်ဘက်မှ ဖက်ခင်း၍သိပ်ထည့်ရသည်။ ပြီးလျှင် အပေါ်မှ ဖက်ထူထူ ဖုံးအုပ်၍ တိုင်မှာ ချိတ်ဆွဲထားရသည်။

နှစ်ရက်သုံးရက်ကြာသောအခါ တောင်းထဲမှ ခေါင်ဖပ်





များ ပျော့အိလာပြီး အရည်တစ်ပေါက်စက် စိမ့်ကျလာသည်။

ယင်းကဲ့သို့ တစ်စက်စက် ကျလာသောအရည်ကို ခေါင်ခွက်နှင့် ခံယူထားပြီး ပုလင်းထဲသို့ ပြောင်းထည့်လိုက်သည်။

ထို့နောက် ပုလင်းကို အလုံပိတ်ပြီး စပါးပုတ် သို့မဟုတ် ကျတ်ခိုးစင်ပေါ် သို့ တင်ထားလိုက်သည်။

ကြာကြာထားလေ ကောင်းလေလေဖြစ်သည်။

ကြာလာသောအခါ ခေါင်ရေမှာ ပြင်းလေ အရသာရှိလေလေ ဖြစ်၏။

ထိုခေါင်ရည်ကို ပွဲလမ်းသဘင် ရှိသောအခါ၌လည်းကောင်း၊ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ရောက်လာသည့်အခါ၌လည်းကောင်း အမြတ်တနိုးထားပြီး ထုတ်ကာ ညည့်ခံလေ့ရှိကြသည်၊ အနောက်တိုင်းသားများက ရှန်ပိန်အရက်ကို တန်ဖိုးထားသကဲ့သို့ တောင်တန်းပေါ်မှာ နာဂများကလည်း ခေါင်ရည်ကို မြတ်နိုးကြလေသည်။

ရွာလူကြီး၏အိမ်ဝိုင်းရှေ့တွင် မီးပုံကြီး ဖိုထားပြီး မီးပုံပေါ်မှာ သားကောင်များကို အကောင်လိုက် တံစို့ထိုးကာ ကင်ထားလေသည်။ အခြားအသားပိုင်းများက တံစို့ထိုး၍ ထောင်ကင်ထားသည်။

အဆီများက မီးပုံအတွင်းသို့ တစက်စက် ကျနေသောကြောင့် ညှော်နံ့များက လှိုင်ထွက်နေသည်။

အသားကင်တစ်ကိုက်၊ ခေါင်ရည်တစ်ကျိုက်နှင့် ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာမင်းထင်ကျော်တို့အဖွဲ့သားများမှာ နှစ်ခြိုက်မှု ရှိနေကြတော့သည်။

ညဦးပိုင်းရောက်တော့ အလုပ်မှ ပြန်လာသော နာဂလုံမပျိုအချို့ ရောက်လာပြီး မီးပုံနံဘေးမှာ ဝိုင်းဖွဲ့၍ သီချင်းဆိုကာ ကခုန်ကြလေသည်။

မီးပုံမှ မီးရောင်ပင် ရှိသော်လည်း ထိုမီးရောင် မှုန်ပျပျနှင့်ပင် သူမတို့၏ပင်ကိုယ်အလှများကို အထင်းသား မြင်ရလေသည်။

"စောထီးနဲ့ ငမဲအောင်"

ကျော်စွာက ခပ်တိုးတိုး ခေါ်လိုက်သဖြင့် နှစ်ယောက်သား လှည့်ကြည့်ကြသည်။

"မင်းတို့နှစ်ယောက် သူတို့နဲ့ တွဲပြီးမကချင်ဘူးလား"

"မကချင်ပါဘူးဗျာ. . . ရှက်စရာကြီး"

"ဘာရှက်စရာ ရှိသလဲကွ၊ ဒီလိုနေတာကိုက သူတို့ရဲ့ ဓလေ့ဘာသာပဲဟာ၊ နာဂမိန်းမပျိုတွေကို ဘယ်ယောကျ်ားက မဆို နပမ်းလုံးခွင့်ရှိတယ်၊ နမ်းခွင့်ရှိတယ်. . . ဘယ်လိုလဲ"

"မကချင်ပါဘူးဗျာ. . . ရှက်စရာကြီး"

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာ လူပျိုလူလွတ်များဖြစ်သော်လည်း မိန်းမကိစ္စကင်းကြသူများဖြစ်သည်။

သူတို့အမိက ဝါသနာပါသောအလုပ်မှာ စွန့်စားမှုအလုပ်များသာဖြစ်ကြသည်။





ယခုလည်း သူတို့နှစ်ယောက်ကို တကယ်ဝင်ကခိုင်းမည် အထင်နှင့် အတင်းငြင်းနေသည်ကို ကြည့်ပြီး ကျန်လူများက သဘောကျကာ ရယ်မောနေကြသည်။

နာဂလုံမပျိုများကတော့ မျက်လုံးရွှဲရွှဲများဖြင့် ညှို့သည်များရှိရာသို့ လှမ်းကြည့်ကာ သံပြိုင်သီချင်းဆိုနေကြသည်။

"ဒပိုင်းစောင်း၌ ဖိုးကော်ပြာကို ပြာရာ၊ ပိန်းဆင်ပေါဖာ၊ မနက်ကျင်းကော်၊ ကပ်ပောပူယာ၊ နိုက်ကျင်းကော် ကံပောပူယာ ဖောပီမာဝါ"

သံပြိုင်ဆိုနေသော သီချင်းသံမှာ နားထောင်၍တော့ ကောင်းသည်။

"သီချင်းအဓိပ္ပါယ်က ဘာတဲ့လဲ ပေါက်ကျိုင်း"

"ဒါက သူတို့အချင်းချင်း နောက်ပြောင်တဲ့အနေနဲ့ သူတို့စိတ်ထဲမှာ ရှိတဲ့အတိုင်း သီချင်းလုပ်ပြီး ဆိုနေကြတာ ဆရာရဲ့၊ အဓိပ္ပါယ်က. . .

လင့်နောက် လိုက်ဖို့ ပြာယီးပြာယာနှင့် ဆင်းပြေးခဲ့ရ၍ ထမီစွန်တောင် စုတ်ပြဲခဲ့ရပါပြီ. . .

မစားရလဲ ကံအတိုင်း၊ စားရလဲ ကံအတိုင်း၊

တို့လင်မယား အတူတူနေကြမည်၊

လို့ အဓိပ္ပါယ်ရတယ်"

ပေါက်ကျိုင်းက အဓိပ္ပါယ်ကို ပြောပြသည်။

"ဒီလိုဆိုရင် သူတို့တတွေဟာ ယောကျ်ားတွေအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအနှံ့တာခံပြီး ချစ်နိုင်တယ်၊ သစ္စာရှိတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးပေါ့”

“ဟုတ်တယ်. . . ဟုတ်တယ်၊ အဲဒီသဘောမျိုးပဲ”

ထို့နောက်တွင် နာဂလုံမပျိုကလေးများက သံပြိုင်ဆိုကြပြန်သည်။

“ဝါး၊ ရုံ၊ ဂုံ၊ ယေး. . . အတွန်း

အီ၊ လုံး၊ ဂုံယေး. . . . အယွန်း”

“ဒါကရော ဘယ်လိုအဓိပ္ပါယ်လဲကွ”

“အော်ဒါကတော့ သံပြိုင်သီချင်းမျိုးပေါ့. . .

ဝါးရုံဂုံယေးအတွန်းဆိုတာ ဝါးကို အရင်းက ခွဲပါလေ၊ အီလုံဂုံယေးအယွန်းဆိုတဲ့အဓိပ္ပါယ်က ကြိမ်ကို အဖျားက ခွဲပါလေ ဆိုတဲ့အဓိပ္ပါယ် ရတယ်”

“ဒီသီချင်းကိုရော ဘယ်လိုအဓိပ္ပါယ်မျိုးနဲ့ ဆိုတာလဲ”

“ယောက္ခမအိမ်မှာ နေရတဲ့ သားမက်ကို ယောက္ခမကြီးက ဝါးခွဲခိုင်းတော့ သားမက်က မခွဲတတ်ဘူး၊ အဲဒီတော့ အိမ်ထဲမှာ ရှိတဲ့မိန်းမက ကလေးချော့ရင်း သူ့ယောက်ျားကို ဝါးဘယ်လိုခွဲရတယ်၊ ကြိမ်ဆိုရင် ဘယ်လိုခွဲရတယ်လို့ ပြောပြလိုက်တဲ့သီချင်းပဲ၊

အမှန်တော့ သူတို့ယောက်ျားအပေါ်မှာ ဘယ်လောက်ချစ်ကြတယ်ဆိုတာ တစိမ်းယောက်ျားတွေ သိအောင် ပြောပြတဲ့သီချင်းမျိုးပေါ့”





ပေါက်ကျိုင်း ရှင်းပြနေသည်ကို နားထောင်ရင်း ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌ ထိုမျှသဘောမနောကောင်းလွန်းသော နာဂ မိန်းမပျိုလေးများမှာ ရွာလူကြီးသား ထန်မောင်ကဲ့သို့ စည်းမထားသော ယောက်ျားမျိုးနှင့် တွေ့ပါက ရေတိမ်နစ်ကြရမည်ဟု တွေးမိလေသည်။

ထိုညက အသားကင်တစ်ကိုက်၊ ခေါင်ရည်တစ်ကျိုက်နှင့် နာဂမိန်းမပျိုလေးများ မီးပုံပွဲအကကို နှစ်ခြိုက်နေကြသော သူတို့တတွေမှာ ညဉ့်လယ်ပိုင်း ရောက်သောအခါ ကင်းစောင့်နေသူများထံမှ အချက်ပေးသံများ ပေါ်ထွက်လာသည်။

“တုံ. . တုံ. . တုံ. . တုံ”

“ဘာဖြစ်တာလဲ”

“လူရိုင်းတွေ ဝင်လာပြီထင်တယ်”

ခဏကြာတော့ လေးနှင့်မြား ကိုင်ထားသော နာဂတစ်ယောက် ရောက်လာပြီး ရွာအနောက်ဘက်မှ လူရိုင်းများ ဝင်လာပြီဖြစ်ကြောင်း လာရောက်သတင်းပေးလေရာ ကနေသူများလည်း ချက်ချင်းရပ်ကာ အမှောင်ထဲ ဝင်၍ပုန်းကြလေသည်။

ရွာလူကြီးနှင့် ယောက်ျားများကတော့ တူမီးသေနတ်၊ လေးမြား၊ ဓါးလှံများကို မြင်ကြလေသည်။

ဂင်းတို့ရွာမှာ ရွာလူကြီး ကိုင်သော တူမီးသေနတ်နှင့် မုဆိုးအချို့ ကိုင်သော တူမီးသေနတ် တစ်လက်နှစ်လက်သာ ရှိပေရာ အရေးအကြောင်းရှိလျှင် အားမကိုးရပေ

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့မှာတော့ သေနတ်ကောင်းများနှင့် ကျည်ဆန်အလုံအလောက် ပါလာရာ တိုက်ခိုက်ရန် အလျင်အမြန် ပြင်ကြရသည်။

"ဆရာ. . . လူရိုင်းတွေက အဆိပ်လူးမြားတွေနဲ့ ပစ်လိမ့်မယ်၊ မြားမထိအောင် အကာအကွယ်ယူပြီး ပစ်ပါ"

ဟု ပေါက်ကျိုင်းက သတိပေးသည်။

ဒေါက်တာမင်းထင်ကျော်တို့ ငါးယောက်စလုံး သေနတ်များကို အဆင်သင့်ပြင်ကာ တောင်ကုန်းအကွယ်နှင့် သစ်ပင်အကွယ်နေရာများတွင် အဆင်သင့် နေရာယူလိုက်ကြလေသည်။

ခဏကြာတော့ ရွာထဲမှာ ကြက်အော်သံ၊ ဝက်အော်သံ၊ နွားအော်သံများနှင့်အတူ ဆူဆူညံညံအသံများ ကြားရသည်။

"လူရိုင်းတွေက အစာရေစာ ပြတ်ရင် အခုလိုပဲ ရွာတွေကို ဝင်ပြီးဒုက္ခပေးလေ့ ရှိတယ်၊ နောက်ဆုံး တိရစ္ဆာန်တွေ မရရင် လူတွေ့ရင် လူကို သတ်ယူသွားတတ်တယ်၊

သိပ်ပြီးရက်စက်ကြတယ်၊

မဟုတ်ကာမှလွဲရော. . . အခုလာတဲ့လူရိုင်းတွေဟာ ကျွန်တော်တို့ လာတုန်းက တောင်ကြားထဲမှာ လူစုနေတဲ့လူရိုင်းတွေပဲ ဖြစ်မယ်ထင်တယ်"

ပေါက်ကျိုင်းစကားမဆုံးသေးမီမှာ ဆူညံသံများက တဖြည်းဖြည်း နီးလာသည်။





ဒေါက်တာမင်းထင်ကျော်တို့က အသံရော လူပါ ပျောက်လိုက်ကြသည်။

ခဏကြာတော့ ခါးမှာ နံပိုင်းငယ်၊ သားရေပြားကလေးသာ ချိတ်ဆွဲထားသော လူရိုင်းများ ရောက်လာကြသည်။

လူနှစ်ဆယ်ခန့် ရှိသည်။

၎င်းတို့လက်ထဲမှာ လေးမြား၊ ဓားလှံလက်နက်များ ကိုင်ထားကြသည်။

အိမ်ရှေ့ကွက်လပ် ရောက်သောအခါ အသားကင်များနှင့် ခေါင်ရည်အိုးတို့ကို တွေ့မြင်သောအခါ ဟူးဟူးဝါးဝါး အော်ဟစ်ကာ ဝမ်းသာအားရ အမူအယာဖြင့် အငမ်းမရ စားသောက်ကြသည်။

ထိုအခိုက်အတန့်လေးကပင် မလှမ်းမကမ်းမှာ ပုန်းနေသော ဒေါက်တာမင်းထင်ကျော်တို့အတွက် အခွင့်အရေးကောင်းပင်၊ ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်သင့်ပြင်ပြီး မိမိအဖွဲ့သားများကို အချက်ပြလိုက်သည်။

ထို့နောက်မှာတော့ သေနတ်သံများက မိုးချုန်းသံများကဲ့သို့ တပြိုင်နက် ပေါ်ထွက်လာတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

ကွက်လပ်ထဲတွင် ရောက်နေသော လူရိုင်းအချို့ လဲကျသွားကြတော့သည်။

ကျန်လူရိုင်းများက သေနတ်သံ ကြားရာသို့ မိုက်မဲစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးတက်လာကြရာ တစ်ယောက်ပြီးတစ်ယောက် ပစ်ချကြသည်။

အချို့ကလည်း မြားဖြင့် လှမ်းပစ်သည်။

လှံဖြင့် လှမ်းထိုးသည်။

မြားနှင့်လှံများက သစ်ပင်နှင့် အကာအကွယ် ယူထားသော အရာဝတ္ထုများသို့ တဒုတ်ဒုတ်နှင့် လာရောက်စိုက်ဝင်ကြသည်။

ဒေါက်တာမင်းထင်ကျော်တို့က တက်ညီလက်ညီ ပစ်ရာ နောက်ဆုံးကျန်သော လူရိုင်းအချို့မှာ ထွက်ပြေးကြရာ ရွာခံလူများက ဓါးလှံ၊ လေးမြားတို့နှင့် တိုက်ခိုက်သတ်ဖြတ်ကြလေတော့သည်။

သန်းခေါင်ယံအချိန်ကျော်သောအခါ ဆူဆူညံညံအသံများ တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်ကျသွားသည်။

ထိုအခါမှပင် ပုန်းအောင်းနေသူများလည်း အလျှိုလျှိုထွက်လာလေတော့သည်။

"ကျုပ်တို့ရွာကို ဒင်းတို့ လာနှိပ်စက်နေတာ မနည်းတော့ဘူး၊ ဒီတစ်ကြိမ်မှပဲ အမြစ်ပြတ်အောင် သတ်နိုင်တော့တယ်၊

ဒါကလည်း ဆရာတို့ကျေးဇူးကြောင့်ပါပဲ၊

ဆရာတို့ကို အများကြီး ကျေးဇူးတင်ပါတယ်"

ဟု ဖမုန်းထန်က ဝမ်းသာသောအသံဖြင့် ပြောသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း မိမိတို့ ရောက်နေခိုက် ယခုကဲ့သို့ အကူအညီပေးခွင့် ရသဖြင့် ဝမ်းသာနေကြသည်။

ထို့နောက် ဖမုန်းထန်က ဒေါက်တာမင်းထင်ကျော်တို့အတွက် အကူအညီပေးရန် လူတစ်ယောက်ကို အခေါ်ခိုင်းရာ ကလေးတစ်ယောက်ကို လက်ဆွဲလာသော လူတစ်ယောက် လိုက်လာလေသည်။ ကလေးက ငိုနေသည်။

"ဘာဘိုးဝါး. . . ဘာဖြစ်လို့လဲ"

"ကျုပ်မိန်းမ မရှိတော့ဘူး၊ သူတို့ သတ်သွားကြပြီ"

ဟု ပြန်ပြောသည်။

သူ့ကြည့်ရသည်မှာ များစွာဒေါသထွက်နေဟန်ရှိသည်။

"ကျုပ်ကို ဘာကိစ္စခေါ်တာလဲ သူကြီး"

"မင်းကို ဒီက ငါ့မိတ်ဆွေတွေအတွက် လမ်းပြထည့်ပေးလိုက်ချင်လို့ ခေါ်တာ"

"ဘယ်ကို သွားကြမှာလဲ"

"ကိုးလောင်းမြစ်ဖျားဘက် သွားမှာ"

ဘာဘိုးဝါးက အတန်ကြာအောင် မျက်မှောင်ကျုံ့၍ စဉ်းစားနေလေသည်။

"လိုက်တာကတော့ ဟုတ်ပါပြီ၊ မိန်းမ မရှိတော့ ဒီကလေးက ဘယ်လိုလုပ်ရမလဲ"

"မင်းသွားရင် ဒီမှာ ထားခဲ့ပေါ့ကွာ"

"ထားခဲ့လို့ မဖြစ်ဘူး. . . အဲဒီဘက်က အန္တရာယ်အတော်များတယ်၊ သေမယ်ရှင်မယ် ပြောလို့မရဘူး၊ ဒီကလေးပါ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားလို့ရမယ်ဆိုရင် လိုက်ခဲ့မယ်"

ဟု သူ၏သဘောဆန္ဒကို ပြောလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က လိုက်ခဲ့လျှင် ကလေးအတွက် အစစအရာရာ တာဝန်ယူပေးမည်ဟု ပြောတော့မှ တာဘိုးဝါးက လမ်းပြအဖြစ် လိုက်ခဲ့ရန် သဘောတူလေသည်။







အခန်း(၁၁)

## မရဏာနွံအိုင်လမ်း

လမ်းခရီးတလျှောက်လုံးတွင် လူရိုင်းများနှင့် အကြိမ်ကြိမ် တွေ့ကာ တိုက်ခိုက်ရလေသည်။

လူရိုင်းများကလည်း ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ကို အငြိုးအတေးထားကာ နောက်မှ ချောင်းမြောင်း၍ တကောက်ကောက် လိုက်ကာ သတ်ဖြတ်ရန် ကြိုးစားနေကြလေသည်။

တစ်နေရာ၌ စခန်းချနေကြစဉ် လူရိုင်းများ၏ ပိုင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ခြင်းကို ခံကြရသည်။

ဎင်းတို့သည် စက်ဝိုင်းသဏ္ဍာန် ပတ်ဝိုင်းပြီး တိုက်ခိုက်ကြရာ အင်အားများသောကြောင့် အသည်းအသန် ပြန်လည်တိုက်ခိုက်ကြရာ အလုပ်သမားအချို့နှင့် လားများ သေဆုံးကုန်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ပင်လျှင် အသက်ဘေးမှ လွတ်အောင် တရကြမ်း တိုက်ကာ ဖောက်ထွက်ကြရလေသည်။

နောက်ဆုံးတော့ ခြေဦးတည့်ရာသို့ ထွက်ပြေးကြရလေသည်။ တာဘိုးဝါး၏သမီးလေးမှာ များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ်နေသောကြောင့် ငိုကြွေးနေလေသည်။

နောက်ဆုံးတော့ သူတို့အဖွဲ့မှာ ကံအားလျော်စွာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။

သို့သော်လည်း အလုပ်သမားနှင့် လားများ သေဆုံးသွားသည့်အပြင် ခရီးအတွက် ယူဆောင်လာသော ပစ္စည်းအတော်များများမှာ ကျန်ရစ်ခဲ့လေသည်။

ကျော၌ လွယ်ထားသောအိတ်အချို့သာ ပါလာတော့သည်။

တစ်နေရာ၌ နားပြီး အမောဖြေနေစဉ် တာဘိုးဝါးက အရေးတကြီး ပြောလာသည်။

"ကျုပ်တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားကြမှ ဖြစ်မယ်ထင်တယ်၊ စောစောက တောင်ကုန်းထိပ်နေရာမှာ လူရိုင်းတစ်





ယောက်ကို ရိုပ်ကနဲ လှမ်းမြင်လိုက်ရတယ်၊ သူက သူ့အဖော်တွေကို အမြန်ဆုံး သွားပြောမှာ သေချာတယ်"

ဟု ပြောသဖြင့် ပစ္စည်းများကို သယ်ပိုးကာ ထိုနေရာမှ အမြန်ဆုံး ထွက်ပြေးကြရပြန်သည်။

နောက်ဆုံးတော့ သူတို့သည် ကိုးလောင်းမြစ်ကမ်းနံဘေးသို့ ရောက်လာခဲ့ကြသည်။

အချိန်မှာလည်း နေဝင်ချိန်နီးပြီဖြစ်သောကြောင့် မြစ်ကမ်းအနီးရှိ လှိုဏ်မြောင်တစ်ခုထဲသို့ ဝင်ကာ စခန်းချကြလေသည်။

သို့သော်လည်း မီးမဖိုရဲကြပေ။

မီးခိုးငွေ့များကို မြင်လျှင် လူရိုင်းများ ရောက်လာမည်စိုးသောကြောင့်ဖြစ်သည်။

မီးမရှိသောကြောင့် အိတ်ထဲမှာ ပါလာသော ရေနှင့် အစားအသောက်ကို ဝေမျှစားသောက်ကြရင်း အနားယူကြလေသည်။

"ရိက္ခာထုပ်တွေ ကျန်ခဲ့တာဆိုတော့ ရှေ့မှာ ရိက္ခာအတွက် အခက်အခဲ ရှိနိုင်တယ်၊ လေးနဲ့မြားသုံးပြီး အမဲပစ်လို့ရတာတောင် မီးမဖိုဝံ့တော့ ဘယ်လိုစားကြမလဲ၊ ဒါထက် ဒီမြစ်က ဘာလဲ"

"ကိုးလောင်းမြစ်လို့ ခေါ်တယ်"

"ကျွန်တော်တို့ သွားမယ့်နေရာက အတော်ဝေးသေး



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဒီမြစ်ဆုံးရင် ရောက်ပြီ၊ အဲဒီနေရာကို ကိုးလောင်းကွေ့လို့ ခေါ်ကြတယ်"

ဟု တာဘိုးဝါးက ပြောပြလေသည်။

ထိုညက မီးမရှိသောကြောင့် အအေးဒဏ်၏နှိပ်စက်မှုကို ခံရင်း အိပ်ကြရလေသည်။

သို့သော်လည်း အန္တရာယ် အနှောင့်အယှက်ကင်းစွာ အိပ်စက်ကြရသဖြင့် အတန်အသင့်တော့ လန်းဆန်းမှု ဖြစ်ကြရသည်။

နံနက်ခင်း နေရောင်ခြည်ကို တွေ့ရသောအခါ ရှေ့သို့ ခရီးဆက်ရန် ပြန်ကြရပြန်သည်။

"တာဘိုးဝါး. . . ကျွန်တော်တို့ ဘယ်ဘက်ကို သွားကြရမှာလဲ"

"မြောက်စူးစူးအရပ်ကို တည့်တည့်သွားရလိမ့်မယ်၊ လမ်းခရီးကတော့ အတော်ကလေး ကြမ်းတယ်၊ ဒီခရီးကြမ်းကို ဖြတ်နိုင်ရင် လေးရက်လောက်ဆိုရင် ကိုးလောင်းကွေ့ကို ရောက်နိုင်တယ်၊ အဲဒီမှာ နာဂတွေ နေတဲ့ရွာတစ်ရွာ ရှိတယ်၊ ရွာကို အုပ်ချုပ်နေတာက မျက်နှာဖြူတစ်ယောက်ပဲ"

"နာဂတွေ နေတဲ့ရွာကို မျက်နှာဖြူက ဘယ်လိုရောက်လာပြီး နေတာလဲ"

"ကျုပ်လည်း မသိဘူး၊ သူရောက်နေတာ နှစ်အတော်





ကြာပြီလို့တော့ သိခဲ့ရတယ်၊ ကျုပ်စိတ်ထဲမှာ ထင်မြင်တာကို ပြောရင် အဲဒီနေရာရောက်ရင် ဆရာ့အတွက် ပျော်ရွှင်မှုတစ်ခု တွေ့ရလိမ့်မယ်ထင်ပါတယ်"

"ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"ကျုပ်စိတ်ထဲမှာ ပေါ်လာတဲ့အရာတွေဟာ မှားယွင်းတာ သိပ်မရှိလှပါဘူး၊ ဟိုရောက်တော့ တွေ့ရပါလိမ့်မယ်"

ဟုသာ ပြောလေသည်။

"ကျွန်တော်တို့မှာ ရိက္ခာကလည်း သိပ်မကျန်တော့ဘူး၊ ရက်ကလည်း အတော်ကို ဝေးသေးတယ်၊ ဒီအခက်အခဲတွေကို ကျော်နိုင်ပါ့မလား"

"ဝမ်းနည်းကြကွဲမှုကို ကြောက်နေရင် ပျော်ရွှင်မှုကို မရနိုင်ဘူး၊ အခက်အခဲကို ကြောက်နေရင် အောင်မြင်မှုကို မရနိုင်ဘူး. . . ကြိုက်ရာရွေးပေါ့"

တာဘိုးဝါးက အဓိပ္ပါယ်ပါသောစကားကို ပြောသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က. . .

"သွားပါ့မယ်"

ဟုသာ ဆုံးဖြတ်ချက်ချလိုက်သောအသံဖြင့် ပြောလိုက်သည်။ နောက်ထပ်နှစ်ရက်ခန့် ကြာသောအခါ ချွေတာစားသောက်နေရသော ရိက္ခာက ကုန်သလောက်ဖြစ်သွားပြီ။

လူကြီးများအတွက်က မတောင်းတာသော်လည်း တာဘိုးဝါးသမီးလေးအတွက်ကတော့ အခက်အခဲ ရှိလာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ထိုကလေးကို ငဲ့ညှာပြီး ဖြေးဖြေးချင်း သွားနေရသောကြောင့် ထိုမျှကြာနေရခြင်းဖြစ်၏။

အတန်ငယ် သွားမိသောအခါ မြောက်ဘက်သို့ ထောင်တက်သွားသောမြစ်က အနောက်ဘက်သို့ ကွေ့တက်သွားလေသည်။

သို့ကြောင့် မြစ်ကမ်းနံဘေးအတိုင်း သွားရန် မဖြစ်တော့သဖြင့် လမ်းကြောင်းပြောင်းကြရသည်။

မြစ်နှင့် နီးနေစဉ်က သောက်ရေအတွက် အခက်အခဲမရှိသော်လည်း မြစ်နှင့် ဝေးသွားသောအချိန်တွင် သောက်ရေပြဿနာ ရှိလာနိုင်သဖြင့် သောက်ရေကို အမိက ထား၍ သယ်ယူကြရလေသည်။

တစ်နေ့လုံးဆိုသလို လမ်းမရှိသော တောနက်အတွင်းမှ သွားကြရာ နေဝင်ချိန်နီးသောအခါ စမ်းချောင်းတစ်ခုအနီးသို့ ရောက်သွားကာ ထိုနေရာမှာပင် စခန်းချကြလေသည်။

မှောင်စပျိုးသောအချိန်တွင် ဒရယ်တစ်ကောင်ကို ရလာသဖြင့် မီးဖိုကာ ချက်တန်ချက်၊ ကင်တန်တာ ကင်၍ ဝမ်းပြည့်အောင် စားသောက်ကြရသဖြင့် ထိုညအဖို့ရာတွင် ကောင်းမွန်စွာ အိပ်စက်ကြရလေသည်။

သုံးရက်မြောက် ခရီးဆက်ခဲ့ကြပြီးနောက်တွင် သူတို့အဖွဲ့အတွက် နောက်ဆုံးကျော်ဖြတ်ရမည့် အခက်အခဲတစ်ခုက ဆီးကြိုနေတော့သည်။





ဧင်းအရာက ရှေ့၌ ခံတပ်ကြီးသဖွယ် တားဆီးထားလေသည်။ ဒေါက်တာမင်းထင်ကျော်သည် ချက်ချင်းဆိုသလို ဇာဂလိ ရေးပြလိုက်သောမြေပုံကို သတိပြန်ရလာသည်။

"ဇာဂလိ ရေးပြလိုက်တဲ့မြေပုံအရဆိုရင် ရှေ့မှာ မြင်နေရတဲ့ တောကြီးဟာ ရွှံ့နွံတွေပေါ်မှာ ပေါက်နေတဲ့ ကိုင်းတောကြီးပဲ ဖြစ်မှာပဲ"

ဟု ချက်ချင်းတွေးလိုက်မိလေသည်။

ရွှံ့နွံများ ထူထပ်လှသည့် မျက်နှာပြင်ပေါ်၌ ပေါက်နေသော ကိုင်းပင်များမှာ ကြံပင်ခန့် အလုံးအရွယ်အစား ရှိပြီး ဆယ်ပေ ဆယ့်နှစ်ပေမက ရှည်ထွက်နေသည်။

ရွက်ဖျားများပေါ်မှာ မြူနှင်းများက ဝေ့ဆိုင်းလျက်ရှိနေသေး၏။

ထိုကိုင်းတောကြီးကို အဝေးမှ လှမ်းမြင်နေရသော်လည်း တကယ်တမ်း ရောက်အောင် သွားရသောအခါ တစ်နေကုန်ပြီး ညနေစောင်းအချိန်မှ တောစပ်သို့ ရောက်ကြတော့သည်။

ကိုင်းတောကြီးမှာ လေတိုးလိုက်တိုင်း လှိုင်းတအိအိ ထနေသကဲ့သို့ရှိရာ မြသားရောင် ပင်လယ်ပြင်ကြီးနှင့် ပမာတူလှပေသည်။

"ဒီတောကြီးကို ဖြတ်ကြရမှာလား"

ဦးဗန်ကောင်းက တာဘိုးဝါးကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်”

“ဖြစ်ပါ့မလား”

“ဒီလမ်းအပြင် တခြားလမ်းမှ မရှိတာ၊ ဟိုဘက်ကို ရောက်ချင်ရင်တော့ ဒီလမ်းကပဲ ဖြတ်ရမှာပဲ”

“ငါတို့မှာ ရိက္ခာနဲ့ သောက်ရေက သိပ်မကျန်တော့ဘူး၊ တကယ်လို့ ဒီကိုင်းတောထဲမှာ မျက်စေ့လည်နေရင်တော့ အခက်ပဲ”

ဦးဗန်ကောင်း၏စိတ်ပူပန်မှုဖြင့် ပြောလိုက်သောစကားကို ကြားသောအခါ ကျန်အဖွဲ့သားများမှာ စိတ်ပူပန်မှုကြောင့် နည်းနည်းတော့ ငိုင်သွားကြသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ လူကြီးများထက် တစ်စုံတစ်ခုဖြစ်လျှင် ကလေးအတွက် စိတ်ပူနေမိသည်။

“ဒီတောထဲကို ဖြတ်ဖူးလား”

“တစ်ခေါက်နှစ်ခေါက်တော့ သွားဖူးတယ်၊ လမ်းတော့ မမှတ်မိဘူး”

ကိုင်းတောရှိရာသို့ လှမ်းကြည့်လိုက်တော့ လမ်းမှတ်မိဖို့ နေနေသာသာ ကြည့်လေရာ မြင်လေရာ နေရာတိုင်း ကိုင်းပင်များက တညီတည်း တစ်ရွယ်တည်းဖြစ်နေလေသည်။

“ဆရာ့ဆီမှာ အဆောင်တစ်ခု ပါလာတယ် မဟုတ်လား”

တာဘိုးဝါးက မေးတော့မှ ဇာဂလိ ပေးလိုက်သော





ကျားနက်ရုပ်ကလေးကို သတိရမိသည်။

ကျားနက်ရုပ်ကလေးက သူ့လည်ပင်းမှာ ဆွဲထားလေသည်။

“အင်း. . . ရှိတယ်”

“ပေးတဲ့လူက ဘာပြောလိုက်သလဲ”

“အရေးအကြောင်းရှိရင် အကူအညီ ရမယ်လို့တော့ ပြောလိုက်ပါတယ်”

“ဒါဖြင့်လည်း ဘာများစိုးရိမ်စရာ ရှိသလဲ ဆရာရယ်၊ အရေးအကြောင်းရှိတော့ သူ အကူအညီပေးလိမ့်မပေါ့”

ဟု ပြောသည်။

ထိုညက ကိုင်းတောအစပ်၌ စခန်းချကြရာ မီးပုံများ ဖိုထားသည့်ကြားမှ ခြင်နှင့်မက်ရိုင်းကြီးများ ဝင်ရောက်ကိုက်ခဲမှုကြောင့် ကောင်းစွာမအိပ်ကြရပေ။

နောက်တစ်နေ့ မနက်လင်းသောအခါ ဝမ်းပြည့်အောင်စားသောက်ကြပြီး ကိုင်းတောထဲသို့ ဝင်ကြလေသည်။

အတွင်းပိုင်း ရောက်လေလေ ကိုင်းတောများက ပိုမို ထူထပ်လာလေလေဖြစ်ပြီး မြေသားကလည်း ပျော့လာသည်။

အချို့နေရာများတွင် နွံအိုင်သဖွယ်ဖြစ်နေပြီး အချို့နေရာများတွင် မြေအောက်၌ ကျောက်တုံးကျောက်ခဲများရှိနေသည်။

ကိုင်းတောထဲ ရောက်သောအခါ ၎င်းတို့ကို ဒုက္ခအပေး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှာ သွေးစုပ်သော မျှော့နက်မည်းကြီးများနှင့် ကိုင်းပင်များ ကြားမှာ ခိုအောင်းနေသော မြွေဆိုးများဖြစ်သည်။

သို့ကြောင့် ရှေ့ဆုံးမှ သွားကြသော တာဘိုးဝါး၊.ပေါက်ကျိုင်း၊ စောထီး၊ ငမဲအောင်တို့မှာ သတိကြီးစွာထား၍ သွားကြရလေသည်။

တစ်ခါတစ်ရံ ခြေချော်၍ နွံအိုင်အတွင်းသို့ ခြေချော်၍ ကျသွားလျှင် တစ်ကိုယ်လုံး မြုပ်လုမတတ် ဖြစ်သွားသဖြင့် ကျန်လူများက ဝိုင်းဝန်းဆွဲတင်ရသည်။

ထိုအခါ ကြီးမားသော မျှော့မည်းကြီးများက အထွေးလိုက် ကပ်ပါလာသဖြင့် ထိုအရာများကို ခွာချပေးရသဖြင့် ခရီးမှာ ကြန့်ကြာရသည်။

နွံတောများအတွင်းသို့ ဖြတ်သန်းကြစဉ် ကလေးကိုတော့ တစ်ယောက်တစ်လှည့်စီ ပခုံးပေါ် ထမ်းလျှောက်ကြသည်။

ကိုင်းတောကြီးအတွင်းပိုင်းသို့ ရောက်သွားသောအခါ အရှေ့အနောက်တောင်မြောက် မသိရတော့ပဲ မှန်း၍လျှောက်ကြရသည်။

နားစရာလည်း မရှိပေ။

အကယ်၍ ရပ်တန့်လိုက်ပါက မျှော့မည်းကြီးများက ချက်ချင်းဝိုင်းအုံလာကြလေသည်။

သို့ကြောင့် လမ်းလျှောက်နေရင်းမှာပင် ပါလာသော အစားအစာများကို စား၍ ဝမ်းဖြည့်ကြရသည်။





ရေဗူးများထဲမှာ ရေက နည်းနေပြီဖြစ်သောကြောင့် အာစွတ်ရုံသာ သောက်ကြရသည်။

အမိက,က ကလေးအတွက်ပင်။

ကလေးက ရေဆာ၍ တောင်းလျှင်တော့ ပေးကြရသည်။

ဤသို့ဖြင့် မနားမနေ လျှောက်နေရင်းမှာပင် တစ်နေဝင်သွားပြီး ကိုင်းတောထဲမှာ မှောင်လာလေတော့သည်။

နေ့ဘက် အလင်းရောင် ရှိနေသောအချိန်မှာထက် ကိုင်းတောထဲမှာ မှောင်သွားသောအခါ ဘယ်နေရာကို သွားရမှန်း မသိကြတော့ပေ။

ထိုသို့ဖြစ်နေသော်လည်း တစ်ချက်ကလေးမှ မနားဝံ့ကြဘဲ ဆက်လျှောက်မြဲ ဆက်လျှောက်နေရသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်မှာ ကြံရာမရတော့သဖြင့် လည်ပင်း၌ ဆွဲထားသော ကျားနက်ရုပ်ကလေးကို ယောင်ယမ်း၍ လက်ဖြင့် စမ်းလိုက်သည်။

စိတ်ထဲမှာလည်း တစ်စုံတစ်ခုကို ဆုတောင်းလိုက်မိသည်။ ထိုအခိုက်မှာပင် သူ့စိတ်ကပဲ ထင်နေတာလား၊

ဒါမှမဟုတ် တကယ်လှမ်းမြင်နေရတာလားတော့ မပြောတတ်ပေ။

သူတို့ရှေ့ဘက်မှ ကိုင်းပင်များကို ဖြဲ၍တိုးသွားသော မည်းမည်းသဏ္ဌာန်တစ်ကောင်ကို လှမ်းမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ထိုမည်းမည်းသဏ္ဍာန် တိုးသွားသောနေရာမှာ လမ်းကြောင်းသဖွယ် ဖြစ်သွားလေတော့သည်။

မထူးတော့ပြီမို့ အတန်အသင့် လှမ်းမြင်နေရသော ထိုလမ်းအတိုင်း လိုက်ရာ အောက်ခံမြေသား အနည်းငယ် မာသောမြေသားလမ်းတစ်ခုကို တွေ့ရသည်။

ထိုမြေသားလမ်းက ရွှံ့နွံများအောက်၌ ရှိနေခြင်းဖြစ်ရာ ရုတ်တရက် မသိနိုင်ပေ။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရှေ့မှ ဦးဆောင်သွားရာ ကျန်အဖွဲ့သားများက နောက်မှ လိုက်ကြလေသည်။

မလှမ်းမကမ်းနေရာမှ သွားနေသော မည်းမည်းသဏ္ဍာန်က ဝေးဝေးရောက်မသွားပဲ လှမ်းမြင်လိုက်ရသောနေရာလောက်မှာပင် ရှိနေလေသည်။

"တယ်လည်း ထူးဆန်းပါလား မောင်ထင်ကျော်"

ဦးဗန်ကောင်းက နောက်မှ ကပ်ပြောသည်။

"ဇာဂလိ ပေးလိုက်တဲ့ ကျားနက်ရုပ်ကပဲ ကူညီနေရော့သလား မသိဘူး၊ ရှေ့က သွားနေတဲ့ မည်းမည်းသဏ္ဍာန်က ကျားနက်လိုလိုပဲ"

"ဘာပဲဖြစ်ဖြစ် ကိုယ့်ဖာသာ စမ်းတဝါးဝါးနဲ့ သွားနေရတာနဲ့စာရင် သူလမ်းပြတဲ့နောက်ကို လိုက်ရတာ အဆင်ပြေတယ်၊ မျက်ခြည်မပြတ်အောင်သာ လိုက်ပေတော့"





ဟု ပြောသဖြင့် အနည်းငယ် အားရှိလာကာ ခြေလှမ်းခပ်သွက်သွက်ဖြင့် လိုက်ကြလေသည်။

ထိုသို့သွားရင်းလာရင်းမှာပင် သောက်ရေက ကုန်သလောက်ဖြစ်သွားသည်။

ဗူးထဲမှာ အနည်းငယ် ကျန်သောရေကတော့ ကလေးတောင်းလျှင် ပေးရမှာမို့ မသောက်ဝံ့ကြတော့ပေ။

ညအမှောင်ထဲမှာပင် ရေငတ်သဖြင့် အာခေါင်များက ခြောက်လာသည်။

အပြင်ဘက်မှာ အေးတာက တစ်ခြား၊ ရေငတ်သဖြင့် ရင်ပူတာက တစ်ခြားစီဖြစ်နေတော့သည်။

နောက်ဆုံးတော့ ပေါက်ကျိုင်းက ကိုင်းပင်တစ်ပင်ကို နှစ်တောင်ခန့် ဖြတ်ယူကာ အခွံကြမ်းများကို သွားဖြင့် ကိုက်ခွာပြီး အူသားကို ကြံစုပ်သကဲ့သို့ စုပ်ယူလေသည်။

"ကိုင်းပင်က ကြံပင်နဲ့ တူတယ်၊ ကြံလောက် မချိုပေမယ့် အရည်ကတော့ ရေငတ်ပြေစေတယ်"

ဟု ပြောသဖြင့် ကျန်လူများလည်း အသီးသီး ကိုင်းပင်များကို ခုတ်ယူပြီး ကြံစုပ်သကဲ့သို့ စုပ်ယူကြလေသည်။

ဤသို့ဖြင့် တစ်နေ့နှင့်တစ်ည ဒုက္ခဆင်းရဲခံခဲ့ကြရပြီး နောက်တစ်နေ့မနက်ပိုင်းမှာတော့ ကိုင်းတောကြီးမှ ထွက်နိုင်ကြလေသည်။

ကိုင်းတောအတွင်း၌ အလင်းရောင်များ ရလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ရှေ့မှ သွားနေသော မည်းမည်းသဏ္ဌာန်လည်း ပျောက်သွားလေတော့သည်။

ကိုင်းတောကြီးမှ လွန်သောအခါ သစ်ပင်အရိပ်များဖြင့် သာယာလှသော တောအုပ်တစ်ခုသို့ ရောက်သွားကြသည်။

ထိုတောစပ်သို့ ရောက်သောအခါ ခြေပစ်လက်ပစ် နားကြပြီး ဦးစွာ ကိုင်းတောထဲမှ တွယ်ကပ်ပါလာသော မျှော့မည်းကြီးများကို ဖြုတ်ခွာချရသည်။

အချို့မှာ သွေးဝနေပြီဖြစ်သောကြောင့် အလွယ်တကူခွာ၍ရသော်လည်း အချို့မှာ ခက်ခက်ခဲခဲ ခွာရသည်။

အိတ်ထဲမှာ ပါလာသော ဆားကို အထုပ်ထုပ်၍ တို့လိုက်တော့မှ ချက်ချင်းကွာကျသွားသည်။

မျှော့သွေးစုပ်သောနေရာမှာ သုံးမြောင့်ပုံသဏ္ဌာန်အကွဲကြောင်းများဖြစ်ပြီး သွေးများက စိမ့်ထွက်နေရာ ဆေးထည့်၍ ပလာစတာ ကပ်ထားရသည်။

မျှော့သွေးစုပ်သော ဒဏ်ရာများအပြင်၊ ဓါးသွားကဲ့သို့ ထက်လှသော ကိုင်းရွက်များ၏ထိရှခြင်းကြောင့် ရသောဒဏ်ရာများကလည်း တစ်ကိုယ်လုံး အနှံ့အပြား ရကြရာ ဆေးများထည့်ကြရသည်။

ထို့နောက်. . .

နောက်ဆုံးကျန်နေသေးသော အစားအစာများကို စားပြီး သောက်ရေလက်ကျန်ကို မျှတသောက်ကြပြီးလျှင် အရိပ်





ကောင်းသော သစ်ပင်ရိပ်၌ လှဲအိပ်ကြရာ အိပ်ရေးပျက်သည့်ဒဏ်၊ မောပန်းမှုဒဏ်များကြောင့် ခဏချင်းမှာပင် အားလုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၂)

# ဝယ်ချစ်တောင်းနှင့်ပြန်လည်ဆုံစည်းရခြင်း

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားကြသည် မသိပေ၊ မျက်နှာပေါ် သို့ မိုးရေစက်များ ကျလာတော့မှ သတိပြန်ရလာသည်။

တကယ်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသလား၊

ဒါမှမဟုတ် သတိမေ့သလို ဖြစ်သွားသလားတော့သူကိုယ်တိုင် မသိနိုင်တော့ပေ။

မျက်နှာပေါ် သို့ ရေစက်များ ကျလာသောအခါမှ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်သည်။

"အချိန်အခါမဟုတ် ဘာကြောင့် မိုးရွာတာပါလိမ့်"

ဟုလည်း စိတ်ထဲမှ တွေးလိုက်မိသည်။

ဒေါက်တာမင်းထင်ကျော်က မျက်လုံးကို ဖွင့်ကြည့်သည်။

သို့သော် မျက်ခွံများက လေးနေသဖြင့် အဆုံးတိုင်တော့ ဖွင့်၍မရပေ၊ တဝက်တပျက် ပွင့်လာသော မျက်လုံးထဲမှာတော့ အပေါ်မှ မိုး၍ရပ်နေသော သဏ္ဌာန်တစ်ခုကို မြင်ရသည်။

ဒေါက်တာမင်းထင်ကျော်အတွက် အပေါ်မှ ရပ်နေသူထက် မျက်နှာပေါ် စီးကျလာသော ရေစက်များက ပို၍အရေးကြီးနေလေသည်။

သူသည် မျက်နှာပေါ် စီးကျလာသော ရေစက်များကို လျှာနှင့် သပ်ယူလိုက်သည်။

"မိုးဇာ. . . မြင်းကုန်းနှီးမှာ ချိတ်ထားတဲ့ရေအိတ်အမြန်သွားယူစမ်း၊ သူတို့ ရေငတ်ပြီး သတိလစ်သလို ဖြစ်နေကြတယ်"

ဟူသော သာယာနာပျော်ဖွယ်ကောင်းသော အမျိုးသမီးတစ်ယောက်၏အသံကို နားထဲမှာ ကြားလိုက်ရသည်။

"ဟာ. . . အစ်မလေးကလည်း၊ ဒီအတိုင်း ထားခဲ့စမ်းပါ၊ ဒီလူတွေဟာ တောထဲ လှည့်နေတဲ့ မကောင်းတဲ့လူတွေဖြစ်ချင်ဖြစ်မှာ၊ သူတို့တွေကို ပြုစုပေးမနေပါနဲ့၊ သေချင်သေသွားပါစေ"





နောက်ထပ် အက်ကွဲကွဲအသံကို ကြားရပြန်သည်။

ကိုယ်ပေါ်သို့ လေဟပ်သွားသောကြောင့် မျက်လုံးကို အားယူ၍ဖွင့်ကြည့်လိုက်ရာ စောစောက အနားမှာ ရပ်နေသော အမျိုးသမီးက နေရာမှ လှည့်ထွက်သွားသည်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရသည်။ သူတို့အနီးမှာတော့ ပုကွကွနှင့် အရုပ်ဆိုးလှသော မိန်းမတစ်ယောက် ကျန်နေသည်။

ထိုမိန်းမက ဒေါက်တာမင်းထင်ကျော်တို့ကို မနှစ်မြို့သလို ရပ်ကြည့်နေသည်။

သူ့လက်ထဲမှာ လက်နက်တစ်ခုခု ပါလျှင် ချက်ချင်း သတ်ပစ်ချင်သည့်ဟန်မျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ မိမိအား ရန်ပြုလာမည်စိုးသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုအခါမှ အနားမှာ ရပ်နေသူမှ ဆက်ကပ်ပွဲများထဲက ကဲ့သို့ အဝတ်အစားများ ဝတ်ထားသော ချန်ပန်ဇီမျောက်ကြီးတစ်ကောင်ဖြစ်မှန်း တွေ့ရလေသည်။

သို့သော် စောစောက စကားပြောသံ ကြားရသဖြင့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသည်။

ခဏကြာတော့ စောစောက မိန်းကလေး ပြန်ရောက်လာသည်။ သူ့လက်ထဲမှာ သားရေပြားချုပ်ဖြင့် ချုပ်ထားသော ရေအိတ်တစ်လုံး ပါလာသည်။

ဒေါက်တာမင်းထင်ကျော် သတိရလာတာ မြင်တော့



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြနှင့် အနားလာထိုင်သည်။

"ရှင်သတိရပြီလား"

ဒေါက်တာမင်းထင်ကျော် ခေါင်းညိတ်ပြပြီး. . .

"ရေနည်းနည်းလောက် ပေးပါဗျာ"

ဟု ပြောလိုက်ရာ ရေအိတ်ကို လှမ်းယူပြီး တစ်ငုံ သောက်လိုက်သည်။ ပူလောင်နေသော လည်ချောင်းနှင့် အာခေါင်တို့မှာ အေးသွားလေသည်။

"ကျေးဇူးပါပဲဗျာ"

"ရှင့်လူတွေကိုလည်း ပေးလိုက်ပါဦး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ၎င်းအဖော်များကို နှိုး၍ ရေတိုက်ပေးရာ အားလုံးနိုးလာကြသည်။

သူတို့ကလည်း မျောက်ကြီးတစ်ကောင်နှင့် လှပသော မိန်းမပျိုတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြနေကြသည်။

မလှမ်းမကမ်းမှာတော့ မြင်းနှစ်စီးကို တွေ့ကြရသည်။

သူတို့အဖွဲ့ထဲမှာ ကလေးတစ်ယောက် ပါလာရာ ခရီးကြမ်း၏ဒဏ်ကို ထိုကလေးက အများဆုံး ခံရလေသည်။

ကလေးမှာ ယခုတိုင် အိပ်ပျော်နေဆဲပင် ရှိသေးရာ အမျိုးသမီးက ရေစက်ကလေးများဖြင့် မျက်နှာကို ဖျန်းပေးလိုက်ရာ ခဏကြာတော့ နိုးလာသည်။

ထိုအခါ ရေစက်အချို့ကို တိုက်ပေးလိုက်သည်။

ကလေးက ရေများများသောက်ရန် ပူဆာသော်လည်း





နည်းနည်းချင်းသာ တိုက်ပေးလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က ရေသောက်လိုက်ရသဖြင့် အတန်ငယ် လန်းဆန်းလာသော်လည်း ဝမ်းဗိုက်ကတော့ ဟာနေဆဲ ရှိသေး၏။

အနီးအနားတဝိုက်သို့ စားစရာ ရလိုရငြား ကြည့်လိုက်သောအခါ မြင်းနှစ်ကောင်နံဘေးမှာ ဆောင့်ကြောင့်ထိုင်နေသော ခွေးကြီးနှစ်ကောင်နှင့်အတူ ဖမ်းမိထားသော ဒရယ်တစ်ကောင်ကိုပါ လှမ်းမြင်လိုက်ရသည်။

ထိုဒရယ်ကိုတော့ ချက်ချင်းစား၍မရနိုင်သေးပေ။

ထိုအခြေအနေကို အမျိုးသမီးက ရိပ်မိသွားဟန်ရှိလေသည်။

"မိုးဇာ. . . သူတို့ကို ကြည့်ရတာ အစားအသောက် စားရသေးဟန် မရှိဘူး၊ လောလောဆယ် စားဖို့ သစ်ပင်ပေါ် တက်ပြီး သစ်သီးအမှည့် ရှိမရှိ ရှာပေးစမ်းပါ"

ဟု မိန်းမပျိုက အမိန့်ပေးလိုက်သောအခါ မျောက်မကြီးက စကားနားလည်ဟန်ဖြင့် အနီးရှိ သစ်ပင်ကြီးပေါ် သို့ လျင်မြန်စွာ ဖက်တက်သွားလေတော့သည်။

ခဏကြာတော့ ပြန်ဆင်းလာသည်။

"သစ်သီးအမှည့်တွေတော့ ရှိတယ်၊ ဟိုးသစ်ပင်ထိပ်ဖျားပိုင်းမှာပဲ ရှိတော့တယ်"

အသံသြသြကြီးဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအသီးတွေကို လိုချင်တယ်. . . ခူးပေးပါ"

ဟု ပြောလိုက်သည်နှင့် မဆိုင်းမတွပင် သစ်ပင်ပေါ်သို့ လျင်မြန်စွာ ပြေးတက်သွားလေသည်။

၎င်းသစ်ပင်တက်သွားပုံမှာ လူတက်သလို သစ်ပင်ကို ဖက်တက်နေခြင်းမျိုးမဟုတ်ဘဲ သစ်ကိုင်းများကို ဆွဲ၍ အရှိန်ဖြင့် လွှဲတက်သွားခြင်းဖြစ်လေသည်။

သစ်ပင်မှာ အတော်မြင့်သည်။

သာမန်လူတစ်ယောက်အတွက်တော့ သစ်ပင်ဖျား ရောက်အောင် တက်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သောအရာ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုမျောက်နှင့်တူသော မိန်းမ အပေါ်မှ ပြုတ်ကျလာမည်ကို စိုးရိမ်နေကြသည်။

"သူ့အတွက် ဘာမှမစိုးရိမ်ပါနဲ့ ဘယ်တော့မှ ပြုတ်ကျမှာ မဟုတ်ပါဘူး"

ဟု အမျိုးသမီးက ပြောသည်။

မျောက်ကြီးနှင့် တူသောမိန်းမသည် ကြည့်နေရင်းမှာပင် အဖျားပိုင်းသို့ ရောက်သွားသည်။

ထိပ်ဆုံး၌ အသီးမှည့်များ ရှိသော ကိုင်းသေးသေးလေး ပေါ်သို့ ရောက်သွားလေတော့သည်။

သစ်ကိုင်းမှာ သေးလွန်းသဖြင့် သူ့ကိုယ်အလေးချိန်ကို မခံနိုင်ဘဲ ဂျွပ်ကနဲ ကျိုးကာ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာ





သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ မျက်စိပြာသွားကြ သည်။

မိမိတို့ရှေ့သို့ 'ဘုန်း' ကနဲ ပြုတ်ကျလာမည်ဟု ထင်ထား သော်လည်း အတန်ကြာသောအခါ သစ်ကိုင်းတစ်ကိုင်းကို လက် တံရှည်ဖြင့် ဆွဲကာ တွဲလောင်းခိုထားသည်ကို လှမ်းမြင်ရသည်။

မျောက်တစ်ပိုင်း လူတစ်ပိုင်းဖြစ်နေသော ထိုမိန်းမသည် အပေါ်သို့ တစ်ဖန်ပြန်တက်သွားပြီးနောက် သစ်သီးမှည့်များကို ခူးလာကာ ပြန်ဆင်းလာသည်။

(၈)ပေခန့် မြင့်သောနေရာ ရောက်သောအခါ ပင်စည်မှ မဆင်းတော့ဘဲ ဒီအတိုင်း ခုန်ချလာသည်။

သူခူးလာသော သစ်သီးမှည့်များမှာ သဖန်းသီးမှည့်များ နှင့် သဏ္ဌာန်တူပြီး စားကြည့်သောအခါ အရသာရှိလှသည်။

ဆာလောင်နေသောအချိန်တွင် သစ်သီးများကို စားရ သဖြင့် အတော်အတန် အားရှိသွားကြလေသည်။

ထို့နောက်မှာတော့ သစ်ကိုင်းခြောက်များကို စုပုံ၍ မီးမွှေးကာ မီးတောက်များ အရှိန်ရလာသောအခါ ဖမ်းမိထား သော ဒရယ်ကလေးကို အရေခွံ ခွာ၍ဖျက်ကာ မီးတောက်နှင့် ကင်သည်။

ထိုသို့ကင်နေစဉ်မှာပင် ကုန်းတစ်ဖက်စောင်း လျှိုထဲ၌ ရှိသော စမ်းချောင်းအတွင်းသို့ သွားကာ တစ်ကိုယ်လုံး ဆေးကျဲနေ



www.burmeseclassic.com

www.burmeseclassic.com



သော ရွှံ့နွံများကို ဆေးကြောကြရလေသည်။

ထိုသို့ဆေးကြောလိုက်တော့မှ မျက်နှာများ ပေါ်လာတော့သည်။ တစ်ကိုယ်လုံး ဆေးကြောပြီး စမ်းချောင်းမှ အရင်ဆုံး တက်လာသော ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အမျိုးသမီး၏အမူအယာမှာ တအံ့တသြ ဖြစ်သွားဟန်ရှိလေသည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲဟင်"

"မင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ဟင်. . . မင်းထင်ကျော် ဟုတ်လား"

"ဟုတ်ပါတယ်. . . ဒါထက် ခင်ဗျားနာမည်ကရော ဘယ်လိုခေါ်ပါသလဲ"

"ကျွန်မနာမည် စတယ်လာလို့ ခေါ်ပါတယ်၊ ငယ်နာမည်တော့ ရှိသေးတယ်၊ ငယ်နာမည်ကတော့ မြန်မာလို မေရီခင်လို့ ခေါ်ပါတယ်"

"မေ. . မေရီခင် ဟုတ်လား"

"ဟုတ်ပါတယ်. . . ဒါထက် ရှင်ကရော မင်းထင်ကျော် အမှန်ပဲလား"

"အမှန်ပါပဲ. . . ဂန့်ဂေါ်မှာ မွေးခဲ့တဲ့ မင်းထင်ကျော်ပါပဲ၊ ဒါဖြင့် မေရီခင်အဖေက မစ္စတာကကနက်ကျော် မဟုတ်လား"

သူမက လွန်စွာဝမ်းသာသော အမူအယာဖြင့် အကြိမ်ကြိမ် ခေါင်းညိတ်ပြလေသည်။





"မေရီရယ်. . . တွေ့မယ့်တွေ့တော့ ဘယ်လိုမှ မမျှော်လင့်တဲ့နေရာမှာ ပြန်တွေ့ရတယ်၊ ကိုယ်ဖြင့် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး. . . ဝမ်းသာလိုက်တာ"

"ကျွန်မလည်း မမျှော်လင့်ဘဲ ပြန်တွေ့ရတာ အရမ်းဝမ်းသာတာပဲ၊ ငယ်ငယ်တုန်းက ကျွန်မအသက်ကို ကိုမင်းထင်ကျော်က ကယ်ပေးခဲ့ရတယ်၊ အခု နှစ်ပေါင်းအတော်ကြာတဲ့အခါ ကျွန်မက တလှည့်ပြန်ကယ်ပေးရတယ်၊ ကံတရားက သိပ်ပြီး ဆန်းကြယ်တာပဲနော်"

"ဒါပေါ့ မေရီရယ်၊ ကိုယ်တို့နှစ်ယောက်ရဲ့ရေစက်က မကုန်သေးလို့ ပြန်ဆုံရတာပေါ့၊ ဒါထက် မေရီတို့ ဒီနေရာရောက်တာ အတော်ကြာပြီလား၊ မေရီရဲ့အဖေရော ရှိသေးလား"

"ဒက်ဒီက ရှိပါသေးတယ်၊ ဒီနေရာရောက်တာတော့ ဆယ်နှစ်ကျော်လောက် ရှိပြီဆိုပါတော့"

"ဘယ်လိုကနေဘယ်လို ဒီနေရာရောက်လာကြတာလဲ"

"အဲဒါတွေကို နောက်မှပဲ ပြောပြပါ့မယ်၊ ဒါထက် ကိုမင်းထင်ကျော်တို့ကရော ဘယ်လိုအကြောင်းကြောင့် ဒီဘက်ကို ရောက်လာကြတာလဲ၊ ဒီနွံအိုင်တောကြီးကို ဒီနယ်မှာ နေတဲ့ လူရိုင်းတွေတောင် မဖြတ်ဝံ့ကြဘူး၊ အတော်ကံကောင်းလို့ အသက်မသေကြပဲ ဒီဘက်ကို ရောက်လာကြတာ"

ဟု ပြောသည်။

"ကိုယ်တို့လည်း အစက မသိပါဘူး၊ အငွင်းဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး ရောက်ကာမှ ရိပ်မိကြတာ၊ ကိုယ်တို့အကြောင်း တွေကိုလည်း နောက်မှ အေးအေးဆေးဆေး ပြောပါ့မယ်”

ထိုအချိန်မှာပင် စမ်းချောင်းထဲ ဆင်း၍ ကိုယ်လက်သန့်စင်နေကြသော အဖွဲ့သားများ ပြန်တက်လာကြသည်။

၎င်းတို့က မေရီခင်ကို တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသောကြောင့် ယခုလို ဒေါက်တာမင်းကျော်နှင့် ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်နှင့် စကားလက်ဆုံ ကျနေကြသည်ကို မြင်ရသောအခါ အံ့သြနေကြလေသည်။

ထိုအခြေအနေကို မနှစ်မြို့သောသူကတော့ လူတစ်ပိုင်း မျောက်တစ်ပိုင်း ဖြစ်နေသောမိန်းမပင်ဖြစ်သည်။

သူမက မကျေမနပ်နှင့် မျက်ထောင့်နီကြီးများဖြင့် မလှမ်းမကမ်းမှ လှမ်းကြည့်နေလေသည်။

ထို့နောက်တွင် ကင်ထားသော ဒရယ်သားကလည်း သင်းပျံ့သောအနံ့များ ထွက်ကာ စားလို့ရပြီဖြစ်သဖြင့် ဝမ်းဝအောင် စားသောက်ကြပြီးနောက် မေရီခင်တို့ ခေါ်ရာနောက်သို့ လိုက်သွားကြရလေသည်။

ကံတရားစီမံမှုကား ဆန်းကြယ်လှပေသည်။







## အခန်း(၁၃)

# လူ့ခန္ဓာကိုယ်နှင့်မျောက်စိတ်ဝင်နေသောသူ

လမ်းတစ်လျှောက်လုံး ဒေါက်တာမင်းထင်ကျော်တို့မှာ မိုးဇာဆိုသော မျောက်တစ်ပိုင်းလူတစ်ပိုင်းဖြစ်နေသော မိန်းမကိုပင် ဂရုစိုက်နေကြရသည်။

လမ်းတစ်လျှောက်လုံး သူက ကလေးချီလာလေသည်။

“ဆရာ. . . ဟိုမျောက်လိုလို လူလိုလို မိန်းမက အဲဒီပြီး စိတ်မချရဘူးနော်၊ ကျွန်တော်တို့နဲ့ တွေ့တာ သိပ်ပြီးကြာကြက်ပုံမရဘူး၊ တော်ကြာ ကလေးကို ချီပြီး တောထဲ ဝင်ပြေးသွားမှ ခက်



www.burmeseclassic.com

နေဦးမယ်”

ဟု ကျော်စွာက သတိပေးသည်။

“ဒီလိုလုပ်ရင်တော့လား. . . ဒီမျောက်မကို သေနတ်နဲ့ ကို အပစ်ပဲ”

ပေါက်ကျိုင်းက သူပြောသောစကားကို နားမလည်ဘူး အထင်နှင့် အသံကျယ်ကျယ်နှင့် လွှတ်ကနဲ ပြောလိုက်ရာ ထို မိန်းမက ကြားသွားလေသည်။

သို့ကြောင့် ကလေးကို ချထားခဲ့ပြီး ကြောက်မက်ဖွယ် ကောင်းသော မာန်ဖီသံ ပေး၍ ပေါက်ကျိုင်းဆီ ပြေးလာပြီး ခုန်အုပ်လိုက်လေသည်။

ပေါက်ကျိုင်းမှာ မမျှော်လင့်သောအခြေအနေကြောင့် မြေပေါ်သို့ လဲကျသွားသည်။

ထိုအခါ မျောက်လိုလိုမိန်းမက အပေါ်မှ ခွစီးကာ လက် သည်းချွန်များဖြင့် ကုတ်ခြင်း၊ သွားများဖြင့် ကိုက်ခြင်းဖြင့် တိုက် ခိုက်လေရာ ပေါက်ကျိုင်းမှာ အသည်းအသန် ရှောင်တိမ်းနေရ လေသည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာလည်း ဘာလုပ် ရမှန်း မသိကြသဖြင့် ဒီအတိုင်း နေကြရသည်။

ထိုအခြေအနေကို မေရီခင်က ဝင်ရောက်တားဆီးရ သည်။

“ဟဲ့. . . မိုးဇာ အမြန်ရပ်စမ်း၊ နင် ငါ့စကား နား





မထောင်ရင် တောထဲကို ပြန်ပို့ပစ်မယ်”

ဟု အော်လိုက်တော့မှ အတိုက်အခိုက်ကို ရပ်ကာ မေရီ ခင်အနီးသို့ လာရပ်လေသည်။

သူ့မျက်နှာတစ်ခုလုံးမှာ နီရဲနေပြီး ယခုမှပင် မျောက် တစ်ကောင်မျက်နှာနှင့် ပိုမိုတူနေတော့သည်။

“ကျွန်မ တောင်းပန်ပါတယ်၊ ဒါပေမယ့် မိုးဇာက လူစိတ် နဲ့မျောက်စိတ် ရောနေပေမယ့် သူ့ကို လူတစ်ပိုင်းမျောက်တစ်ပိုင်း မိန်းမလို့ ခေါ်ရင် မကြိုက်ပါဘူး၊ သူ့ကို အဲဒီလို မခေါ်မိအောင် သတိထားကြပါ”

ထိုစကားကြားသောအခါ ပေါက်ကျိုင်းအပါအဝင် ကျန် လူများမှာ အနည်းငယ်တော့ ကြောက်ရွံ့သွားကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

တစ်ခါတစ်ခါ ပေါက်ကျိုင်းကို မကျေမနပ်ဖြင့် လှမ်း ကြည့်လိုက်သောအကြည့်မှာ ကြောက်မက်ဖွယ်ကောင်းလှသော ကြောင့် ဖြစ်သည်။

ထို့နောက်တွင် ထိုနေရာမှ ခရီးထွက်ခဲ့ကြလေသည်။

ခွေးများက သူတို့နောက်မှ လိုက်လာကြလေသည်။

သူတို့ရောက်နေသောနေရာနှင့် တောင်ခြေတို့၏ စပ် ကြား၌ နှစ်မိုင်ခန့် ကျယ်ဝန်းသော သဲကန္တာရအစွန်းတစ်ခုနှင့် ပိုင်းခြားထား၏။ ထိုနေရာမှ လွန်မြောက်လာလျှင် တသွင်သွင် စီးဆင်းနေသော စမ်းချောင်းကလေးများ စုပေါင်းနေခြင်းကြောင့်

www.burmeseclassic.com



မြေပြင်ပေါ်တွင် စိမ့်စိမ်းလန်းလန်း စိုစိုပြေပြေနှင့် မြစိမ်းရောင် မြက်ခင်းပြင်ကို တွေ့မြင်ရ၏။

သို့ရာတွင် စမ်းချောင်းသည် သဲကန္တာရဘက်ဆီသို့ စီးဆင်းသွားခြင်း မရှိဘဲ တောင်ခြေအတိုင်း အရှေ့ဘက်သို့ တည့်တည့်မတ်မတ် စီးဆင်း၍သွားလေသည်။

သူတို့အဖွဲ့သည် ချောင်းကို ရေတိမ်သောနေရာမှ ဖြတ်ကူးကြရ၏။

လူတစ်ပိုင်းမျောက်တစ်ပိုင်းမိန်းမသည် ကလေးငယ်အား လက်ဖြင့် ပွေ့ချီထားပြီး ပေါ့ပါးလျင်မြန်စွာဖြင့် ချောင်းရေထဲသို့ ဖြတ်ကူးသွားလေသည်။

မေရီခင်သည်လည်း ကျောက်တုံးများပေါ်မှ ခုန်ကျော်၍ ဖြတ်ကူးသွားလေသည်။

ချောင်း၏တစ်ဖက်ကမ်းသို့ ရောက်လျှင် လူသွားလမ်းကလေးတစ်ခုကို တွေ့ရလေသည်။

ထိုလမ်းကလေးသည် စိမ်းလန်းစိုပြေသော သစ်ပင်များဖြင့် ဖုံးအုပ်ထား တန်ဆာဆင်ထားသော တောင်တစ်လုံးကို ပတ်ကာ ရစ်ဝိုင်း၍သွားလေသည်။

နောင်အခါမှ သိရသည်မှာ ထိုတောင်တစ်ဝိုက်တွင် မျောက်များ လွန်စွာပေါသော "မျောက်ခေါင်းတောင်" ဟု သိရလေသည်။

သူတို့သည် ထိုလမ်းကလေးအတိုင်း ဆက်သွားကြရာ





တောင်ကုန်းတစ်ခုပေါ်တွင် တည်ထားသော ရွာတစ်ရွာနှင့် အိမ်များကို လှမ်းမြင်ရလေသည်။

"ဟိုးတောင်ကုန်းထိပ်မှာ လှမ်းမြင်ရတဲ့ အိမ်ကလေးဟာ ကျွန်မတို့အိမ်ကလေးပေါ့"

ဒေါက်တာမင်းထင်ကျော်က ရှေ့၌ မြင်နေရသော မြင်ကွင်းကို လှမ်းမျှော်ကြည့်လိုက်သည်။

ရှေ့တွင် ရှိသော တောင်ကုန်းကြီးတစ်ခု၏အနောက်ဘက်ဘေး၌ အလျားရှစ်ရာနှင့် တစ်ထောင်ခန့် ရှိပြီး တစ်မိုင်၏ သုံးပုံတစ်ပုံခန့် စောက်နက်လိမ့်မည် ထင်ရသော လျှိုမြောင်ချိုင့်ဝှမ်းတစ်ခုရှိ၏။

၎င်း၏နောက်ပိုင်းတွင် ကျောက်တောင်ကုန်းကလေးတစ်ခုသည် ကိုက်ပေါင်းများစွာ အပေါ်သို့ မြင့်တက်သွားသည်။

သို့ဖြစ်ရာ တစ်ဖက်တစ်ချက်၌ ရှိသော တောင်လက်မောင်းများဖြင့် သိုင်းဖက်ထားသော မြေပြန့်ကလေးသုံးခုတို့သည် လူသားတို့ ပြုလုပ်ထားသည့် လှေကားထစ်များပမာ လက်ဝဲဘက်တွင် ရှိသော စမ်းချောင်း၏ကမ်းရိုးတန်းတွင် နာဂများ နေထိုင်သော တဲအိမ်များကို တွေ့ရှိရသည်။

တဲများ၏ရှေ့၌ ရှိသည့် မြေပြန့်များတွင် ထွန်ယက်ကာ သီးနှံပင်များ စိုက်ပျိုးထားလေသည်။

သူတို့သည် ပတ်ဝန်းကျင်ရှုခင်းများကို လှမ်းကြည့်ပြီး တစ်ဆက်တည်း မေရီခင်တို့နေအိမ်သို့ လှမ်းကြည့်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဧင်းတို့နေသောအိမ်မှာ ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်လေသည်။

"ဒီနေရာဟာ အစော့်ကို ထူးဆန်းအံ့သြဖို့ကောင်းတဲ့နေရာပဲ၊ ကျောက်ဖြူတွေနဲ့ အိမ်ဆောက်ထားတဲ့ရွာကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

မေရီခင်က ပြုံးနေလေသည်။

"ဒီရွာကို မင်းတို့ရောက်မှ တည်တာလား"

"မဟုတ်ဘူး. . . ဒက်ဒီပြောတာကတော့ ဒက်ဒီရောက်လာမှ အခုလိုဖြစ်အောင် ပြုပြင်ပြီး နေကြတာလို့ ပြောတယ်"

စကားပြောရင်းနှင့် တဖြည်းဖြည်း သွားကြရာ နောက်ဆုံးတော့ ကျောက်ဖြူများ ကျောက်တုံးများဖြင့် တည်ဆောက်ထားသော မေရီခင်တို့နေအိမ်သို့ ရောက်သွားကြသည်။

ဧင်းတို့အိမ်မှာ အမြင့်ဆုံး တောင်ကုန်းထိပ်ပေါ်၌ ရှိလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ကို မြင်ကြသောအခါ ရွာသူရွာသားအချို့က ထွက်ကြည့်ကြသည်။

သူတို့ဘာသာစကားဖြင့် တီးတိုးပြောဆိုနေကြသည်။

နေအိမ်တိုင်းလိုလို စိုက်ပျိုးထားသော စိုက်ခင်းများနှင့် မွေးမြူထားသောကြောင့် ကြက်၊ ဝက်၊ နွား စသော တိရစ္ဆာန်များ ရှိကြသည်။

ဧင်းတို့မှာ လူရိုင်းများနှင့် မတူတော့ဘဲ အတန်အသင့်





ယဉ်ကျေးနေကြလေပြီ။

တောင်ကုန်းထိပ်ပေါ်မှ လှမ်းကြည့်လျှင် အခြားနေအိမ်များကိုသော်လည်းကောင်း၊ ရေစီးသန်လှသော ကိုးလောင်းကွေ့မြစ်ရိုးကို အထင်းသား လှမ်းမြင်ရသည်။

အကယ်၍သာ ထိုမြစ်က ရေစီးမသန်လျှင် မြစ်ကြောင်းအတိုင်း ဆန်တက်လာပါက အလွယ်တကူ ရောက်နိုင်ပေသည်။

"ကိုမင်းထင်ကျော်. . . ဒက်ဒီနဲ့ တွေ့လိုက်ရအောင်၊ အခုလို ကိုမင်းထင်ကျော် ရောက်လာတာကို သိရရင် ဒက်ဒီတော့ သိပ်ဝမ်းသာမှာပဲ"

ထိုသို့ပြောပြီး မေရီခင်က ကျောက်ဖြူ အုတ်တံတိုင်းအတွင်းသို့ ဝင်သွားသော လမ်းကျဉ်းအတွင်းသို့ ခေါ်သွားလေသည်။

အတွင်းဘက်တွင် ကျောက်ဖြူပြားများ စီကာ ပြုလုပ်ထားသော အိမ်တစ်လုံးကို တွေ့ရလေသည်။

အခန်းပေါက်တံခါးကို ဖွင့်ကာ အတွင်းသို့ ရောက်သောအခါ အတွင်းဘက်ရှိ အသုံးဆောင်ပစ္စည်းများမှာ သူ့နေရာနှင့်သူ ရှိနေပြီး အခန်းမှာလည်း အတန်ငယ် ကျယ်ဝန်းလေသည်။

ခေါင်းရင်းဘက် ပြတင်းပေါက်အနီးတွင် စာအုပ်များထားသောနေရာ ရှိပြီး ထိုနေရာနံဘေးမှာ ကုတင်တစ်လုံးချထားသည်။

ထိုကုတင်ပေါ်မှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးနေသော အဖိုးကြီးတစ်ယောက် စာဖတ်နေသည်။

"ဘယ်တွေလျှောက်သွားနေတာလဲ စတယ်လာ၊ အိမ်ပြန်ချိန် နောက်ကျလို့ ဒက်ဒီက စိတ်ပူနေတာ"

နှစ်အတုန်ကြာ ဝေးကွာသော်လည်း ကောင်းစွာမှတ်မိနေသော မစ္စတာကက်နက်ကျော်၏အသံပင်ဖြစ်သည်။

"နောက်ကျနေတာက တခြားကြောင့် မဟုတ်ပါဘူး၊ ကျွန်မတို့ ဒီနေရာရောက်နေတဲ့ ဆယ်နှစ်ကျော်ကာလအတွင်းမှာ ပထမဆုံး ရောက်လာတဲ့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ တွေ့နေရလို့ပါ"

"ဟေ. . . ဘယ်သူများလဲကွယ့်"

အဖိုးကြီးက ဝမ်းသာအားရအမူအယာဖြင့် နေရာမှ ထလာသဖြင့် ဒေါက်တာမင်းထင်ကျော်က အနီးသို့ သွားကာ မိတ်ဆက်ရလေသည်။

"ကျွန်တော့်နာမည် မင်းထင်ကျော်ပါ၊ ဦး ဂန့်ဂေါမှာ သစ်တောဝန်ထောက်ဘဝနဲ့ နေတုန်းက ခင်မင်ခဲ့တဲ့ ဦးမင်းမောင် ဒေါ်မြမေတို့ရဲ့သားပါ၊ အဲဒီတုန်းကတော့ ကျွန်တော်က ကလေးအရွယ်ပဲ ရှိပါသေးတယ်"

"အော်. . . မှတ်မိပြီ မှတ်မိပြီ၊ ခရစ္စမတ်မှာ သမီးအကျီကို မီးလောင်တော့ စွန့်စွန့်စားစား မီးဝင်ငြိမ်းပေးတဲ့ သူငယ်ပဲ၊ အခုလို ပြန်တွေ့ရတာ ဝမ်းသာလှပါတယ်ကွယ်"

ဟု စကားလက်ဆုံ ပြောမကုန်နိုင်အောင် ရှိတော့သည်။





အဖိုးကြီးက သူ့အကြောင်းများကို ပြောပြသည်။

"ငါတို့သားအဖလည်း အထက်ဘက် သစ်တောတွေကို ပြောင်းခဲ့ရပြီးတဲ့နောက် အလုပ်က အနားယူလိုက်တယ်၊ နောက်တော့ ငါ့လက်အောက်မှာ အလုပ်လုပ်ခဲ့ဖူးတဲ့ ဦးထွန်းအောင်ဆိုတဲ့လူနဲ့ ပြန်တွေ့ရတယ်၊ နောက်တော့ သူက လမ်းပြပေးတာနဲ့ ဒီနေရာကို ရောက်ခဲ့တာ ဆယ်နှစ်တောင် ကျော်ခဲ့ပြီပေါ့"

ထိုနေ့က ညနေစာကို မေရီခင်က ဦးဆောင်ပြီး အလုပ်သမားများနှင့် အကောင်းဆုံး ချက်ပြုတ်ကျွေးမွေးသောကြောင့် ဒေါက်တာမင်းထင်ကျော်တို့ တစ်ဖွဲ့သားလုံးမှာ တစ်လမ်းလုံး ပင်ပန်းခဲ့သမျှ အတိုးချ၍ စားသောက်ကြကာ ၎င်းတို့အတွက် စီမံပေးသောနေရာများ၌ အနားယူကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မေရီခင်ကတော့ စကားလက်ဆုံ ပြောမကုန်အောင် ရှိနေကြလေသည်။

"ကိုယ်တော့ မမျှော်လင့်ဘဲ မေရီနဲ့ အခုလို ပြန်ဆုံတွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲ၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က မေရီနဲ့ ခွဲခွာခဲ့ရပေမယ့် တစ်နေ့မှ မမေ့ခဲ့ပါဘူး"

မေရီခင်က ပြုံး၍မော့ကြည့်နေသည်။

"မေရီက ကိုယ်ပြောတာကို မယုံလို့လား၊ အဲဒီခရစ္စမတ်ညတုန်းက မေရီ ကိုယ့်ကို လက်ဆောင်ပေးထားခဲ့တဲ့ ရွှေရောင်နာရီလေးကို ကိုယ်အမြဲတမ်း ကိုယ်နဲ့မကွာ ဆောင်ထားပါတယ်"

ဟု ပြောကာ ၎င်းအိတ်ထဲမှ ဗူးတစ်ဗူးကို ထုတ်ပြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုဗူးအတွင်းမှာတော့ လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်လောက်က မေရီခင် လက်ဆောင်ပေးခဲ့သော ရွှေရောင်နာရီကလေး ရှိလေသည်။

"ကဲ. . . ယုံပြီလား၊ တကယ်လို့ ဒီနာရီကလေး မရှိတော့ရင်လည်း မေရီနဲ့ ပတ်သက်ပြီး မမေ့နိုင်လောက်တဲ့ဒဏ်ရာဒဏ်ချက်တွေ ရှိသေးတယ်. . . ဒီမှာကြည့်"

ဟု ပြောဆိုကာ လက်မောင်းနှင့်လက်နှစ်ဖက်တွင် ထင်နေသော မီးလောင်ဒဏ်ရာများကို ပြသည်။

"ကျွန်မလည်း ကိုမင်းထင်ကျော်ကို တစ်နေ့မှ မမေ့ပါဘူး၊ အဲဒီအချိန်တုန်းက ကိုမင်းထင်ကျော် လက်ဆောင်ပေးထားတဲ့ ကျောက်စိမ်းရင်ထိုးလေးကို အမြဲသိမ်းထားပါတယ်"

ထိုသို့ပြောပြီး သူမလက်မောင်းတစ်နေရာ၌ အမာရွတ်ထင်နေသော မီးလောင်ဒဏ်ရာများကို ပြသည်။

"တကယ်တော့ ဒီဒဏ်ရာတွေဟာ ကျွန်မတို့နှစ်ယောက်အတွက် တစ်ယောက်နဲ့တစ်ယောက် သတိရနေဖို့ အမှတ်အသား လုပ်ပေးလိုက်သလိုပဲနော်"

"မှန်တာပေါ့. . . ကိုယ့်အတွက်တော့ ဒီဒဏ်ရာအပြင် အခြားနေရာမှာပါ ဒဏ်ရာတစ်ခု ရနေသေးတယ်"

"ဘယ်နေရာမှာလဲဟင်"

ဒေါက်တာမင်းထင်ကျော်က သူ၏ရင်ဘတ်ကို ပုတ်ပြရင်း. . .





"အသည်းနှလုံးမှာပေါ့. . . မေရီကို အသည်းနှလုံးကပါ အမြဲသတိရနေတာပါ။ မေရီရော ကိုယ့်ကို သတိမရဘူးလား"

ဟု မေးလိုက်သည်။

"ကျွန်မလည်း အမြဲလို သတိရနေပါတယ်၊ အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတော့ သိပ်ကို ဝမ်းသာတာပဲ၊ ခြောက်သွေ့နေတဲ့ ဘဝတစ်ခုလုံး အသက်ပြန်ဝင်လာသလိုပဲ"

"မှန်တာပေါ့. . . မေရီဘဝက တောထဲမှာ အထီးကျန်ဆန်နေရတာ၊ မေရီရဲ့ခြောက်သွေ့နေတဲ့ဘဝလေးကို ကိုယ့်ရဲ့ မေတ္တာနဲ့ နွေးထွေးစေရပါမယ်"

ဟု ပြောကာ သူမ၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ရာ မေရီခင်ကလည်း ပြန်လည်ဆုပ်ကိုင်ထားလေသည်။ ယခုတော့ နှစ်ရှည်လများ တွယ်ငြိနေသော လွမ်းဆွတ်ကြေကွဲမှုများအစား အင်အားသစ်များ တိုးပွားလာလေသည်။

ပျော်ရွှင်ကြည်နူးမှုများက အစားထိုး ဝင်ရောက်လာလေတော့သည်။

"အော်. . . ဒါထက် ဟိုမျောက်တစ်ပိုင်း လူတစ်ပိုင်းမိန်းမက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ မေရီ"

"သူ့ကို ကိုမင်းထင်ကျော် မမှတ်မိလို့ပါ၊ ဂန့်ဂေါ သစ်တောစခန်းမှာ နေကတည်းက သူတို့ ရှိနေတာပဲ၊ သူ့အဖော် ဒက်ဒီရဲ့လက်အောက်က တောအုပ်တစ်ယောက်ပဲလေ၊ နောက်တော့ သူ့အတွက်ကြောင့် စခန်းကို မျောက်တွေ လာပြီးတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကြတာနဲ့ သူတို့ကို နယ်ပြောင်းပေးလိုက်တာလေ၊ ဒါပေမယ့် ကံမကုန်တော့ ကျွန်မတို့ အထက်ဘက် ပြောင်းလာခဲ့တဲ့အခါမှာ သူတို့နဲ့ ပြန်ဆုံခဲ့ရတယ်"

ဟု အစချီကာ မေရီခင်က အောက်ပါအကြောင်းအရာများကို ပြောပြလေတော့သည်။

တောအုပ်ကြီး ဦးထွန်းအောင်မှာ တောထဲသို့ ရောက်စဉ် ပဒ္ဒကောင်များရန်ကြောင့် ပြေးရင်းလွှားရင်းနှင့် ရှေးလူတို့ နေထိုင်ခဲ့သော ရှေးဟောင်းဂူတစ်ဂူအတွင်းသို့ ရောက်သွားလေသည်။

ထိုဂူထဲမှာ ထူးဆန်းသောအရုပ်တစ်ရုပ်ကို ရခဲ့လေသည်။ ထိုအရုပ်မှာ သလင်းကျောက်သားဖြင့် ထုလုပ်ထားသော အရုပ်ဖြစ်ပြီး လက်ထဲမှာလည်း အရည်အသွေးကောင်းလှသော ပတ္တမြားတစ်လုံး ကိုင်ထားလေသည်။

ဦးထွန်းအောင်မှ ထိုအရုပ်ကို လျှို့ဝှက်စွာ ယူဆောင်လာခဲ့ပြီးနောက်တွင် အန္တရာယ်များစွာနှင့် ကြုံတွေ့ရလေတော့သည်။ သစ်တောထဲ ဝင်၍ အလုပ်ဆင်းသည့်အခါတိုင်း များစွာသော မျောက်အုပ်ကြီး ရောက်လာပြီး လူများကို ဝင်ရောက်တိုက်ခိုက်ရာ အလုပ်သမားများ သေကြေပျက်စီးရုံမက အလုပ်ကိုပင် ဖြောင့်အောင် မလုပ်နိုင်ကြတော့ပေ။

နောက်ဆုံး မျောက်အုပ်ကြီးက သစ်တောကြိုးဝိုင်းအထိ လိုက်လာပြီး တိုက်ခိုက်ရာ လူအချို့ သေပြန်သဖြင့် ဦးထွန်း





အောင်ကို အထက်ရွှေလီသစ်တောများဘက်သို့ ရွှေ့ပြောင်းပေးလိုက်လေသည်။

ထိုနေရာဘက် ရောက်တော့လည်း သူ့အတွက် အန္တရာယ်က ပြီးမသွားဘဲ ပိုမိုဆိုးလာလေသည်။

သူအလုပ်သွားရာနေရာတိုင်း မျောက်များ ရောက်လာပြီး တိုက်ခိုက်သဖြင့် အလုပ်သမားများ သေကြေပျက်စီးကြပြန်သည်။ ဦးထွန်းအောင်က သူယူလာသော မျောက်ရုပ်ကလေးကြောင့် ထိုကဲ့သို့ ဖြစ်နေသည်ကို ရိပ်မိသော်လည်း ထိုမျှ တန်ဖိုးရှိသောအရုပ်ကို စွန့်ပစ်ရန် စိတ်မကူးခဲ့ချေ။

တစ်နေ့ကျလျှင် အလုပ်မှ ထွက်ကာ ထိုအရုပ်ကလေးကို ထုခွဲရောင်းချပြီး မြို့ပြတစ်နေရာမှာ နေပါက ထိုအန္တရာယ်များ ကင်းသွားလိမ့်မည်ဟု စိတ်ကူးထားခဲ့သည်။

နောက်ပိုင်းတော့ အထက်ပိုင်း သစ်တောကွက် တစ်နေရာမှာ မစ္စတာကက်နက်ကျော်နှင့် ပြန်တွေ့သောအခါ ထိုအကြောင်းကို ဖွင့်ပြောလိုက်လေသည်။

"ဒါဖြင့် ခင်ဗျားဆီမှာ ဂြိုဟ်မွှေနေတဲ့အရုပ် ရှိနေသေးတာပေါ့"

"ရှိပါတယ် ဝန်ထောက်မင်း"

ဟု ပြောကာ သိမ်းထားသောအရုပ်ကို ထုတ်ပြလေသည်။ မစ္စတာကက်နက်ကျော်က ထိုအရုပ်ကို အသေအချာ စစ်ဆေးကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အတော်တန်ဖိုးရှိတဲ့အရုပ်ပဲ၊ ဒီအတိုင်းဆိုရင် ဒီအရုပ်ဟာ မျောက်တွေနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတဲ့ ပုံပေါ်တယ်၊ ကြာရင် ခင်ဗျားအတွက် အသက်အန္တရာယ် ရှိလာနိုင်တယ်၊ ဖြစ်နိုင်ရင် အလုပ်က ထွက်ပြီး မြို့မှာ သွားနေတာ အန္တရာယ်ကင်းလိမ့်မယ်"

ဟု အကြံပေးလေသည်။

ဦးထွန်းအောင်ကလည်း မကြာခင် အလုပ်မှ ထွက်တော့မည်ဟု ပြောပြလေသည်။

သို့သော်လည်း သူ၏အကြံအစည်မှာ အထမမြောက်ခဲ့ပါချေ၊ တစ်နေ့တော့ သစ်တောစခန်းအတွင်းသို့ ရာပေါင်းများစွာသော မျောက်အုပ်ကြီး ရောက်လာလေသည်။

ထိုသို့ရောက်လာရာတွင် သာမန်မျောက်များအပြင် အရွယ်အစားကြီးသော ချန်ပန်ဇီမျောက်ကြီးများပါ ပါလာသဖြင့် လူအတော်များများ သေကြေပျက်စီးခဲ့ကြသည်။

သေဆုံးသူများထဲတွင် ဦးထွန်းအောင်တစ်ယောက်လည်း ပါသွားလေသည်။

မျောက်အုပ်ကြီးက သူတို့ကို တစ်စစီဖြစ်အောင် ကိုက်ဖြတ်ကာ သတ်သွားခြင်းဖြစ်သည်။

ဒီတစ်ကြိမ်တော့ သူ့အတွက် ကံမကောင်းနိုင်ရှာတော့ပေ၊ မျောက်များက ဦးထွန်းအောင်ကို သတ်ပြီး အရုပ်ကိုလည်း ယူသွားရုံမက သမီးဖြစ်သူ မိုးဇာကိုပါ ဖမ်းခေါ်သွားကြလေတော့





သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နောက်ထပ် နှစ်အနည်းငယ် ကြာသောအခါ မစ္စတာကက်နက်ကျော်မှ အလုပ်မှ အနားယူလိုက်လေသည်။

ထိုသို့အနားယူပြီးနောက် မြို့ပြသို့ မပြန်တော့ဘဲ မိတ်ဆွေတစ်ယောက်၏လမ်းညွှန်မှုကြောင့် ယခု နေထိုင်သောနေရာ ရောက်အောင် ခက်ခက်ခဲခဲ လာခဲ့ကြလေသည်။

နယ်ခံနာဂများက ၎င်းကို လူဖြူအရှင်သခင်အဖြစ် လက်ခံကာ ယခင်ရွာရှိခဲ့သော နေရာဟောင်းသို့ ခေါ်ဆောင်သွားကာ ရွာတည်ကြသည်။

ထိုနေရာတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာက ရှိခဲ့သော လမ်းများ၊ ကျောက်ဖြင့် ဆောက်လုပ်ထားသော အဆောက်အဦးပျက်များ ရှိနေသောကြောင့် အနည်းငယ် ပြင်ဆင်လိုက်ရုံဖြင့် နေထိုင်၍ရသော အခြေအနေသို့ ရောက်လာလေသည်။

မေရီခင်မှာ ရောက်စကတော့ မပျော်ပေ။

နောက်တော့ နာဂများက လူဖြူသခင်မလေးအဖြစ် အစစအရာရာ အကူအညီပေးကြသဖြင့် တဖြည်းဖြည်းနှင့် နေသားကျလာသည်။

အချိန်ရလျှင် မြင်းတစ်စီးနှင့် အမဲလိုက်ခွေးနှစ်ကောင်ကို ခေါ်ကာ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်သို့ လှည့်လည်သွားလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ဒရယ်တစ်ကောင်နောက် လိုက်ရင်း မျောက်ခေါင်းတောင်ဘက် ရောက်သွားလေသည်။

ထိုနေရာတစ်ဝိုက်မှာ ကျောက်တောင်၊ လိုဏ်ခေါင်းများ၊ လျှိုမြောင်များ ပေါလှပေရာ မျောက်များအတွက် ဘုမိနက်သန် ဖြစ်နေတော့သည်။

မေရီခင်သည် ထိုနေရာသို့ ရောက်သည့်အခိုက် တောင်ကုန်းတစ်နေရာမှ ပတ်ဝန်းကျင်ကို ကြည့်နေစဉ် ထူးခြားသော မြင်ကွင်းတစ်ခုကို တွေ့မြင်သွားသည်။

အခြားမဟုတ်ပေ။

လူနှင့် သဏ္ဌာန်တူသော မျောက်တစ်ကောင်သည် တောင်ခေါင်းတစ်ခုအတွင်းသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရသောကြောင့်ဖြစ်သည်။

"ဟင်. . ."

"ဘာမြင်လို့လဲ သခင်မလေး"

"ဟိုတောင်ခေါင်းထဲကို လူနဲ့ တူတဲ့မျောက်တစ်ကောင် ဝင်သွားတာ မြင်လိုက်ရတယ်"

ထိုသို့ပြောပြီး နောက်တစ်နေ့တွင် အဖော်များနှင့် တစ်နေရာမှ ချောင်းမြောင်းကြည့်နေစဉ် လိုဏ်ခေါင်းပေါက်အတွင်းမှ ထွက်လာသော မျောက်နှင့် တူသော မိန်းမတစ်ယောက်ကို တွေ့မြင်ရသည်။

"အဲဒါ မျောက်မှ မဟုတ်ဘဲ. . . လူပဲဟာ"





"ဒီလောက် တစ်ကိုယ်လုံး အမွေးတွေ ဖုံးနေတာ ဘယ်လိုလုပ် လူဖြစ်ရမှာလဲ"

"သူ့မျက်နှာက မျောက်နဲ့မှ မတူတာ၊ လူမျက်နှာနဲ့ တူတာ မတွေ့ဘူးလား"

"မဟုတ်ပါဘူးဟယ်. . . မျောက်တွေက သူ့ကို ပွေ့ဖက်နေကြတာ မမြင်ဘူးလား"

"အေး. . . ဟုတ်တော့ဟုတ်တယ်၊ သူလည်း မျောက်တွေလိုပဲ ခြေဆံလက်ဆံတွေ ရှည်ပြီး သစ်ပင်တွေ ကျောက်တောင်တွေအပေါ်ကို လျင်လျင်မြန်မြန် တက်နိုင်တယ်"

ဟု အချင်းချင်း ပြောဆို၊ အခြေအနေကို အကဲခတ်ကာ ကြည့်ရှုနေကြစဉ် အခြားမျောက်များက အစာရှာထွက်သွားကြသော် လူနဲ့ တူသောမျောက်ကတော့. လိုက်မသွားပဲ ဂူထဲမှာ ကျန်ခဲ့လေသည်။

"ငါ သူ့ကို ဖမ်းယူချင်တယ်"

"မဖြစ်ဘူး ထင်တယ် သခင်မလေး၊ သူ့ကို ဖမ်းချင်ရင် မျောက်တွေက ဝိုင်းပြီးအန္တရာယ်ပေးကြလိမ့်မယ်"

"သူတို့ မရှိတဲ့အချိန် စောင့်ဖမ်းမှာပေါ့၊ လူများများနဲ့ ဖမ်းရင် သူက ဘာမှမလုပ်နိုင်ပါဘူး"

ဟု ပြောသဖြင့် နာဂများက ဖမ်းဆီးပေးရန် သဘောတူကြလေသည်။

ဇင်းတာဝန်ကို 'တော်ကူ' ဆိုတဲ့ နာဂအမျိုးသားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က တာဝန်ယူပြီး ဆောင်ရွက်ပေးသည်။

သူက မုဆိုးတစ်ယောက်ဆိုတော့ သားကောင်ဖမ်းဆီးရေးမှာ ကျွမ်းကျင်လေသည်။

ထို့နောက် သူတို့သည် ပိုက်ကွန်ကို ယူပြီး မျောက်နှင့်တူသောမိန်းမ ပုန်းနေရာသို့ လျှို့ဝှက်စွာ သွားကြလေသည်။

နံနက်ပိုင်းအချိန် ရောက်သောအခါ မျောက်ကြီးများက တောနက်ထဲသို့ အစာရှာထွက်သွားကြသည်။

၎င်းတို့သည် အစာရှာမထွက်မီအချိန်တွင် ပတ်ဝန်းကျင်၌ ရန်သူရှိမရှိကို အသေအချာ လေ့လာပြီး စိတ်ချရတော့မှ ထွက်သွားကြခြင်းဖြစ်လေသည်။

မျောက်များ မရှိတော့သောအချိန်တွင် 'တော်ကူ' ခေါင်းဆောင်သော မုဆိုးများက ပိုက်ကွန်ကို ယူ၍ ဂူပေါက်ဝသို့ တက်သွားကြသည်။

ထိုဂူပေါက်ဝ ရှိသောနေရာမှာ အနည်းငယ် မြင့်သောတောင်စောင်းတစ်နေရာ၌ ရှိလေသည်။

၎င်းတို့က အပေါက်ဝမှ ပိုက်ကွန်ဝကို အဆင်သင့် လုပ်ထားပြီးနောက် သံပြိုင်အော်ဟစ်၍ ခြောက်လှန့်လိုက်သောအခါ အတွင်းမှ လူတစ်ပိုင်းမျောက်တစ်ပိုင်း မိန်းမက အလန့်တကြား ခုန်ထွက်လာရာ အဝ၌ ဆင်ထားသော ပိုက်ကွန်အတွင်းသို့ ရောက်သွားလေတော့သည်။

ထိုသို့ တိုးဝင်ပြီးသောအခါ ထိပ်ဝကို ပိတ်စည်းပြီး





အောက်ဖက်သို့ ခပ်သုတ်သုတ် ပြန်ဆင်းလာကြသည်။

"သခင်မလေး . . . ဒီနေရာက အမြန်ပြေးမှဖြစ်မယ်၊ သူ့အော်သံကြောင့် မျောက်တွေ ရောက်လာတော့မယ်"

ဟု ပြောကာ တော်ကူက ထိုအိတ်ကို ထမ်းကာ ရှေ့မှ ခပ်သွက်သွက် ထွက်သွားရာ ကျန်လူများက နောက်မှ ခပ်သုတ်သုတ် လိုက်ကြလေတော့သည်။

မျောက်တစ်ပိုင်း လူတစ်ပိုင်းမိန်းမက အသံကုန် အော်ဟစ်နေလေတော့သည်။

သူ့အော်သံကြောင့် ပတ်ဝန်းကျင်မှ မျောက်အော်သံများ ကြားလာရသည်။ ပထမတော့ တစ်ကောင်စ နှစ်ကောင်စ ရှိနေရာမှ တဖြည်းဖြည်း ပိုများလာသည်။

လမ်းခုလတ် တစ်နေရာ ရောက်တော့ နောက်ဘက်မှ ဆူဆူညံညံအသံများ ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ ဒေါသတကြီး ပြေးလိုက်လာသော မျောက်အုပ်ကြီးကို တွေ့ကြရသည်။

"ပြေးဟေ့ . . . ပြေးကြ၊ ဒီမျောက်အုပ်နဲ့ တွေ့လို့ကတော့ တစ်စစီ ဖြစ်သွားလိမ့်မယ်"

ဟု ပြောကာ ပြေးကြလေသည်။

ရွာနား ရောက်တော့ ရှေ့ဆုံးမှ တက်လာသော မျောက်များကို သေနတ်ဖြင့် ပစ်ခတ်ရာ ထိမှန်သဖြင့် သေဆုံးသွားသောအခါမှ နောက်မှ မျောက်များလည်း ရွာထဲ မဝင်တော့ဘဲ ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။

ထို့နောက် မျောက်နှင့် တူသောမိန်းမကို ကျောက်လှောင်အိမ်အခန်းတစ်ခုထဲကို ထည့်ထားလိုက်လေသည်။

သူသည် ထိုအခန်းထဲ ရောက်သောအခါ ဆောက်တည်ရာ မရလောက်အောင် အော်ဟစ်ကာ ပြေးလွှားနေ၏။

ကျောက်နံရံများနှင့် ဦးခေါင်းကို ဆောင့်သဖြင့် ပေါက်ကွဲကာ သွေးများ ကျလာသည်။

ဆူဆူညံညံအသံများကြောင့် မစ္စတာကက်နက်ကျော် ရောက်လာပြီး လာကြည့်သည်။

"ဒီမျောက်ကို ဘာဖြစ်လို့ ဖမ်းထည့်ထားတာလဲ"

"သေသေချာချာ ကြည့်ပါဦး ဒက်ဒီရဲ့"

မစ္စတာကက်နက်ကျော် အသေအချာ ကြည့်ပြီးသောအခါ များစွာအံ့သြသွားဟန်ရှိလေသည်။

"ဟင်. . ဒါ. . ဒါ မျောက်တစ်ကောင်မှ မဟုတ်ဘဲ၊ လူတစ်ယောက်ကို မျောက်တွေက ခေါ်မွေးထားတာပဲ"

ဟု ပြောကာ သူမကို တစ်စတစ်စ ယဉ်ပါးအောင် မွေးမြူရလေသည်။

"သူဟာ လူတစ်ယောက်ပေမယ့် မျောက်တွေနဲ့ အနေကြာတော့ လူစိတ်ပျောက်ပြီး မျောက်စိတ်ရောက်နေပြီ၊ ဒါကြောင့် သူ့ရဲ့လှုပ်ရှားမှုတွေက လူရဲ့လှုပ်ရှားမှုတွေနဲ့ မတူဘဲ မျောက်ရဲ့လှုပ်ရှားမှုနဲ့ တူနေတာဖြစ်မယ်"





ဟု ပြောသည်။

ပထမတော့ ထိုမိန်းမက သူ့အနီးသို့ ဘယ်သူမှ အကပ်မခံပေ၊ အစာကျွေးလည်း မစားပေ။

နောက်ပိုင်းရောက်လာတော့ မေရီခင်ကို အနားကပ်ခွင့်ပေးသည်။ မေရီခင် ကျွေးသောအစားအစာကို စားသည်။

တစ်နေ့တော့ သူအိပ်ပျော်နေစဉ် အစာပေးရန် အခန်းထဲ ရောက်သွားသဖြင့် အမွေးအမျှင်များ ဖုံးနေသော မျက်နှာကို အသေအချာ ကြည့်ရသည်။ ထိုသို့ကြည့်နေရင်းမှပင် စိတ်ထဲမှာ ဖဝေဖဝါ ဖြစ်လာသည်။

ထို့ကြောင့် မျက်နှာပေါ် ဖုံးကျနေသော အမွေးရှည်များကို လက်ဖြင့် ဖယ်ကြည့်လိုက်သည်။

"ဟင်. . ."

ထိုအခိုက်မှာ သူလည်း လန့်နိုးလာပြီး ထထိုင်လိုက်သည်။

"နင်. . . နင်. . မိုးဇာမဟုတ်လား"

မေရီခင်က မေးလိုက်သောအခါ မျက်လုံးပြူးသွားသည်။

"မိုးဇာ. . . မိုးဇာ"

ဟူသောစကားလုံးကို အကြိမ်ကြိမ် ရေရွတ်နေသည်။

"ဟုတ်တယ်မဟုတ်လား၊ နင် မိုးဇာမဟုတ်လား၊ ငါ့ကို သိတယ်မဟုတ်လား၊ ငါ့နာမည် မေရီခင်လေ၊ နင်အိပ်ခင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်မလေး မေရီခင်လေ”

ဟု ပြောတော့ မျက်လုံးအပြူးသားနှင့် မော့ကြည့်သည်။ အတန်ကြာအောင် ကြည့်နေပြီးမှ . . .

“အစ်မလေး . . . အစ်မလေး”

ဟု ရေရွတ်နေတော့သည်။

နောက်ပိုင်းမှာတော့ မိုးဇာမှာ မေရီခင်ကို ကောင်းစွာ မှတ်မိသွားလေသည်။

ထို့ကြောင့် သူ့ကို အပြင်ထုတ်ပြီး အဝတ်အစားများ ဝတ်ပေးကာ လူတစ်ယောက်အသွင် ပြန်ရောက်အောင် ကြိုးစားကြလေသည်။ သို့သော်လည်း မိုးဇာကတော့ မျောက်တစ်ကောင်၏ဗီဇစိတ်များကတော့ မပျောက်ပေ။

တစ်ခါတစ်ရံ မျောက်များ ရှိသော တောထဲသို့ ပြန်သွားလေ့ရှိသော်လည်း မေရီခင် ရှိရာသို့ ပြန်လာလေ့ရှိသည်။

မိုးဇာသည် ငယ်စဉ်အချိန်ကကဲ့သို့ မေရီခင်အပေါ်၌ သံယောဇဉ်တွယ်သွားခဲ့လေပြီ။

တစ်ခါတစ်ရံလည်း တောင်ကုန်းပေါ်မှ တက်ပြီး အဝေးဆီမှ လှမ်းမြင်နေရသော သစ်တောများ ရှိရာသို့ မျှော်ကြည့်နေတတ်သည်။

နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသော နေရာဟောင်းကို ပြန်လည်သတိရနေဟန် ရှိလေသည်။

သို့စေကာမူ တောထဲသို့ အပြီးပြန်သွားလိုဟန်တော့





မရှိပေ။ မမျှော်လင့်ဘဲ မိုးဇာရောက်လာသဖြင့် မေရီခင်အတွက် အဖော်ကောင်းတစ်ယောက် ရသော်လည်း အခက်အခဲတစ်ခုတော့ ရှိလာသည်။

မိုးဇာက မေရီခင်ကို မည့်သည့်ယောကျ်ားမိန်းမနှင့်မှ စကားပြောတာ မကြိုက်၊ ရောရောနှောနှော နေတာ မနှစ်သက်ပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော် ရောက်လာပြီး နှစ်ယောက်သား ရင်းရင်းနှီးနှီး နေကြသည်ကို မနှစ်သက်ဘဲ ဒေါသမျက်နှာနှင့် လှမ်းကြည့်နေတတ်လေသည်။

မိုးဇာ ရောက်လာပြီး အတန်ကြာသောအခါ မိုးဇာ့ကို ပိုက်ဖြင့် ဖမ်းပေးသော တော်ကူဆိုသောမုဆိုးမှာ တောထဲသို့ ဆေးမြစ်သွားရှာရင်း မျောက်ခေါင်းတောင် ရောက်သွားရာ မျောက်များ၏ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံရသဖြင့် မရှုမလှ သေဆုံးသွားလေသည်။

ရွာမှ လူများက လိုက်ရှာသောအခါ ကျောက်တုံးတစ်တုံးဘေး၌ အရိုးများ ကြေမွကာ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော တော်ကူ၏အလောင်းကို တွေ့ကြရသည်။

“ဒီလိုဆိုရင် သူ့ကို ခေါ်ထားရတာ အန္တရာယ်တော့ အတော်များတာပေါ့နော်”

မေရီခင်စကားဆုံးသောအခါ ဒေါက်တာမင်းထင်ကျော်က ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူဟာ ကျွန်မအပေါ်မှာတော့ အတော်က လေး သံယောဇဉ် ရှိရှာပါတယ်"

"ဒါပေမယ့် အခုတော့ သူ့ထက်ပိုပြီး သံယောဇဉ် ထားနိုင်မယ့် ကိုယ်ရောက်လာပြီလေ၊ မေရီ ဘယ်လိုဆုံးဖြတ်မလဲ"

"အို. . . ဒါကတော့ ကျွန်မဘဝအတွက် စောင့်ရှောက်ပေးဖို့ အကောင်းဆုံး အဖော်မွန်တစ်ယောက်ကို ဘုရားသခင်က လက်ဆောင်ပေးလိုက်တာပဲ၊ ဘာများ ငြင်းပယ်စရာ ရှိတော့မှာလဲ မောင်ရယ်"

ဟု ချိုသာသောအသံဖြင့် ပြောလိုက်လေသည်။

သူတို့နှစ်ဦး၏ဘဝရှေ့ခရီးမှာ သာယာဖြောင့်ဖြူးလျက် ရှိနေလေပြီ။







အခန်း(၁၄)

# အန္တရာယ်ထောင်ချောက်

မေရီခင်တို့နေရာ ရောက်ပြီး ရက်အတန်ကြာသည် အထိ မိုးဇာကတော့ သူတို့အဖွဲ့ကို ရန်စောင်နေဆဲပင် ရှိသေးသည်။

မေရီခင်ရှေ့၌ ရိုကျိုးစွာ နေသော်လည်း မေရီခင် ထွက်သွားသည်နှင့် မျက်ထောင့်နီကြီးဖြင့် ကြည့်နေတော့သည်။

အဆိုးဆုံးကတော့ ဒေါက်တာမင်းထင်ကျော်ကို ဖြစ်သည်။

သူတို့နှစ်ယောက်က ချစ်သူတို့ဘဝ ရောက်သွားကြပြီမို့



www.burmeseclassic.com

www.burmeseclassic.com



တပူးပူးတတွဲတွဲ ရှိနေကြသည်ကို မိုးဇာက နှစ်သက်ဟန် မရှိပေ။

ထိုအခြေအနေကို ရိပ်မိသော တာဘိုးဝါးက. . .

"ဆရာ. . . အဲဒီမျောက်မကို သတိထားနေပါ၊ သူ့ကြည့်ရတာ အခြေအနေ သိပ်မကောင်းဘူး၊ တစ်နေ့ကျရင် ဒုက္ခပေးမှာ သေချာတယ်"

ဟု သတိပေးလေသည်။

သို့သော် မိုးဇာက အခြားသူများကိုသာ မုန်းတီးနေသော်လည်း သူတို့နှင့်အတူပါလာသော တာဘိုးဝါး၏သမီးလေး ပါတေးကိုတော့ ချစ်ခင်ဟန်ရှိသည်။

ရောက်ကတည်းက သူ့လက်ပေါ်မှာလိုလိုပင် ရှိနေသည်။

တစ်နေ့တော့ ဒေါက်တာမင်းထင်ကျော်က ပေါက်ကျိုင်းကို မေးရသည်။

ပေါက်ကျိုင်း. . . မင်းပြောတဲ့ရွာဆိုတာ ငါတို့ အခုရောက်နေတဲ့ရွာ မဟုတ်လား"

"ဟုတ်တယ် ဆရာ"

"ဒါဖြင့် ထူးဆန်းတဲ့ပစ္စည်း တွေ့ခဲ့တယ်ဆိုတာ ဘယ်နေရာလဲ"

ပေါက်ကျိုင်းက မျောက်ခေါင်းတောင်ဘက်သို့ လက်ညှိုးထိုးပြသည်။

"ဟိုမျောက်မကို ဖမ်းလာတယ်ဆိုတဲ့ မျောက်ခေါင်း





တောင်ဘက်မှာ ဆရာ၊ အဲဒီဘက်မှာ ရှေးဟောင်းလူတွေ နေသွားတဲ့နေရာတွေလည်း ရှိတယ်၊ နောက်ပြီး မျောက်တွေလည်း အများကြီးရှိတယ်"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ပေါက်ကျိုင်းတို့ မြင်တွေ့ခဲ့ရသော ဝင်းဝင်းလက်လက်နှင့် ထူးဆန်းသော အရာမှာ တောအုပ်ဦးထွန်းအောင်ထံမှ မျောက်များ ပြန်ယူသွားသောပစ္စည်း ဖြစ်မည်ဟု တွေးလိုက်မိသည်။

နောက်တစ်ရက်တွင် မျောက်ခေါင်းတောင်ဘက် အခြေအနေ သွားကြည့်ရန် ပြင်သောအခါ မေရီခင်က စိတ်မချသဖြင့် သူပါ လိုက်မည်ဟု ပြောသည်။

မေရီခင် ပါသောအခါ မိုးဇာပါ လိုက်လာလေသည်။

မျောက်ခေါင်းတောင် ရှိရာသို့ ခြေလျင်သွားကြရာ နေ့ဝက်ခရီးမျှ သွားကြရသည်။

တောင်ထိပ်ပေါ် ရောက်သောအခါ မေရီခင်က မေးသည်။

"ဒီဘက်ကို ဘာကိစ္စရှိလို့လဲ မောင်"

"လေ့လာစရာ ရှိလို့ပါ"

"ဒီဘက်က တောနက်တော့ အန္တရာယ်တော့ များတယ်"

"ကိစ္စမရှိပါဘူး. . . ဒီမှာ သေနတ်တွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါလာတာပဲ"

"မောင်တို့က ဘယ်နေရာကို ရှာချင်တာလဲ"

"ရှေးဟောင်းမြို့ပျက်ကြီး ရှိတဲ့နေရာကို ရှာချင်တာ"

ထိုစကားကြားသောအခါ မေရီခင်နှင့် ပါလာသော မိုးဇာက. . .

"အဲဒီနေရာဟာ နင်တို့အတွက် မရဏသင်္ချိုင်းနေရာပဲ၊ နင်တို့ သွားဝံ့သွားကြည့်ကြပေါ့"

ဟု ကြောက်မက်ဖွယ်အမူအယာဖြင့် ဝင်ပြောလိုက်သည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်က ဂရုမစိုက်ပေ။

"အဲဒီနေရာက ဘယ်နေရာမှာ ရှိတာလဲ"

"ဟိုရှေ့က တောင်ကြားထဲမှာ ရှိတယ်"

မိုးဇာက တစ်နေရာသို့ လက်ညှိုးထိုးပြလေသည်။

သူမလက်ညှိုးထိုးပြသောနေရာမှာ တောင်နှစ်လုံးကြား အတွင်းရှိ လျှိုကြီးဖြစ်သည်။

ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်နံရံများ၊ သစ်ပင်ကိုင်းများ အုပ်ဆိုင်းနေပြီး အတွင်းသို့ လှမ်းမမြင်ရပေ။ ပေါက်ကျိုင်း ပြောတုန်းက ထိုနေရာတဝိုက်၌ မျောက်များ ပေါလှသည်ဆိုသော်လည်း ယခု တစ်ကောင်တစ်လေမှပင် မတွေ့ရသဖြင့် အံ့သြနေကြသည်။





"အဲဒီနေရာကို သွားတဲ့လမ်းက ဘယ်မှာလဲ"

မိုးဇာက တောင်ကမ်းပါးစွန်းတစ်နေရာကို လက်ညှိုးထိုးပြသည်။ ဒေါက်တာမင်းထင်ကျော်က သွားရန်ပြင်သောအခါ မေရီခင်က တားလေသည်။

"မသွားပါနဲ့ မောင်ရယ်. . . အန္တရာယ်များလှပါတယ်"

"စိတ်မပူပါနဲ့ မေရီ၊ သွားကြည့်ရုံကြည့်ပြီး ပြန်လာမှာပါ"

"ဒီလိုဆိုရင် ကျွန်မလဲ လိုက်ခဲ့မယ်"

ထိုစကားကြားသောအခါ မိုးဇာ မျက်လုံးပြူးသွားသည်။

"မသွားနဲ့ အစ်မလေး. . . အန္တရာယ်ရှိတယ်"

"ဘယ်လိုအန္တရာယ်ရှိတာလဲ"

မိုးဇာက ဘာမှပြန်မပြောပေ။

"နင်မပြောရင် ငါသွားမှာပဲ"

ထိုသို့အကျပ်ကိုင်တော့မှ မတတ်သာသော အမူအယာဖြင့် လက်နှစ်ဖက်ကို ပါးစပ်နား တေ့ပြီး အူလိုက်သည်။

"အူ. . ဝူ. . ဝူ. ."

"အူ. . ဝူ. . ဝူ. ."

ထိုသို့ မျောက်အူသံကဲ့သို့ အူလိုက်သောအခါ တောတစ်တောလုံး မျောက်အူသံများ ပေါ်လာလေသည်။

"အူ. . . ဝူ. . ဝူ. ."

"အူ. . . ဝူ. . ဝူ. ."

တစ်တောလုံး ဆူညံသွားပြီး သစ်ကိုင်းများကြားမှ



www.burmeseclassic.com

www.burmeseclassic.com



မျောက်များ ထွက်လာလေတော့သည်။

အသေးဆုံး မျောက်မောင်းမမှ အကြီးဆုံး ချန်ပန်ဇီမျောက်ကြီးများအထိ ပါပြီး လေးဘက်လေးတန် မည်းမည်းလှုပ်နေတော့သည်။

သူတို့တွင် သေနတ်များ ပါသော်လည်း ထိုမျှလောက်များပြားလှသော မျောက်များကိုတော့ ဘယ်လိုနည်းနှင့်မှ ကုန်စင်အောင် ပစ်နိုင်ကြမည် မဟုတ်ပေ။

မျောက်အုပ်ကြီးက စက်ဝိုင်းသဏ္ဌာန် ပတ်ကာ ရန်မူရန်ရှေ့သို့ တိုးလာကြလေပြီ။

ထိုအခြေအနေကို မြင်သောအခါ မေရီခင်က. . .

"ဟဲ့. . . မိုးဇာလုပ်ပါဦး၊ ငါတို့ကို ရန်မူတော့မယ်ဟဲ့"

ဟု ထိတ်လန့်တကြား ပြောလိုက်လေသည်။

ပထမတော့ မိုးဇာက မေရီခင်ကို ပွေ့ယူပြီး သစ်ပင်ပေါ်သို့ ခုန်တက်ပြေးရန် စိတ်ကူးလိုက်ဟန် ရှိသည်။

ထိုအခြေအနေကို ရိပ်မိသော မေရီခင်က. . .

"ငါတစ်ယောက်တည်းတော့ ဘယ်နည်းနဲ့မှ မလိုက်ဘူးနော်၊ သူတို့အားလုံး ပါမှ ငါသွားမယ်"

ဟု ပြောလိုက်တော့မှ စိတ်လျှော့လိုက်ဟန်ဖြင့် နောက်ဘက်သို့ လှည့်ကာ အသံတစ်မျိုးဖြင့် အော်ဟစ်ပြောဆိုလိုက်လေသည်။

ထိုအော်သံမှာ မျောက်များအော်သံနှင့် တစ်ထေရာတည်း တူလေသည်၊ ထိုအော်သံကြားသောအခါ တရွေ့ရွေ့ရှေ့သို့ တိုးလာသော မျောက်အုပ်ကြီးမှာ တန့်သွားကြသည်။

နောက်တစ်ကြိမ် အော်လိုက်သောအခါ မျောက်အုပ်ကြီးရှိရာမှ ကွဲကွဲကွကွနှင့် အော်သံမျိုးစုံတို့ ကြားရသည်။

မိုးဇာက လက်ဟန်ခြေဟန်ဖြင့် နောက်သို့ ပြန်သွားရန် အော်ပြောလေရာ မျောက်တို့၏အကြီးအကဲဖြစ်ဟန်တူသော ချင်ပန်ဇီမျောက်ကြီးက ၎င်းတို့ဘာသာစကားတစ်မျိုးဖြင့် ကျုံးအော်လိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေတော့သည်။

"အူး. . ဝူး. . ဝူး. ."

ထိုအော်သံကြားသောအခါ သူတို့ကို စက်ဝိုင်းသဏ္ဌာန် ပတ်ဝိုင်းထားသော မျောက်များမှာ နောက်ဖက်သို့ တဖြည်းဖြည်း ဆုတ်သွားကြရာ ခဏကြာတော့ မြင်ကွင်းမှ ပျောက်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ စိတ်သက်သာရာ ရသွားကြလေတော့သည်။

"သူတို့တတွေက လူတွေ မမြင်နိုင်အောင် ပုန်းနေနိုင်ကြတယ်၊ တောင်ကြားထဲကို လူတွေ ဆင်းတော့မှ ဝိုင်းပြီးအန္တရာယ်ပေးကြတာ၊ ဒီနေရာကို အစ်မလေး ဘယ်တော့မှ မသွားပါနဲ့"

ဟု တားလေသည်။

ထိုအခြေအနေကို သိရသောအခါ နောက်ကြောင်းသို့





www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လာခဲ့ကြသည်။

မိုးဇာမှာ မေရီခင်အပေါ် သံယောဇဉ်တွယ်နေသဖြင့် လူများနှင့် လာနေသော်လည်း မျောက်သဘာဝအတိုင်း မျောက်များကို နိုင်နင်းသူတစ်ယောက်ဖြစ်မှန်း သိရတော့သည်။

အိမ်သို့ ပြန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က မေရီခင်ကို အကျိုးအကြောင်း ဖွင့်ပြောရလေသည်။

"ကိုယ်တို့ ဒီဘက် တက်လာတဲ့ ရည်ရွယ်ချက်က မျောက်တွေလက်ထဲမှာ ရှိတဲ့ ထူးဆန်းအရာဝတ္ထုကို ရှာယူဖို့နဲ့ မြို့ဟောင်းထဲမှာ ရှိတဲ့ အဆက်ကလူစီလို့ ခေါ်တဲ့ အသက်ရှည်ဆေးပင်ရှာဖို့ လာခဲ့ကြတာပဲ မေရီ"

"အဲဒီနေရာက ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ မောင် မြင်ခဲ့တယ် မဟုတ်လား၊ အဲဒီပစ္စည်းတွေကို မရှာလို့ မရဘူးလားဟင်"

"ကိုယ် အမိက ထားတဲ့ ရည်ရွယ်ချက်အတိုင်း အဲဒီပစ္စည်းတွေကိုတော့ ရအောင်ရှာချင်တယ် မေရီရယ်၊ ဖြစ်နိုင်ရင်ကိုယ့်ကို အကူအညီပေးပါ"

ထိုစကားကြားသောအခါ မေရီခင်က အတန်ကြာအောင် စဉ်းစားနေသည်။ အတန်ကြာတော့မှ. . .

"အင်းလေ. . . မောင့်အနေနဲ့ ဒီလောက်တောင် ဆန္ဒရှိနေမှတော့ ကျွန်မ အကူအညီပေးပါ့မယ်"

ဟု ကတိပေးလေသည်။





ထိုသို့ နှစ်ယောက်သား တိုင်ပင်နေကြစဉ်မှာ အခန်းပေါက်ဝမှ ရိပ်ကနဲပြန်ထွက်သွားသော သဏ္ဌာန်တစ်ခုကို သတိပြုမိလိုက်လေသည်။

နောက်တစ်ပတ်ခန့် ကြာသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်က မစ္စတာကက်နက်ကျော်အား သူနှင့် မေရီခင်အကြောင်းကို ဖွင့်ပြောပြီး လက်ထပ်ခွင့် တောင်းလေသည်။

"ကောင်းတာပေါ့ မောင်ရယ်၊ ကျုပ်ကလည်း ကျန်းမာရေးက မကောင်းတော့ နေ့သေမလား ညသေမလား မပြောတတ်ဘူး၊ ကျုပ်သမီးလေးကို အခုလို စိတ်ချရတဲ့လူ လက်ထဲကို ထည့်ခဲ့ရတော့ အသေဖြောင့်တာပေါ့"

ဟု ခွင့်ပေးသဖြင့် စေ့စပ်ပွဲအခမ်းအနားကို အကျဉ်းချုပ်ပြုလုပ်လေသည်။

ထိုနေ့ညက ဒေါက်တာမင်းထင်ကျော်မှာ မမျှော်လင့်ဘဲ မေရီခင်နှင့် ပြန်တွေ့ရပြီး လက်ထပ်ခွင့်ရသဖြင့် ဆန်းကြယ်သော ကံကြမ္မာအကြောင်းကို တွေးရင်း တော်တော်နှင့် အိပ်မပျော်နိုင်အောင် ရှိလေသည်။

ထိုအခိုက်မှာပင် အိမ်အမိုးပေါ်ရှိ လေဝင်ပေါက်မှ ဆင်းလာသော မည်းမည်းသဏ္ဌာန်တစ်ကောင်ကို သတိပြုမိလိုက်သဖြင့် စောင့်ကြည့်နေလိုက်သည်။

ခဏကြာတော့ အပေါ်မှ မည်းမည်းသဏ္ဌာန်က ထုပ်တန်းကို လက်ဖြင့် ဆွဲကာ အောက်သို့ ခုန်ချလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုန်ချလာပုံမှာ ပေါ့ပါးလွန်းသောကြောင့် ခြေသံပင် မကြားလိုက်ရပေ။

ထိုသဏ္ဍာန်သည် ခြေဖွ၍လျှောက်လာကာ အနားသို့ ကပ်လာသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော် ရင်ဝကို တစ်စုံ တစ်ခုဖြင့် စိုက်ချလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က အလင်းရောင်ဖြင့် 'လက်' ကနဲ ဖြစ်သွားသောအရာကို သတိပြုမိလိုက်သဖြင့် လက်ကို ဖမ်းဆုပ်ထားလိုက်သည်။

ထိုသို့ဖမ်းဆွဲလိုက်ရာ ပြန်လည်ရုန်းကန်မှုကြောင့် လုံး ထွေးကာ အောက်သို့ ကျသွားသည်။

ရန်သူထံမှ အံကြိတ်သံ၊ မာန်ဖီသံများကြားရပြီး အတင်း ရုန်းကန်နေသည်။

ထိုအခါမှ မိမိကို ရန်ပြုသူမှာ မိုးဇာမှန်း ရိပ်မိလိုက် သဖြင့် လက်ထဲမှာ ကိုင်ထားသောဓါးကို ကြမ်းပြင်နှင့် ရိုက်ချ လိုက်ရာ လွင့်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သူမကို ဖမ်းဆီးချုပ်နှောင် ရန် ကြိုးစားသော်လည်း မနိုင်ပေ။

မိုးဇာမှာ မိန်းမတစ်ယောက်ပင်ဖြစ်သော်လည်း ချင်ပန်ဇီ မျောက်တစ်ကောင်ကဲ့သို့ သန်မာသူဖြစ်ရာ ခဏကြာတော့ ဒေါက်တာမင်းထင်ကျော်မှာ သူ့လက်ချက်မိသွားသည်။





လက်သည်းချွန်ဖြင့် ကုတ်လိုက်ရာ လက်မောင်းကို ထိ သွားသဖြင့် ယောင်၍လွှတ်ပေးလိုက်ရာ ထုတ်တန်းပေါ် သို့ လွှား ကနဲ ပြန်ခုန်တက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ထိုအကြောင်းကို မေရီခင် ကိုပင် အသိမပေးတော့ပေ။

နောက်တစ်ရက်မှာပင် ဒေါက်တာမင်းထင်ကျော်နှင့် မေရီခင်တို့ မင်္ဂလာပွဲကို အကျဉ်းချုပ်၍ ပြုလုပ်ရန် စီစဉ်ကြလေ သည်။

ထိုရက်အတွင်းမှာတော့ မိုးဇာကို မတွေ့ကြရပေ။

သူသည် ထိုရက်အတွင်းမှာ တောထဲသို့ သွားနေဟန် ရှိပြီး ညနေပိုင်းအချိန်မှ ပြန်ရောက်လာသည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်မှာ တောင် အောက်၌ ရှိသော စမ်းချောင်းကလေးအနီးသို့ ရောက်နေသည်။

မိုးဇာက သူရှိရာသို့ လိုက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့ကို မြင်တော့ သတိ ထားနေသည်။ မိုးဇာက မလှမ်းမကမ်းနေရာရောက်အောင် လျှောက်လာသည်။

"ရှင်တို့ ဒီနေရာကို ဘာကြောင့်လာတယ်၊ ဘာလိုချင်လို့ လာတယ်ဆိုတာ ကျွန်မသိပြီးပြီ၊ အဲဒီပစ္စည်းဟာ မျောက်တွေရဲ့ ဝိညာဉ်လျှောင်အိမ်လို့ ခေါ်တဲ့ အလေးအမြတ်ထားတဲ့ပစ္စည်းပဲ"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေသည်။

"အဲဒီပစ္စည်းကြောင့် ကျွန်မအဖေသေပြီး ကျွန်မလည်း အခုလိုဘဝ ရောက်ခဲ့ရတာပဲ၊ ဒီပစ္စည်းကို ရှင်တို့ ဝင်ယူမယ်ဆိုရင် ဘယ်နည်းနဲ့မှ ပြန်လမ်းမရှိနိုင်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ရှင်နဲ့ကျွန်မ အပေးအယူတစ်ခု လုပ်ကြမယ်"

"ဘယ်လိုအပေးအယူလဲ"

"ကျွန်မက ရှင်လိုချင်တဲ့ ပစ္စည်းရှိတဲ့နေရာကို ခေါ်သွားပေးမယ်၊ ရှင်က အစ်မလေးကို အပိုင်သိမ်းပြီး ဘယ်ကိုမှ ခေါ်မသွားပါဘူးလို့ ကတိပေးရမယ်"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားပြီး. . .

"မင်း တကယ်ခေါ်သွားမှာလား"

ဟု မေးလိုက်သည်။

"ရှင့်ဘက်က ကတိတည်မယ်ဆိုရင် ကျွန်မဘက်ကလည်း ကတိတည်စေရမယ်"

"ကောင်းပြီလေ. . ဘယ်လိုလုပ်ရမလဲဆိုတာသာ ပြောပါ"

"ရှင် ကျွန်မနဲ့ လိုက်ခဲ့ပေတော့"

"ဒါဖြင့် ဒီနေရာက ခဏစောင့်နေ"

ဟု ပြောကာ အိမ်ရှိရာသို့ ပြန်လာပြီး လိုအပ်သောအ





အစဉ်များ ပြုလုပ်ခဲ့ပြီး သေနတ်နှင့်ဓါးကို အဆင်သင့် ဆောင်ကာ အပြင်သို့ ပြန်ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၅)

# အမှောင်ရိပ်တွင်းမှ ကယ်တင်ရှင်

တကယ်တော့ မျောက်ခေါင်းတောင်၏တောင်ကြား သည် မရဏတံခါးဝ သို့မဟုတ် သေမင်းထောင်ချောက်တစ်ခု ဖြစ်မှန်း အစက မသိခဲ့ရပေ။

ဒေါက်တာမင်းထင်ကျော်မှာ မိုးဇာဆိုသော မျောက်တစ် ပိုင်း လူတစ်ပိုင်းဖြစ်နေသော မိန်းမ၏ခေါ်ရာနောက်သို့ လိုက် လာရသော်လည်း စိတ်ထဲ၌ သတိကြီးစွာ ထားနေရလေသည်။

တစ်ဖက်မှလည်း မေရီခင် ရှိနေသဖြင့် မိမိအား အန္တ



www.burmeseclassic.com

www.burmeseclassic.com



ရာယ် ပြုလိမ့်မည်မဟုတ်ဟု ထင်နေမိသည်။

တောင်ကြားလမ်းသို့ ရောက်သောအချိန်မှာ ညဦးပိုင်းအချိန်ရောက်နေပြီမို့ အတော်မှောင်နေချေပြီ။

ထိုသို့လိုက်လာရင်းမှ ဇာဂလီ ပေးလိုက်သော မိမိလည်ပင်းမှာ ဆွဲထားသော ကျားနက်ရုပ်ကလေးကိုလည်း လက်ဖြင့် စမ်းကြည့်ရသေးသည်။

တောင်ကြားလမ်းတဝိုက်မှာ တစ်ဖက်တစ်ချက်မှ ကျောက်နံရံကြီးများနှင့် သစ်ပင်များက အပေါ်မှ အုပ်မိုးထားသောကြောင့် မှောင်ပိန်းနေလေသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးကို ထုတ်သုံးရန် ပြင်တော့ မိုးဇာက တားသည်။

"မီးရောင်မသုံးနဲ့၊ သူတို့ ရိပ်မိသွားလိမ့်မယ်"

ထိုသို့သတိပေးသဖြင့် မသုံးတော့ပေ။

အတွင်းပိုင်းသို့ အတော်ရောက်လာသည်အထိတော့ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရသေးပေ။

အတန်ငယ် ဝင်လာမိသောအခါ ခြုံနွယ်ပိတ်ပေါင်းများ ပိတ်ဆီးနေသောနေရာသို့ ရောက်သွားကြသည်။

ထိုနေရာသို့ ရောက်သောအခါ ရှေ့ဆက်သွား၍ မရတော့ပေ။

မိုးဇာက ချုံနွယ်များကို လက်ဖြင့် ဖယ်ရှားလိုက်သောအခါ လူတစ်ယောက် ကောင်းစွာဝင်နိုင်သော အပေါက်ကြီးတစ်





ပေါက်ကို တွေ့ရသည်။

ထိုဂူပေါက်၏အထက်နားမှာတော့ ကျောက်လုံးကြီးများ ရှိနေသည်။ အကယ်၍ ထိုကျောက်လုံးကြီးများထဲမှ တစ်လုံးတလေ လိမ့်ဆင်းလာပါက ဂူပေါက်ဝ ပိတ်သွားနိုင်သော အနေအထားဖြစ်လေသည်။

မိုးဇာက ဂူပေါက်ဝအတွင်းမှ အတွင်းသို့ ဝင်ရန် လက်ဟန်ခြေဟန်နှင့် ပြပြီး ရှေ့မှ ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း နောက်မှ ဝင်လိုက်သွားသည်။ သူတို့ အတွင်းသို့ ရောက်ပြီး မကြာခင်မှာ အပေါ်မှ လေးလံသော အရာဝတ္ထုတစ်ခု လိမ့်ဆင်းလာသံ ကြားရပြီးနောက်. . .

"ဝုန်း" ကနဲ မြည်သွားသောအသံကိုပါ ကြားလိုက်ရသည်။

ကျယ်လောင်သောအသံကြောင့် ဂူတစ်ခုလုံး သိမ့်သိမ့်တုန်သွားပြီး အပြင်ဘက်မှ မျောက်များအော်သံကို အဆက်မပြတ် ကြားရလေသည်။

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်မှာ မိမိတို့ ဝင်လာသော ဂူပေါက်ဝကို လက်နှိပ်မီးဖြင့် လှမ်းထိုးကြည့်လိုက်ရာ ဂူပေါက်ဝမှာ ကျောက်တုံးကြီးတစ်လုံးဖြင့် ပိတ်နေသည်ကို တွေ့ရသည်။

"ဂူပေါက်ဝ ပိတ်သွားပြီ၊ ဘယ်လိုပြန်ထွက်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအထဲက ပြန်ထွက်လို့ ရတာ မရတာနဲ့ ရှင်လိုချင်တာ ရဖို့က အဓိကမဟုတ်လား၊ ဟိုရှေ့က ကျောက်စင်ပေါ်မှာ ရှင်လိုချင်တဲ့ပစ္စည်း ရှိတယ်၊ အတွင်းဘက်ကို ဝင်သွားရင် ကျောက်တုံးတွေကြားက သဘာဝအတိုင်း စိမ့်ကျနေတဲ့ ကျောက်သွေးတွေ ရှိတယ်၊ နောက်ပြီး အဲဒီနားတဝိုက်မှာ ပေါက်နေတဲ့ အသက်ရှည်ဆေးပင် ရှိတယ်"

ဟု အေးအေးဆေးဆေး ပြောသည်။

ထိုအခိုက်မှာပင် ဂူအပေါ်ဘက်မှ မျောက်အော်သံများ ကြားရသဖြင့် လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ပေတစ်ရာခန့် မြင့်သော ဂူအမိုးတွင် အပေါက်အချို့ ရှိပြီး ထိုအပေါက်မှ ငုံ့ကြည့်နေကြသော မျောက်မျက်နှာများကို လှမ်းမြင်ရသည်။

မီးရောင်ဖြင့် လှမ်းထိုးကြည့်သောအခါ သွားဖြဲပြလေသည်။

နံဘေး၌ ရှိသော ကျောက်နံရံများမှာ မတ်စောက်လှသောကြောင့် အကူအညီမပါဘဲ ဘယ်နည်းနဲ့မှ အပေါ်ရောက်အောင် တက်နိုင်ဖို့ မလွယ်ကူလှပေ။

"ရှေ့ကို ဝင်သွားလေ၊ ရှင်လိုချင်တဲ့ပစ္စည်း အတွင်းမှာ ရှိတယ်"

ဟု ပြောသဖြင့် အတွင်းသို့ မီးရောင်ဖြင့် လျှောက်ထိုးကြည့်ရာ တစ်နေရာသို့ မီးရောင်ရောက်သွားသောအခါ အနီ





ရောင်အလင်းတန်းများ ထွက်လာလေသည်။

သို့ကြောင့် ရှေ့သို့ ဆက်ဝင်လာသည်။

ထိုအခါမှပင် ဂူကြီး၏အနေအထားကို တစွန်းတစ တွေ့မြင်ရတော့သည်။

ဂူနံရံများတွင် ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထွင်းထုထားလေသည်။

အချို့နေရာများတွင် ဘီလူး၊ နဂါး၊ သရဲသဘက်ပုံကြီးများအပြင် မျောက်မျက်နှာနှင့် တူသော မျက်နှာကြီးများကိုပါ တွေ့ရသည်။ အတွင်းပိုင်း အတော်ရောက်မှ တစ်စုံတစ်ရာကို သတိရသဖြင့် မိုးဇာရှိရာသို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ မတွေ့ရတော့ပေ။

အပေါ်ပိုင်းသို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ နွယ်ကြိုးတစ်ချောင်းကို ကိုင်ကာ ခိုတက်သွားသော မိုးဇာ၏ပုံရိပ်ကို လှစ်ကနဲ တွေ့လိုက်ရသည်။

မိုးဇာမှာ အပေါ်မှ မျောက်များက ကြိုးချပေးသောကြောင့် ဆွဲတက်သွားဟန်ရှိသည်။

ထိုအခြေအနေကို မြင်တော့ မိမိအတွက် လွတ်မြောက်ရန် အခွင့်အရေးကို သိသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို လက်က တစ်ဖက်ကိုင်၍ ကျန်လက်တစ်ဖက်က လက်နှိပ်မီးကို ကိုင်ကာ မီးရောင်ကို အသုံးပြုပြီး စောစောက အနီရောင်အလင်းတန်း



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသောနေရာသို့ တက်လာခဲ့သည်။

အတွင်းဘက် ရောက်တော့ ခန်းမကြီးသဖွယ် ဖြစ်သွားသည်။ ပြိုကျနေသော ကျောက်လှေခါးအချို့ကို တွေ့ရသည်။

ထိုလှေခါးများမှ အပေါ်သို့ တက်သွားသောအခါ ကျောက်ပလ္လင်နှင့် သဏ္ဍာန်တူသောနေရာသို့ ရောက်သွားသည်။

ကျောက်ပလ္လင်မှာ အတော်ကြီးပြီး အောက်ဘက်၌ မျောက်ရုပ်များက ထမ်းထားဟန်ရှိလေသည်။

ထိုပလ္လင်ပေါ်မှာတော့ သူအလိုရှိသောအရာကို တွေ့ရသည်။ လက်ထဲမှာ ပတ္တမြားကြီးတစ်လုံး ကိုင်ထားသော သလင်းကျောက်ဖြင့် ပြုလုပ်ထားသော မျောက်ရုပ်ပင် ဖြစ်တော့သည်။

"ဒါ. . ဒါ. . တောအုပ်ဦးထွန်းအောင်ကို ကောင်းကောင်းဒုက္ခပေးသွားတဲ့ မျောက်ရုပ်ပဲ ဖြစ်ရမယ်"

ဟု တွေးလိုက်မိသည်။

တဆက်တည်း မိုးဇာပြောလိုက်သော စကားသံများကိုလည်း ပြန်လည်ကြားယောင်မိနေသည်။

". . . ဒီအရုပ်ဟာ မျောက်တွေရဲ့ဝိညာဉ်လှောင်အိမ်ပဲ၊ ဒီအရုပ်ကို ယူတဲ့လူမှန်သမျှ အန္တရာယ်ဆိုးနဲ့ တွေ့ကြရမှာပဲ၊ ကျွန်မအဖေလဲ ဒီအရုပ်ကြောင့် သေရတာပဲ"

ဒေါက်တာမင်းထင်ကျော်က ထိုစကားများ ကြားယောင်ရင်း ကျောက်ပလ္လင်ပေါ်မှ အရုပ်ကို လှမ်းယူလိုက်သည်။





သလင်းကျောက်ဖြင့် ထုလုပ်ထားသော မျောက်ရုပ်မှာ ထုလုပ်ထားပုံ လက်ရာကောင်းလှသဖြင့် တကယ့်သက်ရှိမျောက်တစ်ကောင်ပမာ အသက်ဝင်လှသည်။

မျောက်ရုပ်လက်ထဲမှာ ရှိသော ပတ္တမြားကြီးမှာလည်း အရွယ်အစားကြီးလှပြီး အရည်အသွေးကလည်း ကောင်းလှသည်။

လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ အတွင်းမှ အရည်များ စိမ့်ကျနေသကဲ့သို့ ရှိလေသည်။

"အင်း. . . တောအုပ်ဦးထွန်းအောင် မက်မောမယ်ဆိုရင်လည်း မက်မောလောက်တာကိုး၊ ဒီပတ္တမြားတစ်လုံးတည်းနဲ့တင် ချမ်းသာလောက်တယ်"

ဟု တွေးမိသည်။

ထို့နောက် မျောက်ရုပ်ကို ကျောက်ပလ္လင်ပေါ် ပြန်တင်ထားလိုက်ပြီး ဂူအတွင်းပိုင်းသို့ လိုက်လံကြည့်ရှုလေသည်။

သို့သော်လည်း ဂူကြီးမှာ အလျားရှည်လှပြီး တစ်နေရာဆီမှ ရေစီးသံလိုလို ကြားရသည်မှလွဲ၍ ထူးထူးခြားခြားတော့ မတွေ့ရပေ။

လက်မှ နာရီကို ကြည့်လိုက်တော့ ညဉ့်လယ်ပိုင်းအချိန်ရောက်နေချေပြီ။

သို့ကြောင့် တစ်နေရာမှာ ဝင်ထိုင်၍နားရင်း မေရှင်တို့အတွက် စိတ်ပူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ ပြန်ရောက်မလာမှန်း သိရင်တော့ သူတို့တော့ စိတ်ပူနေကြတော့မှာပဲ၊ ဟိုမျောက်မကလည်း ဘယ်လိုကြံစည်နေမလဲ မသိဘူး၊ သူ မေရီကို ဒုက္ခပေးမှာစိုးရတယ်၊ ဘာပဲဖြစ်ဖြစ် မနက်လင်းမှပဲ အခြေအနေကြည့်ပြီး ထွက်ပေါက်ရအောင်တော့ ကြိုးစားရမှာပဲ”

ဟု တွေးမိသည်။

ထို့နောက်တွင် မိမိလည်ပင်းမှာ ဆွဲထားသော ကျားနက်ရုပ်ကလေးကို ဖြုတ်ယူလိုက်သည်။

“ဖာဂလိကတော့ မှာလိုက်တာပဲ၊ အန္တရာယ်နဲ့ ကြုံရင် အကူအညီရလိမ့်မယ်လို့ ပြောတယ်၊ ဒီညအဖို့တော့ သူ့ကိုပဲ အားကိုးရတော့မှာပဲ”

ဟု တွေးတောကာ ကျားနက်ရုပ်ကလေးကို လက်တစ်ဖက်ဖြင့် ကိုင်မြှောက်လိုက်လေသည်။

“ကဲ. . . ကျားနက်ရေ၊ ဒီညတော့ ဘယ်သူမှ မရှိတော့ မင်းကိုပဲ အားကိုးရတော့မှာပဲ၊ ငါ့ကို စောင့်ရှောက်ပေတော့ဟေ့”

ဟု ပြောဆိုရေရွတ်ပြီး မိမိဘေးနားမှာ ရှိသော ကျောက်တုံးပေါ်သို့ ကျားနက်ရုပ်ကလေးကို တင်ထားလိုက်သည်။

ထို့နောက်တွင် သေနတ်ကို အဆင်သင့် ထားပြီး ကျောက်နံရံကို မှီ၍ မှေးလိုက်ရာ အတန်ကြာတော့ မှေးကနဲ အိပ်ပျော်သွားသည်။ သူအိပ်ပျော်သွားပြီး မကြာမီမှာပင် ဂူကြီး၏ အပေါ်အမိုးပေါက် ရှိရာမှ နွယ်ကြိုးများ အောက်သို့ ကျလာ





သည်။

ထိုနွယ်ကြိုးများကို တွယ်လျက် မျောက်ကြီးများ အောက်သို့ ဆင်းလာကြသည်။

သူတို့သည် နွယ်ကြိုးများ အောက်သို့ မရောက်မီမှာပင် ပေါ့ပါးစွာဖြင့် အောက်သို့ ဆင်းလာကြသည်။

အချိန်အနည်းငယ်အတွင်းမှာပင် ဂူထဲသို့ မျောက်ကြီး (၁၅)ကောင်ခန့် ရောက်လာကြသည်။

ထိုမျောက်ကြီးမှာ အလုံးအထည် အရွယ်အစား ကြီးမားသော မျောက်ကြီးများဖြစ်ကြလေသည်။

၎င်းတို့သည် အနံ့ခံလျက် ဒေါက်တာမင်းထင်ကျော် ရှိရာသို့ တဖြည်းဖြည်း တိုးလာကြသည်။

မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ အမှောင်ရိပ်ထဲမှ ‘ဝေါင်း’ ကနဲ ကျားဟိန်းသံတစ်ချက် ထွက်လာသည်။

ထိုအသံကြောင့် ဒေါက်တာမင်းထင်ကျော်လည်း ပြန်နိုးလာသလို မျောက်ကြီးများလည်း တန့်သွားကြသည်။

ခဏကြာတော့ အမှောင်ရိပ်ထဲမှ ကျားနက်ကြီးတစ်ကောင် တရွေ့ရွေ့နှင့် ထွက်လာသည်။

ကျားနက်ကြီးကို မြင်တော့ မျောက်ကြီးများက ကြောက်လန့်တကြားနှင့် နောက်ဆုတ်သွားကြသည်။

ကျားနက်ကြီးက ‘ဝေါင်း’ ကနဲ မာန်ဖီကာ မျောက်ကြီးများကို လိုက်လံကိုက်သတ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်များမှာလည်း ပြေးပေါက်မရှိသောနေရာတွင် ရန်သူနှင့် တွေ့ရသဖြင့် အစွမ်းကုန် ပြန်လည်တိုက်ခိုက်ကြသော်လည်း ကျားနက်ကြီးကို ထိထိရောက်ရောက် မလုပ်နိုင်ခင်မှာပင် တစ်ကောင်ပြီးတစ်ကောင် သေသွားကြသည်။

အချို့မျောက်ကြီးများက ကျားနက်ကြီးကို ဝိုင်းဝန်း၍ တိုက်ခိုက်နေကြစဉ်မှာ အချို့က ဒေါက်တာမင်းထင်ကျော် ရှိရာသို့ မာန်ဖီကာ ပြေးလာကြသည်။

ထိုအခါ သေနတ်ဖြင့် တစ်ကောင်ပြီးတစ်ကောင် ပစ်ချရလေသည်။

သေနတ်သံများမှာ ဂူအတွင်း၌ ပဲ့တင်ထပ်သွားပြီးနောက် မျောက်ကြီးများအားလုံး သေဆုံးသွားတော့သည်။

ကျားနက်ကြီးလည်း အမှောင်ရိပ်ထဲသို့ လွှားကနဲ ပြန်ခုန်ဝင်သွားလေသည်။

နောက်တော့ ဂူအတွင်းမှာ ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။







အခန်း(၁၆)

## အဆက်ကလူစီ ဖေါ် အသက်ရှည်ဆေးပင်

စခန်းမှာ ကျန်ခဲ့သော အဖွဲ့သားများမှာလည်း အချိန်တန်၍ ဒေါက်တာမင်းထင်ကျော် ပြန်မရောက်လာသောအခါ များစွာစိတ်ပူကြရလေသည်။

ထိုအကြောင်းကို မေရီခင် သိသောအခါ မျက်စိမျက်နှာပျက်သွားလေသည်။

"သူ ဘယ်သွားတာလဲ"

"အမှတ်တမဲ့မို့ ကျွန်တော်တို့လည်း သတိမထားလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေသောအခါ မိုးဇာကိုပါ မတွေ့ရသဖြင့် လိုက်လံစုံစမ်းကြည့်သောအခါ ရွာသားတစ်ယောက်က ပြောသည်။

"မိုးချုပ်ကာစအချိန်လောက်က ဆရာလေးနဲ့မိုးဇာနဲ့ ဟိုတောဘက်ကို ထွက်သွားကြတာ မြင်လိုက်ရတယ်"

"ဟင်. . ."

ထိုစကားကြောင့် မေရီခင်မှာ များစွာတုန်လှုပ်သွားလေသည်။

"ဒီမိန်းမကတော့ ဆရာ့ကို ဒုက္ခပေးဖို့ ခေါ်သွားတာဖြစ်ရမယ်"

"ဆရာ့ကိုသာ ဒုက္ခပေးလို့ကတော့ ဒီမျောက်မကို တစ်စစီ ဖြစ်အောင် သတ်ပြမယ်"

"ဒါထက် အခုဘယ်လိုလုပ်ရင် ကောင်းမလဲ"

"အခုချက်ချင်း လိုက်သွားရမှာပေါ့"

"ဒီလောက်မှောင်နေတဲ့အချိန်မှာ တောထဲသို့ လိုက်လို့ သင့်မယ်မထင်ဘူး၊ မနက်လင်းတော့မှပဲ အားလုံးစုပြီးလိုက်သွားကြရင် ကောင်းမယ်"

မစ္စတာကက်နက်ကျော်က ဝင်ပြောသဖြင့် မနက်လင်းမှ သွားကြရန် သဘောတူကြလေသည်။

နောက်တစ်နေ့နံနက်စောစောမှာပင် ဒေါက်တာမင်းထင်ကျော်နှင့် အတူပါလာသော အဖွဲ့သားများအပြင် မေရီခင်





တို့သားအဖပါ လိုက်ကြလေသည်။

မစ္စတာကက်နက်ကျော်က ၎င်းကိုင်ဆောင်နေကျ ပြောင်းရှည်သေနတ်ကြီးကို ကိုင်ဆောင်လာသည်။

ထို့ပြင် ရွာထဲမှ တိုက်ခိုက်ရေးကောင်းသော လူအချို့လည်း လိုက်ကြသည်။

မျောက်ခေါင်းတောင်သို့ ရောက်သည့်အချိန်အထိ မျောက်များကိုတစ်ကောင်မှ မတွေ့ကြရပေ။

"သူတို့ ကိုမင်းထင်ကျော်ကို လှိုဏ်ထဲမှာ ရှိတဲ့ ဂူထဲကို ခေါ်သွားမှာ သေချာတယ်၊ အဲဒီဘက်ကို လိုက်ကြရမယ်"

ဟု ပြောကာ အောက်သို့ ဆင်းနိုင်မည့်လမ်းမှ လှိုဏ်အတွင်းသို့ ဆင်းကြလေသည်။

၎င်းတို့အဖွဲ့မှာ စုစုပေါင်း (၁၅)ယောက် ရှိပြီး သေနတ်(၇)လက်နှင့် ဓါးလှံလေးမြားတို့ ပါလာကြသည်။

လှိုဏ်အတွင်းသို့ ဝင်စမှာပင် ကမ်းပါးယံထိပ်မှ အောက်သို့ ငုံ့ကြည့်နေသော မျောက်အချို့ကို လှမ်းမြင်ရသည်။

ခဏကြာတော့ ၎င်းတို့ထံမှ အူ၍ အချက်ပေးသံများ ပေါ်ထွက်လာသည်။

"အူ. . . ဝူ. . ဝူ. ."

"အူ. . . ဝူ. . ဝူ. ."

အချက်ပေးသံများမှာ တစ်နေရာမှတစ်နေရာ ဆက်သွားပြီး ပဲ့တင်သံများ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အော်သံများက ပိုများလာသည်။

“မျောက်တွေ ရောက်လာပြီထင်တယ်”

“အားလုံး လက်နက်တွေကို အဆင်သင့် ပြင်ထားကြ၊ သေနတ်တွေကိုချည်း အားမကိုးကြနဲ့၊ အနားရောက်လာရင် ခုတ်ဖို့ထိုးဖို့ ဓါးလှံတွေကိုလည်း ပြင်ထားကြ”

ဦးဗန်ကောင်းက အော်ဟစ်သတိပေးလိုက်သည်။

လျှိုကြီးအတွင်းရောက်လာပြီး အလယ်လောက် ရောက်သောအခါ အပေါ်မှ သစ်ကိုင်းလှုပ်သံများကို အရင်ကြားရသည်။

သို့သော်လည်း သစ်ပင်သစ်ကိုင်းများက ထူထပ်စွာရှိနေသောကြောင့် အပေါ်မှ ဆင်းလာသော သတ္တဝါများကို မမြင်ရသေးပေ။ သစ်ပင်သစ်ကိုင်းများကတော့ လေးဘက်လေးတန်မှာ သဲသဲလှုပ်မျှ ရှိနေရာ အကောင်အရေအတွက် မနည်းလှကြောင်း ခန့်မှန်းမိကြသည်။

မေရီခင်နှင့် ပါလာသော အမဲလိုက်ခွေးကြီးနှစ်ကောင်ကလည်း စူးစူးဝါးဝါး ထိုးဟောင်နေကြသည်။

“တွေ့ကြပြီပေါ့ကွာ”

ဟု ပြောကာ သေနတ်များကို ကျည်ထိုးမောင်းတင်လိုက်ကြသည်။ လေးနှင့်မြား ပြင်သူက ပြင်ကြသလို ဓါးလှံများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်သူများကလည်း ကိုင်ထားလေသည်။





အတန်ကြာသောအခါ သစ်ကိုင်းများကြားမှ ခုန်ဆင်းလာသောမျောက်အုပ်ကြီးကို တွေ့ကြရသည်။

မျောက်အုပ်ကြီးက သူတို့ဝင်လာသောလမ်းဘက်မှ ခုန်ဆင်းလာကြခြင်းဖြစ်သည်။

တဗျောဗျောနှင့် ခုန်ဆင်းလာရာ လျှိုလမ်းတစ်ခုလုံး မျောက်များဖြင့် ပြည့်သွားလေတော့သည်။

ရာပေါင်းများစွာ များပြားသောမျောက်အုပ်ကြီးကို ကြည့်ပြီး အားလုံးမှာ မျက်လုံးပြူးသွားကြသည်။

ထိုမျှလောက် အရေအတွက် များပြားပြီး အကောင်အရွယ်အစား အကြီးအသေး စုံလင်လှသော မျောက်အုပ်ကြီးကို သူတို့တစ်သက် မမြင်ဖူးကြသေးပေ။

မျောက်အုပ်ကြီးက တခွီးခွီးနှင့် မာန်ဖီရင်း သွားများကို ဖြဲကာ ရှေ့သို့ ခုန်၍ခုန်၍တိုးလာကြသည်။

ထိုမျောက်အုပ်အတွင်းမှာတော့ မိုးဇာကို မတွေ့ကြရပေ။

သေနတ်သမားများကလည်း မျောက်များ အတော်နီးလာသည်အထိ စောင့်နေပြီး (၁၅)ပေခန့် ရောက်လာတော့မှ ပြိုင်တူ မောင်းဖြုတ်ချလိုက်တော့သည်။

“ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း”

သေနတ်သံများက ဆူညံထွက်သွားပြီး လျှိုကြီးတစ်ခုလုံး ပွဲတင်ထပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ် ပစ်ခတ်ရခြင်းကြောင့် မျောက်များမှာ အထွေးလိုက် အပုံလိုက် လဲကျသွားသည်။

ကျန်မျောက်များက အနည်းငယ်တော့ အံ့သြသွားကြသည်။

ထိုအခွင့်အရေးကို ယူကာ နောက်ထပ်ကျည်ဆံများ ပစ်လွှတ်ကြပြန်လေသည်။

"ကိုင်း. . . သေကြစမ်းကွာ"

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

ဒီတစ်ကြိမ်မှာလည်း ၎င်းတို့ဘက်မှ အသာစီး ရသွားပြန်သည်။ နှစ်ကြိမ်သုံးကြိမ်လောက် ပစ်ချလိုက်သောအခါ ကွိကွိကွကွ အော်ကာ သစ်ပင်များအပေါ်သို့ ပြန်တက်ပြေးသွားကြလေသည်။

အတန်ကြာသောအခါ မြေပြင်ပေါ်မှာ အသက်ရှင်နေသော မျောက်တစ်ကောင်မှ မရှိတော့ပေ။

သေနတ်ကျည်ဆံကြောင့် သေဆုံးလျက် ကျန်ခဲ့သော မျောက်အများအပြားကိုသာ တွေ့ရတော့သည်။

အတန်ကြာအောင် အခြေအနေ စောင့်ကြည့်သော်လည်း မထူးတော့မှ ရှေ့သို့ ဆက်ဝင်လာကြသည်။

ဒီတစ်ကြိမ်တော့ မျောက်များက နည်းဗျူဟာ ပြောင်းသွားကြခြင်းဖြစ်ပေသည်။

၎င်းတို့သည် လူများ သွားမည့်လမ်းတစ်နေရာရှိ





အပေါ်၌ ရှိသော သစ်ကိုင်းသစ်ရွက်များကြား၌ ပုန်းကွယ်နေပြီး အနားရောက်မှ တပြိုင်နက် ခုန်ချလာကြခြင်းဖြစ်သည်။

မမျှော်လင့်သော အခြေအနေကြောင့် သေနတ်များလည်း အသုံးချ၍မရတော့ပေ။

အားလုံးရှုပ်ထွေးနေသောကြောင့် လွတ်လွတ်လပ်လပ် ပစ်ခွင့်မသာတော့ပေ။

ထိုအခါ မျောက်နှင့်လူများမှာ လုံးထွေးကာ သတ်ပုတ်ကြရတော့သည်။

မျောက်များ၏အော်သံ၊ ခွေးများ၏မာန်ဖီသံ၊ ကိုက်ခဲသံ၊ လူတို့လက်ချက် မိသွားပြီး ငယ်သံပါအောင် အော်ဟစ်လိုက်သံ၊

မျောက်များ ကိုက်ခဲမှု ခံလိုက်ရသဖြင့် လူများ၏ အော်သံ စသည်တို့မှာ ငရဲပွက်သံအလား ဆူညံလျက်ရှိနေတော့သည်။

မျောက်များမှာ လူတစ်ယောက်ကို လေးငါးဆယ်ကောင် ဝိုင်းအုံ၍ကိုက်ခဲကြရာ အချို့လည်း ၎င်းတို့၏ကိုက်ခဲမှုကို မရှုမလှ ခံကြရသည်။

ထိုအခြေအနေမျိုးတွင် အသက်အရွယ်ကြီးပြီး ကျန်းမာရေးမကောင်းတော့သော မစ္စတာကက်နက်ကျော်မှာ လက်ထဲမှ သေနတ်ကို မျောက်များ လုယူသွားပြီး ကျောက်နံရံနှင့်ရိုက်ချိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်နက်မရှိတော့သော မစ္စတာကက်နက်ကျော်ကို ဝိုင်းဝန်းတိုက်ခိုက်ရာ မရှုမလှ သေဆုံးသွားလေတော့သည်။

ထိုမျှမကသေးဘဲ အပေါ်မှ နွယ်ကြိုးနှင့် ခိုဆင်းလာသော မျောက်ကြီးတစ်ကောင်က လူကြားထဲမှာ အထိတ်တလန့်ဖြစ်နေသော မေရီခင်ကို ပွေ့ယူကာ ချောက်ကမ်းပါးပေါ် ပြန်တက်သွားလေတော့သည်။

"အမယ်လေး. . . ကယ်ကြပါဦး"

ကျန်လူများမှာလည်း မိမိတို့အသက်ကို လုနေကြရသောကြောင့် သူမကို မကယ်နိုင်ကြပေ။

နောက်ဆုံးတော့ လက်နက်ရှိသောလူများက တပန်းသာကြပြီး ကျန်သောမျောက်များမှာ သစ်ပင်များအပေါ်သို့ ပြန်တက်ပြေးသွားကြသည်။

မြေပေါ်မှာတော့ မျောက်အသေကောင်များမှာ တောင်ပုံရာပုံ ကျန်ခဲ့လေသည်။

သွေးများမှာလည်း ရဲရဲနီလျှက်ရှိနေသည်။

သူတို့ဘက်မှာလည်း မစ္စတာကက်နက်ကျော်နှင့် ရွာသားသုံးယောက်တို့ သေဆုံးသွားကြသည်။

ထို့ပြင် အမဲလိုက်ခွေးနှစ်ကောင်မှာလည်း အရိုးများကြေမွကာ သေဆုံးသွားလေသည်။

ကျန်လူများမှာလည်း မျောက်များ၏ကိုက်ဖွဲ့ ကုတ်ခြစ်





သည့်ဒဏ်ရာများကြောင့် အဝတ်အစားများ စုတ်ပြဲကာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရကြလေသည်။

မျောက်ကိုက်ခံရသည့် ဒဏ်ရာများမှလည်း အဆိပ်များက တဖြည်းဖြည်း တက်လာတော့သည်။

သို့သော်လည်း ဂရုမစိုက်အားပဲ ရှေ့သို့ ဆက်သွားကြရာ နောက်ဆုံး ဂူနံရံကြီး ပိတ်နေသဖြင့် ရှေ့ဆက်သွား၍ မရတော့မှ ရပ်လိုက်ကြသည်။

ကျော်စွာက လက်ထဲမှ သေနတ်ကို ထောင်ဖောက်လိုက်သည်။

"ဒိုင်း. . "

ထိုသေနတ်သံ ပေါ်လာပြီး ခဏကြာတော့ ကျောက်နံရံတစ်နေရာမှ ပဲ့တင်ထပ်လာသော သေနတ်သံသဲ့သဲ့ကို ပြန်ကြားရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်အခြေအနေကို လိုက်ကြည့်လိုက်တော့ ဂူပေါက်ဝတစ်ခုကို ကျောက်တုံးကြီးတစ်တုံး ပိတ်နေသည်ကို တွေ့ရသဖြင့် သစ်သားကုပ်များဖြင့် ကော်ချလိုက်တော့မှ အောက်သို့ လိမ့်ဆင်းသွားလေတော့သည်။

ဂူပေါက်ပွင့်သွားသောအခါ အတွင်း၌ ဒေါက်တာမင်းထင်ကျော်ကို တွေ့ရသဖြင့် ဝမ်းသာသွားကြလေသည်။

ထိုအခိုက်မှာပင် အပေါ်မှ ကျောက်လုံးကြီးများ လိမ့်ဆင်းလာပြန်သဖြင့် ဂူအတွင်းသို့ ဝင်ပြေးကြရသည်။

ကျောက်တုံးကြီးများက စောစောက သူတို့ခိုနေသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ကျလာပြီး အောက်ဖက်သို့ လိမ့်ဆင်းကျသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့အဖွဲ့သားများကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ကြည့်ပြီး အခြေအနေ မေးသဖြင့် ကျော်စွာက အကြောင်းစုံကို ပြောပြရသည်။

"မေရီခင်ရဲ့အဖေနဲ့ ရွာသားသုံးယောက်တော့ သေသွားကြပြီ၊ မေရီခင်ကိုလည်း မျောက်တွေ ဖမ်းခေါ်သွားကြပြီ ဆရာ"

"ဟင်. . ."

"ဘယ်လိုလုပ်မလဲ ဆရာ"

"သူ့ကို ဖမ်းသွားတာ မိုးဇာဆိုတဲ့မျောက်မပဲဖြစ်ရမယ်၊ ဒီက ပြီးရင် လိုက်ရှာကြမယ်၊ အခုတော့ တလက်စထဲ ဂူထဲ ပြန်ဝင်ရအောင်"

ဟု ပြောကာ ဂူအတွင်းဘက်သို့ ပြန်ဝင်လာကြသည်။

ထိုသို့ဝင်လာရင်းမှ ဒေါက်တာမင်းထင်ကျော်က သူ့အတွေ့အကြုံများကို ပြန်ပြောပြလိုက်သည်။

နေ့ဘက် အလင်းရောင် ရသောအချိန်ပေမို့ ဂူကြီးအတွင်းပိုင်းရှိ မြင်ကွင်းများကို ကောင်းစွာမြင်တွေ့ကြရသည်။

ကျောက်ဂူနံရံများမှာ ရေညှိများ၊ နွယ်ပင်များ တက်နေသော်လည်း ထွင်းထုထားသော အရုပ်မျိုးစုံတို့ကို တွေ့ရသည်။

အများအားဖြင့်တော့ ကြောက်စရာကောင်းသောပုံပန်း





သဏ္ဌာန်များဖြစ်ကြသည်။

အချို့နံရံများတွင် ဂူပေါက်များ ရှိပြီး အပေါက်ဝ၌ အိမ်တစ်လုံး၏မျက်နှာစာပုံစံအတိုင်း ထွင်းထုထားသည်။

အတွင်းပိုင်း ရောက်တော့ ကျောက်ပလ္လင်ပေါ်၌ တင်ထားသော သလင်းကျောက် မျောက်ရုပ်ကလေးကို မြင်ရသောအခါ အားလုံးအံ့သြသွားကြလေသည်။

"ကျွန်တော်တို့ တွေ့တုန်းက သေနတ်နဲ့ လှမ်းပစ်တာ မီးမကူးတဲ့အရုပ်ဟာ ဒီအရုပ်ပဲ ဖြစ်မယ်ထင်တယ်"

ဟု ပေါက်ကျိုင်းက တုန်တုန်ရီရီအသံဖြင့် ပြောလေသည်။

"ဒါ သလင်းကျောက်နဲ့ ထုထားတယ်ဆိုပေမယ့် အထဲမှာ အမြုတေဓါတ် ကိန်းနေပုံရတယ်၊ မိုးဇာပြောပုံအရဆိုရင် အထဲမှာ မျောက်တွေရဲ့ဝိညာဉ်တွေ ကိန်းအောင်းနေပုံရတယ်"

"မျောက်ရုပ်ရဲ့လက်ထဲမှာ ကိုင်ထားတဲ့ ပတ္တမြားက မနည်းလှဘူး၊ အတော့်ကို တန်ဖိုးရှိမယ့်ပုံပေါ်တယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ဒီခရီးကို လာရကျိုးနပ်ပြီလို့ ဆိုရမှာပဲ"

"အတွင်းဘက်မှာ ကျောက်သွေးနဲ့ မသေဆေးပင်တွေ ရှိတယ်လို့ ပြောသွားတယ်၊ အတွင်းဝင်ကြည့်ကြရအောင်"

ဟု ပြောကာ အားလုံး အတွင်းပိုင်းသို့ ဝင်ခဲ့ကြသည်။

အတွင်းပိုင်းရောက်တော့ လူများ ပြုပြင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုး မတွေ့ရတော့ပဲ သဘာဝအတိုင်း အခြေအနေများကို တွေ့ရလေသည်။

ဂူအမိုးနံရံများနှင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်နေသော ကျောက်စွန်း၊ ကျောက်စွယ်များ ရှိပြီး သဘာဝအတိုင်း ဖြစ်နေသောအရုပ်များမှာ ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ ခြင်္သေ့ရုပ်များ ပုံသဏ္ဌာန် ရှိနေသလို သဘာဝအတိုင်း လူဦးခေါင်း ပုံသဏ္ဌာန် ဖြစ်နေသော ကျောက်သားများကိုလည်း တွေ့ကြရသည်။

ထိုကျောက်တုံးကျောက်ချွန်များမှ အနီရောင်ရေစက်များ တစ်စက်စက်နှင့် ကျနေလေသည်။

"ကျောက်သွေးတွေများ ဖြစ်နေရော့သလား"

ဦးဗန်ကောင်းက ထိုရေစက်များကို လက်ဖြင့် ခံကာ နမ်းကြည့်သည်။

"ကျောက်သွေးအစစ်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျောက်သွေးအနံ့တော့ ရနေတယ်၊ ဒီနေရာတစ်ဝိုက်မှာ ကျောက်သွေးထွက်တဲ့နေရာ တစ်နေရာတော့ ရှိမှာ သေချာတယ်"

ဟု မှတ်ချက်ချသည်။

အတွင်းပိုင်းရောက်သောအခါ တသွင်သွင် စီးနေသော စမ်းချောင်းငယ်တစ်ခုကို တွေ့ကြရသည်။

ထိုစမ်းရေများမှာလည်း အနီရောင်အဆင်း ကို ကေ ဂ





သည်။ စမ်းချောင်းအတိုင်း အတွင်းပိုင်းသို့ လိုက်ကြည့်သောအခါ ကျောက်တုံးကြီးနှစ်တုံးကြားမှ စိမ့်ထွက်နေသော ရေများကိုပါ တွေ့ရသည်။

"ဟာ. . . ဟိုမှာ ကျောက်သွေးတွေဟေ့"

ဦးဗန်ကောင်းက ဝမ်းသာအားရ လှမ်းပြောလိုက်သည်။

ဦးဗန်ကောင်း ညွှန်ပြသောနေရာသို့ ကြည့်လိုက်တော့ ကျောက်တုံးကြီးတစ်တုံး၏အက်ကွဲကြောင်းအတွင်းမှ သွေးရည်ကဲ့သို့ အနီရောင်အရည်များက စိမ့်ကျနေသည်။

တစ်စက်ချင်း ကျနေသော ကျောက်သွေးများက အောက်ဘက်ရှိ ကျောက်ခွက်အတွင်းသို့ ကျနေရာ ကျောက်ခွက်အတွင်း၌ ကျောက်သွေးများ ပြည့်နေလေသည်။

ဦးဗန်ကောင်းက အနားသို့ သွားကာ လက်ဖြင့် တို့၍ အရသာခံကြည့်လိုက်သည်။

"ဒါ ကျောက်သွေးအစစ်ပဲ၊ တဝသာ ခပ်သောက်ကြဟေ့"

ဟု ဝမ်းသာအားရ ပြောပြီး သူလည်း ခပ်သောက်လေရာ ကျန်အဖွဲ့သားများလည်း ဝမ်းသာအားရဖြင့် ကျောက်သွေးများကို တစ်ယောက်တစ်ခွက် ခပ်သောက်ကြသည်။

ကျောက်သွေး၏အရသာမှာ အေး၍ ချိုမြမြလေး နှင့်သည်။ ဝမ်းထဲသို့ ရောက်သွားသည်နှင့် အေးစိမ့်သွားသည်။

ကျောက်သွေးတစ်ခွက် သောက်လိုက်ရုံနှင့် ကုန်သွား



www.burmeseclassic.com

www.burmeseclassic.com



သော ခွန်အားများ ပြည့်လာပြီး မောပန်းမှုများ ပြေပျောက်သွားတော့သည်။ ထိုနေရာတဝိုက်ရှိ မြေပြင်ပေါ်မှာလည်း ထူးဆန်းသောအပင်တစ်ချို့ ရှိရာ ဦးဗန်ကောင်းက အသေအချာကြည့်ပြီးနောက်. . .

"ဟား. . . ဒါ တခြားမဟုတ်ဘူး၊ မသေဆေးလို့ ခေါ်တဲ့ အဆက်ကလူစီ ဆေးပင်တွေဟ၊ ဟန်ကျတာပဲ၊ စောစောက မျောက်ကိုက်ခံရလို့ ဒဏ်ရာရပြီး အဆိပ်တက်နေတဲ့သူတွေ ဒီအရွက်ကို နည်းနည်းဝါးစားလိုက်၊ ပြီးရင် ဒီအရွက်တွေကို ကျောက်တုံးနဲ့ ထုချေပြီး အနာပေါ်မှာ အုံထားလိုက်ရင် ချက်ချင်းသက်သာသွားလိမ့်မယ်"

ဟု ပြောသဖြင့် အဆက်ကလူစီဆေးပင်များကို ဝါးစားသူကစား၊ ထုထောင်း၍ အနာပေါ် အုံသူကအုံကြရာ အတန်ကြာသောအခါ မျောက်ကိုက်သည့်ဒဏ်ရာမှ တဖျင်းဖျင်း တက်နေသောအဆိပ်များမှာ သိသိသာသာကြီး လျော့ကျသွားလေတော့သည်။

ထို့နောက်. . .

အဖွဲ့သားများလည်း ရေအိတ်များကို သွန်၍ ကျောက်သွေးထည့်သူက ထည့်ကြသည်။

အချို့ကလည်း အဆက်ကလူစီ ခေါ် အသက်ရှည်ဆေးပင်များကို ရသမျှ နှုတ်ယူကြလေတော့သည်။

ပေါက်ကျိုင်းက. . .





"ကျွန်တော့်အတွက်က ကျန်တာတွေ မလိုပါဘူး၊ ဒီဆေးပင်ရတာနဲ့တင် ကျေနပ်ပါပြီ"


ဟု ဝမ်းသာအားရ ပြောလေသည်။

အားလုံးကိစ္စပြီး၍ အပြင်ပြန်ထွက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က သလင်းကျောက်ရုပ်ကလေးကို လွယ်အိတ်ထဲသို့ ထည့်ကာ ယူဆောင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၇)

## အတွာအကျဉ်းသားတဝ

တကယ်တော့ မျောက်များမှာ နောက်သို့ ဆုတ်သွားကြသည်ဆိုသော်လည်း လုံးလုံးဆုတ်သွားခြင်း မဟုတ်ဘဲ သူတို့သွားမည့်လမ်းတစ်လျှောက်မှ စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူတို့သွားရာလမ်းတလျှောက်မှာ မကြာခဏ ဝင်ရောက်တိုက်ခိုက်ရာ သက်စွန့်ဆံဖျား ပြန်လည်တိုက်ခိုက်ကြရသည်။

မျောက်များမှာ လူတစ်ယောက်ကို တိုက်ခိုက်တော့မည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် တစ်ကောင်ချင်း မတိုက်ခိုက်ပဲ လေးငါးဆယ်ကောင် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

၎င်းတို့၏အဓိက လက်နက်ကတော့ ချွန်ထက်သော အစွယ်နှင့်သွားများဖြစ်သည်။

ချန်ပန်ဇီကဲ့သို့ အကောင်ကြီးသော မျောက်ကြီးများကတော့ သစ်ကိုင်းများကို တုတ်အဖြစ် အသုံးပြုကာ ရိုက်နှက်၍ သော်လည်းကောင်း၊ ကျောက်တုံးများဖြင့် ပစ်ပေါက်၍သော် လည်းကောင်း တိုက်ခိုက်ကြလေသည်။

၎င်းအကောင်ကြီးများကိုတော့ သေနတ်ဖြင့် တိုက်ခိုက်ရသည်။

အကောင်ဘယ်လောက်ကြီးကြီး သေနတ်ကျည်ဆံဖြင့် တစ်ချက်ထိမှန်ပါက လဲကျသေဆုံးသွားကြသည်။

ထို့အတွက် သူတို့ဘက်မှ တပန်းသာနေလေသည်။

အလင်းရောင် မရှိသော အမှောင်ရိပ်များအတွင်း၌ သော်လည်းကောင်း၊ သစ်ပင်တောအုပ်များ ထူထပ်သည့်နေရာ မှာသော်လည်းကောင်း တိုက်ခိုက်ရသည့်အခါ အခက်အခဲတော့ ရှိကြလေသည်။

မျောက်များမှာ သစ်ပင်များအပေါ်တက်သွားသည်နှင့် ချက်ချင်းပျောက်ကွယ်သွားလေသည်။

အမှောင်ရိပ်အတွင်းမှ တဝင်းဝင်းတလက်လက်နှင့် ဒေါသထွက်နေသော ၎င်းတို့၏မျက်လုံးများကိုတော့ တွေ့မြင်ရ





သည်။

မျောက်များသည် အခွင့်သာသည်နှင့် ဝင်တိုက်လိုက်၊ အခွင့်မသာသည်နှင့် ပြေးသွားလိုက် လုပ်နေကြရာ တဖြည်း ဖြည်းနှင့် တောင်ကြားလမ်းတစ်ခုသို့ ရောက်လာကြသည်။

ထိုနေရာတွင် ကျောက်ဆောင်နံရံများ ကာရံထားသော ရေစီးကြောင်းတစ်ခု ရှိသည်။

တောင်နံရံများအပေါ်မှာတော့ များစွာသောမျောက် များ ရှိနေသည်ကို တွေ့ရသဖြင့် အပေါ်မှ ကျောက်တုံးကျောက် ခဲများ ပစ်ချမည်ကို သတိထားနေကြရသည်။

ထိုနေရာအရောက်မှာတော့ မျောက်အုပ်ကြီးအလယ်၌ ဆံပင်ဖားလျားချကာ ကြောက်မက်ဖွယ်ပုံသဏ္ဍာန်ဖြစ်နေသော လူစင်စစ်က မျောက်စိတ်ဝင်နေသော မိုးဇာကို လှမ်းမြင်ရသည်။

သူသည် မျောက်အုပ်ကြီးကို စီမံကွပ်ကဲနေပုံရသည်။

ဒေါက်တာမင်းထင်ကျော်တို့ လျှိုထဲ ဝင်လာသောအခါ သူက အပေါ်မှ ငုံ့ကြည့်နေသည်။

"အားလုံးသတိထားကြ၊ အပေါ်မှာ မျောက်စိတ်ဝင်နေ တဲ့မိန်းမ ရှိနေတယ်"

ဟု သတိပေးလိုက်သည်။

ပြောပြ၍မှမဆုံးမီ အပေါ်ဘက်မှ မိုးဇာ၏ကျယ်လောင် သော အော်ဟစ်သံကြီး ကြားလိုက်ရပြီး ကျောက်တုံးကျောက်ခဲ ကြီးများ ကျဆင်းလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ သတိရှိကြသဖြင့် ကျောက်တုံးကြီးများ ကျလာသည်နှင့် ကျောက်နံရံဘေးမှ ကပ်နိုင်သမျှ ကပ်ကာ ထိုနေရာမှ လွတ်အောင် ပြေးကြလေသည်။

အကယ်၍သာ ထိုနေရာတွင် ဆက်နေပါက အရှိန်ဖြင့် ခုန်ဝင်လာသော ကျောက်တုံးကြီးများနှင့် ထိခိုက်မိမှာ သေချာလှသည်။ လှိုအတိုင်း ဆက်သွားကြပြီး တစ်နေရာ ရောက်တော့ တောင်ကြောပေါ် ပြန်တက်ရာ ထိုနေရာတွင်လည်း အပေါ်မှ ကျောက်တုံးကြီးများ လိမ့်ချကာ တိုက်ခိုက်ပြန်သဖြင့် ဘေးလွတ်ရာသို့ အလျင်အမြန် ရှောင်တိမ်းကြရသည်။

ကျောက်တုံးကြီးများမှာ အပင်ကြီးသောသစ်ပင်များကို အရှိန်ဖြင့် တဒိုးဒိုး ဝင်ဆောင့်ပြီး အပင်သေးသောသစ်ပင်များကို စေ့စေ့ညက်ညက် ကြေအောင် ဖိကြိတ်ပြီး လှိုထဲသို့ လိမ့်ဆင်းသွားကြသည်။

ဒေါက်တာမင်းထင်ကျော်တို့က အကာအကွယ်ရသော နေရာရောက်သောအခါ အပေါ်မှ ကျောက်တုံးလိမ့်ချနေသော မျောက်ကြီးများကို သေနတ်ဖြင့် လှမ်းပစ်ရာ အတော်များများ ထိမှန်သွားလေသည်။

အတန်ကြာတော့ ကျောက်တုံးကြီးများ ရပ်တန့်သွားသည်။

ထိုအခါ အပေါ်သို့ ရောက်အောင် အလျင်အမြန် တက်





ကြရသည်။

တောင်ကုန်းပေါ်သို့ ရောက်သောအခါ အသင့်စောင့်ကြိုနေသော မျောက်ကြီးများဖြင့် သူသေကိုယ်သေ တိုက်ခိုက်ကြရပြန်သည်။

ထိုတိုက်ပွဲမှာတော့ မိုးဇာကို မတွေ့ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်တို့နှင့် ပါလာသော နာဂများ၏လှံရှည်များကလည်း မျောက်အတော်များများကို အထိနာစေသည်။

အချို့က ကပ်ပါးဟု ခေါ်သော ရဲဒင်းကြီးများဖြင့် တစ်ကောင်ပြီးတစ်ကောင် ခုတ်ချနေသည်။

မျောက်များကလည်း လူတစ်ယောက်ကို ဖမ်းမိသွားလျှင် ဝိုင်းအုံလာပြီး တစ်စစီဖြစ်အောင် ကိုက်ဖဲ့ဆုတ်ဖြဲပစ်လေသည်။

နောက်ဆုံးတော့ မျောက်များမှာ ဘယ်လိုမှ မတတ်နိုင်ကြတော့ဘဲ သစ်ပင်များအပေါ်သို့ တက်ပြေးကြလေတော့သည်။

မြေပြင်မှာတော့ သေဆုံးနေသော မျောက်များက မရေတွက်နိုင်အောင် များပြားလှပေသည်။

ထိုအချိန်မှာ လူတစ်ယောက်က မိုးဇာ ထွက်ပြေးသွားသည်ကို လှမ်းမြင်လိုက်ရသည်။

"ဟိုမှာ သူထွက်ပြေးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကေန္တ သူ မေရီခင်ကို ဝှက်ထားတဲ့ဆီကို ပြေးတာပဲ ဖြစ်ရမယ်၊ သူ့နောက်ကို လိုက်ကြစို့"

"သူ မေရီခင်ကို ဒုက္ခများ ပေးလေမလား"

"သူက မေရီခင်အပေါ် သံယောဇဉ်ကြီးလွန်းလို့ အခုလို လုပ်ထားတာဆိုတော့ သတ်တော့ မပစ်တန်ပါဘူး"

ဟု ပြောဆိုကာ စမ်းချောင်းကလေးအတိုင်း အထက်သို့ တက်လိုက်ကြလေတော့သည်။

စမ်းချောင်းဆုံးသောအခါ ဆန်းကြယ်သောမြင်ကွင်း တစ်ခုကို လှမ်းမြင်ရသည်။

တစ်နေရာတွင် ကျောက်တောင်၊ ကျောက်ခါးပန်းများ ဝိုင်းရံလျက်ရှိပြီး ခန်းမသဖွယ် ရှိနေလေသည်။

လူသားတို့ ပြုလုပ်ထားသကဲ့သို့ သဘာဝအတိုင်း ဆန်းကြယ်စွာ ရှိနေသောနေရာကို မြင်တွေ့ရသောအခါ များစွာအံ့သြကြလေသည်။

ကျယ်ဝန်းလှသည့်အပြင် နံဘေးပတ်လည်ရှိ နံရံများသည် ပေတစ်ရာမှ နှစ်ရာအထိ မြင့်တက်နေသော မတ်စောက်လှသည့် ကျောက်ဆူးကျောက်ခက်များ ဖြစ်လေသည်။

ယင်းသို့ ကျောက်သားများ၊ ကျောက်ခက်များဖြင့် ပတ်လည် ဝန်းရံကာဆီးထားသော ဟင်းလင်းပြင်အတွင်းသို့ ဝင်ရောက်သွားမိလျှင် ကြမ်းပြင်သည် တပြေးတည်း ညီညာပြန့်ပြူးလျက်ရှိနေသည်။





ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေသော်လည်း ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရသဖြင့် ရှေ့သို့ ဆက်လက်တက်လာကြရာ ကျောက်သားခန်းမဆောင်ကြီး၏ထိပ်ပိုင်းဘက်သို့ ရောက်သွားကြသည်။ ရှေ့တည့်တည့်တွင် ကျောက်နံရံကြီးတစ်ခု ရှိပြီး မြေကြီးအတွင်းသို့ နိမ့်ဝင်နေသည်။

ထိုနေရာတွင် မြက်ပင်၊ ခြုံပုတ်၊ ရေညှိများ၊ နွယ်ပင်များ ကွက်တိကွက်ကြားပေါက်နေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာတဝိုက် လျှောက်ရင်း အသံကုန် အော်ခေါ်ကြည့်သည်။

"မေရီရေ. . . မေရီ မင်းဘယ်မှာလဲဟေ့"

တောင်နံရံမှ ပဲ့တင်သံများသာ ပြန်ကြားရသည်။

အခြားနေရာမှ တုံ့ပြန်သံတော့ မကြားရပေ။

စိတ်မလျှော့သေးဘဲ နောက်တစ်ကြိမ် အော်ကြည့်လိုက်တော့ တစ်နေရာဆီမှ တုံ့ပြန်သံလိုလို ကြားရသည်။

ထို့ကြောင့် အားတက်သွားပြီး လိုက်လံဟစ်အော်ကြည့်သောအခါ ကျောက်တုံးများကြားမှ မသဲမကွဲ အသံအချို့ကို ကြားနေရသည်။ ထိုနေရာကို ကြည့်တော့လည်း ရေညှိ၊ ရေမှော်ပင်များ တက်နေသော ကျောက်တုံးကြီးများကိုသာ တွေ့နေရသည်။

ဒေါက်တာမင်းထင်ကျော်က အသံကြားရာတဝိုက်သို့ လှံရှည်နှင့် လိုက်လံထိုးကြည့်သောအခါ တစ်နေရာရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ အတွင်းသို့ ကျွံဝင်သွားလေသည်။

ထိုနေရာမှ ခြုံနွယ်များကို ဖယ်ကြည့်သောအခါ အပေါက်ဝတစ်ခုကို ပိတ်ဆို့ထားသော ကျောက်တုံးကြီးတစ်တုံးကို တွေ့ရလေသည်။

ကျောက်တုံးနှင့် အပေါက်ဝမှာ အံဝင်ခွင်ကျ ရှိနေရုံမက နွတ်ခမ်းသားများကို ခြုံနွယ်များဖြင့် ကာဆီးထားသောကြောင့် တော်ရုံနှင့် ရှာမတွေ့နိုင်သောနေရာဖြစ်သည်။

ထို့နောက်တွင် လူအား၊ ကုပ်အားဖြင့် ပိတ်ထားသော ကျောက်တုံးကြီးကို ဖယ်ရှားပစ်ရသည်။

ကျောက်တုံးကြီး လိမ့်ကျသွားသောအခါ အတွင်းသို့ ဝင်သော ဂူပေါက်ဝတစ်ခုကို တွေ့ကြရသည်။

ထိုဂူပေါက်အတိုင်း ဝင်သွားသောအခါ အဆုံး၌ ပုလင်းပုံသဏ္ဌာန် ဂူပေါက်ဝတစ်ခုကို ထပ်မံတွေ့ရပြန်သည်။

ထိုဂူအတွင်းသို့ ဝင်သွားသောအခါမှ ကျောက်စင်တစ်ခုပေါ်မှာ အဝတ်များကို ပတ်လျက် မှိုထိုင်နေသော မေရီခင်ကို တွေ့ရလေတော့သည်။

"မေရီ. ."

ဝမ်းသာအားရ ခေါ်၍ အနီးသို့ သွားကြည့်သောအခါ ခြေနှင့်လက်တို့ကို နွယ်ကြိုးများနှင့် ချည်နှောင်ထားသည်ကို တွေ့ရသဖြင့် အလျှင်အမြန် ဖြေပေးလိုက်သည်။

ထိုအခါမှပင် မေရီခင်၏မျက်နှာကို ကောင်းစွာမြင်တွေ့





ရသည်။

သူမမျက်နှာမှာ ငိုကြွေးထားဟန်ရှိပြီး အတန်ငယ်ချောင်ကျနေလေသည်။

အဝတ်အစားများမှာ စုတ်ပြတ်ပြဲထွက်နေပြီး ဆံပင်တို့မှာလည်း ဖွာလန်ကျဲနေသည်။

"မေရီ. ."

"မောင်. ."

ဟု တစ်ခွန်းသာ ခေါ်နိုင်ပြီး သတိမေ့သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း မေရီခင်ကို ပွေ့ချီကာ အပြင်ဘက်သို့ ခေါ်ခဲ့လေသည်။

အပြင်ဘက်၌ အမှောင်ရိပ်များ သန်းနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com







အခန်း (၁၈)

# လှူဝင်စားနိဒါန်း

မေရီခင်မှာ ကြောက်ရွံ့မှုများနှင့် ကြုံတွေ့ခဲ့ရသည့် အပြင် သူမ၏ဖခင်ကြီးမှာလည်း ပျောက်များလက်ချက်ဖြင့် သေဆုံးသွားရသဖြင့် ကြေကွဲဝမ်းနည်းမဆုံး ရှိနေလေသည်။

ထိုနေ့ညက ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးနေသောကြောင့် ခရီးမဆက်ပဲကြသဖြင့် ကျောက်ဂူအဝမှာပင် စခန်းချနေကြရသည်။

ဒေါက်တာမင်းထင်ကျော်က မေရီခင်ကို အတန်ငယ်



www.burmeseclassic.com

www.burmeseclassic.com



သတိရလာအောင် အချိန်အတော်ကြာအောင် ပြုစုပေးမှ ထူထူထောင်ထောင် ပြန်ဖြစ်လာသော်လည်း ဖခင်ကြီးအတွက် ပူဆွေးသောကရောက်နေရှာသည်။

"ဒီမကောင်းတဲ့မိစ္ဆာမကို သနားမိတာနဲ့ အခုလို ဒုက္ခတွေနဲ့ တွေ့ခဲ့ရတာပဲ၊ သူ့ကို ခေါ်ထားမိလို့ အခုလို အဖြစ်ဆိုးတွေနဲ့ ကြုံရတာပဲ၊ ဒက်ဒီသေရတာလဲ သူ့ကြောင့်ပဲ၊ တကယ်လို့ မောင်တို့ကသာ ကျွန်မကို မကယ်နိုင်ခဲ့ရင် ကျွန်မလဲ ကျောက်ဂူထဲမှာ သေရမှာ အမှန်ပဲ"

ဟု တဖွဖွ ပြောနေလေသည်။

"ဒါတွေကို မတွေးပါနဲ့တော့ကွယ်၊ မေရီ ကျန်းမာရေးကောင်းအောင်သာ ဂရုစိုက်ပါ၊ မနက်လင်းလို့ ဒီကပြန်ရင် မေရီ့အဖေရဲ့အလောင်းကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ခဲ့ကြတာပေါ့"

"အဖြစ်ဆိုးလိုက်တာ ဒက်ဒီရယ်၊ ကျွန်မအတွက်ကြောင့် အခုလိုဖြစ်ရတာပါ"

သူမသည် တဖွဖွ ရေရွတ်ရင်း မျက်ရည်များ ကျနေလေသည်။

ထိုနေ့ညက မီးပုံကြီးများ ဖိုထားပြီး တစ်ညလုံး သတိဖြင့် စောင့်နေကြသော်လည်း မျောက်များကတော့ တစ်ကောင်တစ်လေမှ ရောက်မလာကြပေ။

နောက်တစ်နေ့ နံနက်လင်းတော့ ရွာသူရွာသားများ





လိုက်လာကြသည်။ ၎င်းတို့တွင် လေးမြားဓါးလှံလက်နက်များပါလာရာ အကယ်၍ မျောက်များ ထပ်ရောက်လာလျှင်လည်း မပူပန်ရတော့ပေ။

အပြန်မှာတော့ မစ္စတာကက်နက်ကျော် အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ခဲ့ကြလေသည်။

ရွာသို့ ပြန်ရောက်သောအခါ မိမိတို့နေရပ်သို့ ပြန်ရန်ဝါးဖောင်များ ပြုလုပ်ကြလေသည်။

ရွာသူရွာသားများကတော့ မစ္စတာကက်နက်ကျော် မရှိတော့သော်လည်း မေရီခင်ကို ထိုရွာ၌ပင် ဆက်နေစေချင်ကြသည်။

သို့သော်လည်း မေရီခင်က အကျိုးအကြောင်းကို ပြောပြပြီးနောက် ၎င်းတို့ ပိုင်ဆိုင်သောပစ္စည်းများကို ရွာသူရွာသားများအား ခွဲပေးလိုက်လေသည်။

သူတို့ပြန်ကာနီးသောအခါ တာဘိုးဝါးနှင့် ပေါက်ကျိုင်းတို့က ဤသို့ပြောလေသည်။

"ကျွန်တော်တို့ကတော့ နာဂရွာကို ပြန်မလိုက်တော့ဘူး၊ ဒီရွာမှာပဲ နေခဲ့တော့မယ်၊ ဒီမှာက အေးချမ်းမှုလည်း ရှိတယ်၊ အစားအသောက်လည်း ပေါတယ်"

"နောက်ပြီး ရောဂါဖြစ်မှာလည်း မပူပန်ရတော့ဘူး၊ တကယ်လို့ ရောဂါဖြစ်ရင်လည်း ကျောက်သွေးနဲ့ မသေခင်ကပင်က အလွယ်တကူ ရနိုင်တယ်၊ ဒါကြောင့် မပြန်တော့ဘူး၊ ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ကြတော့မယ်"

ဟု ပြောကြလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သူ့လည်ပင်းမှာ ဆွဲထားသော ဇာဂလိ ပေးထားသည့် ကျားနက်ရုပ်ကလေးကို ဖြုတ်လိုက်သည်။

"ပေါက်ကျိုင်း. . . မင်းရဲ့ကျေးဇူး ငါ့အပေါ်မှာ အများကြီးရှိတယ်၊ မင်းကြောင့် ငါ့ရဲ့ချစ်သူနဲ့ ပြန်တွေ့ကြရတာ၊

ဒါကြောင့် ဒီအရုပ်ကလေးကို ငါပေးထားခဲ့မယ်၊

အန္တရာယ်ကြုံလာတဲ့အခါမှာ ဒီအရုပ်ကလေးက မင်းကို အကူအညီပေးလိမ့်မယ်၊ စောင့်ရှောက်ပေးလိမ့်မယ်"

ဟု ပြောပြီး ပေါက်ကျိုင်းလက်ထဲသို့ ထည့်ပေးလိုက်ရာ ပေါက်ကျိုင်းကလည်း ဝမ်းသာအားရ လက်ခံယူလေသည်။

"ကျေးဇူးပါပဲ ဆရာရယ်"

နောက်တစ်ပတ်ခန့် ကြာသောအခါ ကိုးလောင်းမြစ် အတိုင်း စုန်ဆင်းရန် ဝါးဖောင်လည်း ပြုလုပ်ပြီးသွားကြသည်။

ဖောင်ပေါ်တွင် စားနပ်ရိက္ခာအချို့ကိုလည်း တင်ကြသည်။

ဒေါက်တာမင်းထင်ကျော်အိတ်ထဲ၌ သလင်းကျောက် မျောက်ရုပ်နှင့် ပတ္တမြားကြီး ပါလာပြီး ဦးဇန်ကောင်း၊ ကျော်စွာ၊ စောထီး၊ ငမဲအောင်တို့မှာတော့ ကျောက်သွေးနှင့် အဆက်ကလူစီ ခေါ် အသက်ရှည်ဆေးပင်များ ယူဆောင်လာကြလေသည်။





နောက်တစ်ရက် ဖောင်စုန်သောအခါ ပေါက်ကျိုင်း၊ တာဘိုးဝါးနှင့် ၎င်း၏သမီးလေးပါတေးတို့အပြင် နာဂရွာမှ ရွာသူရွာသားများက ကမ်းစပ်မှာ လာရောက်နှုတ်ဆက်ကြလေသည်။

ကိုးလောင်းမြစ်မှာ အဖျားပိုင်းက ကျဉ်းသောကြောင့် ဖောင်နှစ်ပြန် သုံးပြန်စာခန့်ပင် ကျယ်လေသည်။

သို့သော်. . .

ရေစီးအရှိန်အားကတော့ ကောင်းလှသည်။

ဖောင်ကို ဖြောင့်အောင် ထိန်းပေးရုံမှလွဲပြီး ဘာမှ လုပ်စရာ မလိုဘဲ တရိပ်ရိပ်နှင့် သွားနေလေသည်။

"ဟို. . ဟိုမှာ. . "

ကြည့်လိုက်တော့ သစ်ပင်သစ်ကိုင်းများကို ဆွဲ၍ လိုက်လာသောသတ္တဝါမှာ အခြားမဟုတ်ဘဲ လူစင်စင်မှ မျောက်စိတ်ဝင်နေသော မိုးဇာဖြစ်ကြောင်း တွေ့ကြရသည်။

မိုးဇာကို မြင်တော့ သူနှင့်အတူ အခြားမျောက်များပါ ပါလာသည်ထင်သဖြင့် သေနတ်များ အဆင်သင့် ပြင်လိုက်ကြသည်။

မိုးဇာမှာ ဖောင်၏အရှိန်ကို မီအောင် ကမ်းစပ်မှ ပြေးလိုက်ရသောကြောင့် သစ်ပင်သစ်ကိုင်းများနှင့် တိုက်မိကာ အလဲလဲအပြိုပြို ဖြစ်နေလေသည်။

သို့သော်လည်း မကျန်နေခဲ့ပဲ မီအောင်ပြေးလိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်လို့ နောက်က လိုက်လာတာလဲ"

"ကြည့်ရတာတော့ တစ်ခုခု လှမ်းပြောနေသလိုပဲ"

"သူ့ကိုပါ ခေါ်သွားဖို့ ပြောနေတာ ထင်တယ်"

ဒေါက်တာမင်းထင်ကျော်က မေရီခင်ကို ကြည့်ပြီး. . .

"ဘယ်လိုလုပ်မလဲ မေရီ"

ဟု မေးလိုက်သည်။

"အို. . သူ့ကို ခေါ်လို့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး၊ သူ့ကြောင့် ဒက်ဒီလည်း သေရပြီ၊ ကျွန်မလည်း ဒုက္ခဆင်းရဲ ခံခဲ့ရပြီးပြီ၊ ဘယ်လိုအကြောင်းနဲ့မှ သူ့ကို ခေါ်လို့မဖြစ်တော့ဘူး"

ဟု အပြတ်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း လက်လျှော့လိုက်ကြရသည်။

ရေစီးအရှိန်က ကောင်းလှသောကြောင့် အရှိန်မှာ မြန်လှသဖြင့် မိုးဇာမှာ အားကြိုးမာန်တက် ပြေးလိုက်လာသော်လည်း တဖြည်းဖြည်းနှင့် ဝေးကွာလာသည်။

ကိုးလောင်းမြစ်ကွေ့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့ဖောင်က မြစ်အကျယ်သို့ ရောက်သွားကြသည်။

ထိုနေရာတွင် မြစ်ခွဲရှိနေသဖြင့် သူတို့ဖောင်က ယာဘက်သို့ ချိုးကွေ့ခဲ့ကြသည်။

ထိုနေရာတွင် ချောက်ကမ်းပါးအမြင့်ကြီးတစ်ခု ရှိနေရာ မိုးဇာက ထိုချောက်ကမ်းပါးထိပ်ပေါ်သို့ တက်ကာ တရွေ့ရွေ့ ဝေးသွားသော ဖောင်ကလေးကို မျှော်ကြည့်နေသည်။



BURMESE CLASSIC .com



"ကျွန်မကို ခွင့်လွှတ်ပါတော့ အစ်မလေးရယ်၊ တကယ်တော့ ကျွန်မဘဝဟာ မကောင်းခဲ့ပါဘူး၊ စိတ်ရိုင်းတွေ ဝင်တဲ့အချိန်မှာ အစ်မလေးတို့ မိသားစုတွေကို ဒုက္ခပေးခဲ့မိပါတယ်၊

ကျွန်မအတွက်ကြောင့် ကျေးဇူးရှင်ကြီးလဲ သေခဲ့ရပြီ၊

ကျွန်မ အတ္တကြီးခဲ့မိလို့ အခုလို မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ၊ ကျွန်မရင်ထဲက တစ်ခုတည်းသောဆန္ဒက အစ်မလေးနဲ့ တစ်သက်လုံး အမြဲအတူတူ နေချင်တာပါပဲ၊

ဒါပေမယ့် နေခွင့်မရခဲ့ပါဘူး၊

ကျွန်မကို ခွင့်လွှတ်ပါတော့ အစ်မလေးရယ်၊

ကျွန်မ အစ်မလေးနဲ့ ခွဲပြီးမနေချင်တော့ပါဘူး၊

ဒီဘဝမှာ နေခွင့်မရခဲ့ရင်တောင် နောင်ဘဝမှာ အစ်မလေးတို့နဲ့ အတူတူ နေခွင့်ရပါစေလို့ပဲ ကျွန်မဆုတောင်းလိုက်ပါ့မယ်"

ဟု တတွတ်တွတ် ပြောဆိုကာ ချောက်ကမ်းပါးမှ ရေစီးသန်လှသော ဝဲဂယက်အတွင်းသို့ ခုန်ချလိုက်လေတော့သည်။

ထိုမြင်ကွင်းကိုတော့ ဒေါက်တာမင်းထင်ကျော်တို့ မမြင်ရတော့ပေ။

ထို့နောက်. . .

နှစ်အနည်းငယ်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် မေရီခင်တို့မှာ သမီးဦးလေး မွေးလာခဲ့သည်။

ထိုကလေး၏မျက်နှာမှာ မိုးဇာမျက်နှာနှင့်ဟာထေရာ



www.burmeseclassic.com

www.burmeseclassic.com



တည်း တူပြီး အမွှေးအမျှင်အချို့လည်း ပါလာလေသည်။

ထိုကလေးသည်. . . သေဆုံးသွားခဲ့သော မိုးဇာတစ်ယောက် ဝင်စားသလားဆိုတာကိုတော့ အတပ်မပြောနိုင်ကြပါချေ။

သံသရာခရီးတလျှောက်တွင် ဝိညာဉ်လောကနှင့် ပတ်သက်မှုများက ဆန်းကြယ်လှပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(အချစ်သွေးနှင့်ဝင့်ကြွေးကြမ္မာ) ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံး သတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဃာဟောတု သုခိအတ္တာနံ ပရိဟာရန္တု။

BURMESE CLASSIC .com

တိုးသစ်

တပြီးချိန် ။ ။ (၂၀၀၈)ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်၊
ကြာသပတေးနေ့၊ညနေ(၄း၃၀)နာရီ။

☺ **အောင်မြင်စာပေ** ☺

www.burmeseclassic.com

www.burmeseclassic.com

၈ နှို ၇ ထန်း ကြွယ် လုံး ချင်း ဝ တ္တု ဆစ်

အောင်မြင်စာပေ

# တြိုသံ

## အချစ်သွေးနှင့် ဝဋ်ကြွေးကြမ္မာ



ရှုနေဒ်လ်.ဝ၅.

BURMESE CLASSIC .com

www.burmeseclassic.com